ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်၊ စနေနေ့ (20-6-2015) (၈၂၃၇)

**မျက်မှောက်လောက ကြီးပွားကြောင်း တရားလေးပါး**

- ✳ ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လဝီရိယနှင့် ပြည့်စုံမှု၊
- ✳ အာရက္ခသမ္ပဒါ - စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊
- ✳ ကလျာဏမိတ္တတာ - မိတ်ဆွေကောင်းရှိမှု၊
- ✳ သမဇီဝိတာ - မျှတစွာ အသက်မွေးမှု။

**မိုးရွာသွန်းမှု**

| | |
|---|---|
| ဟုမ္မလင်း | ၂ ဒသမ ၆၇ လက်မ |
| ပေါင် | ၂ ဒသမ ၆၇ လက်မ |
| သထုံ | ၂ ဒသမ ၅၂ လက်မ |
| မိုးမိတ် | ၂ ဒသမ ၃၂ လက်မ |
| ဘီးလင်း | ၂ ဒသမ ၀၉ လက်မ |
| ဟားခါး | ၁ ဒသမ ၇၅ လက်မ |
| ဘားအံ | ၁ ဒသမ ၇၅ လက်မ |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီအယ်လ်အမ်ဗွီ၊ အက်မက်စ် ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကျင်းပနိုင်ရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၁)၌ကျင်းပမည့် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး၊ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်-ထိုင်းနိုင်ငံတို့ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုနှင့် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်သမ္မတသည် MICC-I ပင်မဝင်ပေါက်၌ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ကြမည့်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား ကြိုဆိုနှုတ်ဆက်မည့်နေရာနှင့် ခေတ္တနားနေဆောင်တို့တွင် ပြင်ဆင်ထားရှိမှုများကို ဦးစွာကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ထိပ်သီးအစည်းအဝေးများ ကျင်းပရေးအတွက် အဘက်ဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီအယ်လ်အမ်ဗွီ၊ အက်မက်စ်ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)




**စီအယ်လ်အမ်ဗွီ၊ အက်မက်စ် ထိပ်သီးအစည်းအဝေးများအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ ဝတ်စုံပြည့်လေ့ကျင့်နေမှုကို တွေ့ရစဉ်။** (သတင်းစဉ်)



ကြေးမုံစာတည်းရှေ့ထောင့် ၂၀-၆-၂၀၁၅ (စနေနေ့)

# တူညီသည့်ဝန်းကျင် တည်ဆောက်

မျက်မှောက်ကာလတွင် မြို့ကြီးပြကြီးများသာမက ကျေးလက်ဒေသများလည်း ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် အရှေ့ဘက်မှ နယ်စပ်မြို့များမှာ မြို့ကြီးများနှင့်မခြား ခေတ်မီဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။ ဤသည်မှာ ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံ၍ လွတ်လပ်စွာဖြင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော အခွင့်အရေးများရှိလာခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။

တစ်ချိန်သောကာလက မြို့ပြများမှာ အပြောင်းအလဲကြီးကြီးမားမား မရှိလှ။ ကျေးလက်များမှာမူ ရှာငယ် ဇနပုဒ်မျှ၊ နယ်စပ်မြို့များမှာလည်း မှုန်ပျပျသာရှိခဲ့ရသည်။ ကမ်းတစ်ဖက်တွင် မြို့ကြီးပြကြီးရှိနေသော်လည်း တစ်ဖက်ကမ်းတွင် ရွာငယ်ကျိုးတိုးကျဲတဲဖြင့် ကွာခြားမှုကြီးမားခဲ့သည်။ ယနေ့ဤသို့မဟုတ်တော့၊ နေရာတိုင်းတွင် ပြောင်းလဲနေပြီး တစ်နှစ်ထက်တစ်နှစ် သိသိသာသာတိုးတက်လာသည်။ ကောင်းသောအပြောင်းအလဲဖြစ်၍ ကြိုဆိုကြရမည်သာဖြစ်သည်။

လူ့သမိုင်းဖြစ်စဉ်များကို ပြန်ကြည့်မည်ဆိုပါက လူ့အဖွဲ့အစည်းများသည် အဆင့်ဆင့်တိုးတက်ပြောင်းလဲ ဖြစ်ထွန်းလာခဲ့ကြသည်။ မြို့ပြများ တည်ထောင် ဖွံ့ဖြိုးလာခဲ့သည်။ ယင်းသို့တည်ဆောက်ခဲ့ကြရာတွင် ယဉ်ကျေးသော လူ့အဖွဲ့အစည်း၊ ညီညွတ်သောလူ့အဖွဲ့အစည်းအဖြစ် ရှေးရှုလုပ်ဆောင်ခဲ့ကြသည်။ လူသားမှန်လျှင် လူ့အဖွဲ့အစည်းနှင့်မကင်း။ လူ့အဖွဲ့အစည်းမှန်လျှင်လည်း တိုင်းပြည်နှင့်မကင်းသည်ကို သတိမူခဲ့ကြသည့် လူ့အဖွဲ့အစည်းများသည် အခွန့်ရှည်တည်တံ့ခိုင်မြဲလာခဲ့သည်။

လူ့သမိုင်းဖြစ်စဉ်တွင် အကောင်းဘက်မှရှိသလို အဆိုးဘက်မှလည်း ရှိမည်ဖြစ်သည်။ အကောင်းနှင့်အဆိုး အကျိုးနှင့်အပြစ်တို့သည် အမြဲဒွန်တွဲနေကြသည်။ လူ့သမိုင်းသည် ဆက်ကာဆက်ကာ ဖြစ်ပျက်ပြောင်းလဲနေသည်။ ထိုသို့ ဖြစ်ပျက်ပြောင်းလဲရသည်မှာ သဘောသဘာဝအရ ကွဲပြားနေသော လူ့အဖွဲ့အစည်းများသည် တစ်ပြည်ထောင်အတွင်း ရှိမနေသောကြောင့် ဖြစ်သည်။ မတူညီသော လူ့အဖွဲ့အစည်းအချင်းချင်း ညီညွတ်အောင် ဆက်စပ်မထားသောကြောင့်ဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌လည်း အများပြည်သူအကျိုးစီးပွားထက် ကိုယ်ကျိုးစီးပွားကို ပဓာနထားလုပ်ဆောင်လျှင် လူအများကလည်း အကွပ်မရှိသော ကြမ်းကဲ့သို့ ပရမ်းပတာဖြစ်ကာ မိမိတို့စောင့်စည်းရမည့် ကျင့်ဝတ်စည်းကမ်းများကို ချိုးဖောက်ဖျက်ဆီးကြလျှင် ထိုလူ့အဖွဲ့အစည်းကို မည်မျှကောင်းအောင် တည်ဆောက်စေကာမူ တစ်ချိန်ချိန်တွင် ဆုတ်ယုတ်ပျက်စီးတိမ်ကောသွားမည်သာဖြစ်သည်။

ထို့ကြောင့် တိုးတက်သော လူမှုအဖွဲ့အစည်းကို တည်ဆောက်ကြရာတွင် လူမှုအဖွဲ့အစည်း သမိုင်းဖြစ်စဉ်များကိုလည်း စိစစ်သုံးသပ်လေ့လာဖို့လိုအပ်သည်။ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ် ပိုင်းခြားဝေဖန်လျော်ကန်စွာ သုံးသပ်ရမည်ဖြစ်သည်။ သို့မှသာ သမိုင်းပါအတိတ်မှဖြစ်ရပ်များ၊ အတွေ့အကြုံများသည် ပစ္စုပ္ပန်လူသားတို့အဖို့ ပြောင်းလဲလာသောခေတ်နှင့်လျော်ညီစွာ မိမိတို့လူမှုဘဝတည်ဆောက်ရေးအတွက် ကောင်းသောအထောက်အပံ့ ဖြစ်လာပေလိမ့်မည်။

လူမှုအဖွဲ့အစည်းများ၏ ပထဝီဝင်အနေအထားများအရ တည်ဆောက်မှုပုံစံနှင့် ဓလေ့စရိုက်များမှာ တစ်နေရာနှင့်တစ်နေရာ ကွဲပြားခြားနားမည်ဖြစ်သော်လည်း မိမိတို့လူမှုအဖွဲ့အစည်းတစ်ရပ်တည်း ရပ်တည်၍ မရနိုင်သည်ကို သတိမူရမည်ဖြစ်သည်။ ပတ်ဝန်းကျင်အခြေအနေကောင်းများကို ရယူရမည်ဖြစ်သလို လူ့အဖွဲ့အစည်းတိုးတက်ဖြစ်ထွန်းလာပုံ သမိုင်းဖြစ်စဉ်များအနက် မိမိတို့နှင့်ဆီလျော်ကိုက်ညီသည့် သမိုင်းသင်ခန်းစာ အချက်များကိုလည်း ရယူထားရမည်ဖြစ်သည်။

မကြာသေးမီက မြန်မာ ယူ-၂၃ ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်အားပေးမှုအနေအထားများအရ မတူညီသော အရပ်ဘက်လူ့အဖွဲ့အစည်းများ မည်မျှကွဲပြားခြားနားကြမည်ဖြစ်သော်လည်း အမိတိုင်းပြည်၏ တစ်မိုးအောက်တွင် စည်းလုံးညီညွတ်သည့် တူညီသောစိတ်ထားများဖြင့် အမိမြန်မာနိုင်ငံ အောင်မြင်ရမည်ဟူသော စိတ်ဓာတ်များသည် ရယူဖွယ်သင်ခန်းစာများ ဖြစ်သည်။ ထို့ကြောင့် လူမှုအဖွဲ့အစည်းများအားလုံးအနေဖြင့် လုပ်ဆောင်မှုတိုင်းတွင် ထိုစိတ်ထားများ ထားရှိမွေးမြူဆောင်ရွက်သွားမည်ဆိုပါက တစ်တိုင်းတစ်ပြည်လုံး အစဉ်ထာဝရ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဆိပ်ကမ်းများနှင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတို့ကို ကြည့်ရှု

**နေပြည်တော် ဇွန် ၁၉**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့်အတူ ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် အေးရှားဝေါလ်ဆိပ်ကမ်းနှင့် မြန်မာ့စက်မှုဆိပ်ကမ်းတို့သို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တရားမဝင်ကုန်သွယ်မှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဆိပ်ကမ်းများမှ တာဝန်ရှိသူများက ဆိပ်ကမ်းအလိုက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆိပ်ကမ်းများအတွင်း ကုန်သေတ္တာများ ရှင်းလင်းထုတ်ပေးမှုနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက်ဆောင်ရွက်ရာတွင် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ သွက်လက်မှန်ကန် မြန်ဆန်စွာဆောင်ရွက်ပေးရန် မှာကြားခဲ့ပြီး ဆိပ်ကမ်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အောင်ဘာလေသိန်းဆုဌာနခွဲတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဌာနတွင်း လုပ်ငန်းဆောင်ရွက်မှု စနစ်တကျ ဆောင်ရွက်ရေး၊ နယ်စပ်များတွင် အကောက်ခွန်ဆိုင်ရာ တားဆီးစစ်ဆေးမှု လုပ်ငန်းများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး၊ ခေတ်ကာလအခြေအနေအရ ပြင်ဆင်ပြောင်းလဲရန် လိုအပ်လာသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သုံးသပ်တင်ပြရေး၊ လက်ရှိကျင့်သုံးနေသော အခွန်ရုံးများမှ အခွန်စည်းကြပ်သည့် စနစ် (Official Assessment System)မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ် ပေးဆောင်သောစနစ် (Self Assessment System) အောင်မြင်စွာကူး ပြောင်းနိုင်ရေးအတွက် ပြည်သူသို့ အသိပေးစည်းရုံး ဆောင်ရွက်ရေး၊ အောင်ဘာလေထီ လက်မှတ်ဖြန့်ဖြူး ရောင်းချမှုနှင့် လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းအခြေအနေများကို အစဉ်အမြဲသုံးသပ် ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရေရှားပါးသည့် ရပ်ကွက်များသို့ ရေပေးဝေ

**ရန်ကုန် ဇွန် ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ရေရှားပါးသည့်ဒေသများတွင် ပြည်သူ့အကျိုးပြု ရေပေးဝေရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ ရေရှားပါးသည့် စိန်ပန်းရပ်ကွက်၊ ရန်နိုင်အေးရပ်ကွက်၊ ဖက်တန်းရပ်ကွက်နှင့် အမှတ်(၆) ရပ်ကွက်တို့၌ ရေဂါလန် ၅၆၀၀ ကို ပေးဝေခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၂၈၀၀၀ | - | ၇၂၈၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၂၇၅၀၀ | - | ၇၂၇၅၀၀ |


**စက်သုံးဆီဈေးနှုန်း**


| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၁၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၅၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၁၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၆၃. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၈. ၈၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၉၉၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၉. ၄၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၄၃၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၂. ၇၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၀. ၆၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၆၄. ၅၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၃၂. ၆၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**





# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။**

❖ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတသည် (၇) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးကျင်းပမည့် ပတ္တမြားခန်းမ၊ (အက်မက်စ်)နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပမည့် မြခန်းမတို့၌ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်မည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အစီအစဉ်နှင့် ဂုဏ်ပြုညစာစားပွဲ အစီအစဉ်များအတွက် ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကိုလည်းကောင်း၊ နိုင်ငံ့ခေါင်းဆောင်များအတွက် နားနေခန်းများ၊ သီးသန့်တွေ့ဆုံခန်းများ ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

# လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကြယ်လိပ်များ ပေါက်ပွားလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးဌာနအောက်ရှိ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ဝန်ထမ်းများသည် နိုင်ငံအတွင်းရှိ ရှားပါး၍ မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ရှိသည့် မျိုးစိတ်များကို သဘာဝအတိုင်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိနေသကဲ့သို့ ဘေးမဲ့တောဥယျာဉ်များအတွင်း မွေးမြူထိန်းသိမ်းကာကွယ်လျက်လည်းရှိသည်။

ထို့အတူ လောကနန္ဒာဘေးမဲ့တောဥယျာဉ်ရုံးတွင် ကြယ်လိပ်အရွယ်စုံ ၁၈၅၅ ကောင်၊ အထီး ၁၁၄ ကောင်၊ အမ ၉၉ ကောင်၊ မခွဲခြားရသေးသည့် ကြယ်လိပ် ၁၆၄၂ ကောင်အား မွေးမြူစောင့်ရှောက်ထားလျက်ရှိသည်။ ၁၆-၉-၂၀၁၄ ရက်မှ ၁၁-၃-၂၀၁၅ရက်အတွင်း အရွယ်ရောက်လိပ်မ ၇၈ ကောင်မှ ဥကျင်း ၂၃၉ ကျင်း၌ ဥလုံးရေ ၁၆၅၄ လုံးကို ဥထားခဲ့ကာ ၂၉-၅-၂၀၁၅ ရက်တွင် ဥကျင်းနှစ်ကျင်းမှ ကြယ်လိပ် ၁၄ ကောင် စတင်ပေါက်ပွားခဲ့ပြီး ၁၇-၆-၂၀၁၅ ရက်အထိ ဥကျင်း ၁၉၈ ကျင်းမှ ကြယ်လိပ်ငယ် ၉၆၅ ကောင် ပေါက်ပွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကျင်းပရန် ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။** (သတင်းစဉ်)



**စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများတွင် ယာဉ်တန်းလုံခြုံရေးဆောင်ရွက်ရန် ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုကို တွေ့ရစဉ်။** (သတင်းစဉ်)



# အနီရောင်ကြက်ခြေခတ်အမှတ်အသားနှင့် အနီရောင်လခြမ်း အမှတ်အသားအသုံးပြုခြင်းနှင့်ပတ်သက်၍ အသိပေး

မြန်မာနိုင်ငံသည် ဂျီနီဗာအများသဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ပထမဂျီနီဗာသဘောတူညီစာချုပ် (1949) Article-53 အရ ကြက်ခြေနီအမှတ်အသား (အနီရောင်ကြက်ခြေခတ်အမှတ်အသားနှင့် အနီရောင်လခြမ်းအမှတ်အသား)ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)၊ အမျိုးသားကြက်ခြေနီအသင်းများနှင့် တပ်မတော်ဆေးတပ်ဖွဲ့များသာလျှင် အသုံးပြုခွင့်ရှိကြောင်း သိရသည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း၊ ဆေးရုံအဆောက်အအုံ၊ သွားဘက်ဆိုင်ရာဆေးကုသခန်း၊ တိုင်းရင်းဆေးကုသခန်း၊ သမဝါယမဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးရွာဆေးပေးခန်း၊ လူမှုရေးအသင်းအဖွဲ့များ၊ အခမဲ့လူမှုကူညီရေးဆေးခန်းများ၊ ပုဂ္ဂလိက ဆေးရုံဆေးခန်းများ၊ ကြက်ခြေနီနှင့်မသက်ဆိုင်သော ယာဉ်များ (လူနာတင်ယာဉ်အပါအဝင်)၊ ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများ၊ လုပ်ငန်းဌာနများ၊ ကုမ္ပဏီအစရှိသော ပုဂ္ဂလိက (သို့မဟုတ်) အများပြည်သူပိုင်တို့တွင် အသုံးပြုခွင့်မရှိကြောင်း စာချုပ်တွင် ဖော်ပြထားသည်။

ကြက်ခြေနီအမှတ်အသားများကို အခွင့်မရှိသူများက သုံးစွဲခြင်း၊ လွဲမှားစွာ အသုံးပြုခြင်းနှင့် ဆင်တူယိုးမှားအသုံးပြုမှုများသည် သဘာဝဘေးဒုက္ခများ၊ စစ်ပွဲများ၊ မငြိမ်မသက်မှုအခြေအနေများတွင် ကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အမှတ်အသား၏ တန်ဖိုးတို့ကို ထိခိုက်လာနိုင်သကဲ့သို့ ကြက်ခြေနီဝန်ထမ်းများ၊ စေတနာလုပ်အားရှင်များ၏ လုံခြုံရေးနှင့် အကာအကွယ်ပေးနိုင်စွမ်းကိုပြင်းထန်စွာ ထိခိုက်နိုင်ပါကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းက အသိပေးထားသည်။ **(ကြေးမုံ)**

# မြစိမ်းရောင်မေတ္တာပေါင်းကူး စစ်တောင်းမြစ်ကူးတံတားဖွင့်

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အေးချမ်းသာကျေးရွာအုပ်စု စစ်တောင်းမြစ်ကူး မြစိမ်းရောင်မေတ္တာပေါင်းကူး တံတားဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံ၊ ဒက္ခိဏခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံချင်းတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေရှိ စစ်တောင်းမြစ်ကူး မြစိမ်းရောင် မေတ္တာပေါင်းကူး သစ်သားတံတားအား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလင်း၊ ဒက္ခိဏခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်၊ မြို့နယ်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စစ်တောင်းမြစ်ကူး မေတ္တာပေါင်းကူးတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်နိုင်သည့်အတွက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ဂုဏ်ပြုအမှာစကား ပြောကြားပြီး တံတားကုန်ကျငွေကျပ် ၅၀၇၅၂၀၀၀ အား စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းပြီး တံတားတည်ဆောက်နိုင်မှုနှင့် ပတ်သက်၍ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်သူများအား ဒေသခံပြည်သူ ဦးငြိမ်းက ဝမ်းမြောက်စကားပြောကြားခဲ့သည်။ **သန်းဦး(လေးမျက်နှာ)**

# တရုတ်နှင့် ဖြစ်ပွားနေသည့် ကျွန်းစုပိုင်ဆိုင်မှုအရေးမှ စစ်ပွဲဖြစ်ပေါ်လာမည်ကို ဖိလစ်ပိုင်ပြည်သူများ စိုးရိမ်

**မနီလာ ဇွန် ၁၉**

ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးသော နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ပင်လယ်ရေကြောင်း ကျွန်းစုများပိုင်ဆိုင်မှု အငြင်းပွားမှုများ ဖြစ်ပွားနေသည့် ဖိလစ်ပိုင်နိုင်ငံမှ ပြည်သူ ၁၀ ဦးလျှင် ရှစ်ဦးမှာ နှစ်နိုင်ငံအကြား လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားလာနိုင်ခြင်းအပေါ် စိုးရိမ်ထိတ်လန့်လျက် ရှိကြောင်း အများပြည်သူ သဘောထားဆန္ဒဖော်ထုတ်ရေး အဖွဲ့အစည်းတစ်ရပ်က ထုတ်ပြန်သောစစ်တမ်းတစ်ရပ်အရ သိရသည်။

၂၀၁၂ ခုနှစ် အတွင်းက တရုတ်နိုင်ငံက စကာဘောရပ် သန္တာကျောက်တန်းဒေသ၌ ငါးဖမ်းလုပ်ကွက်များအား ထိန်းချုပ်နိုင်ရေးလုပ်ဆောင်ရာမှ စစ်ရေးတင်းမာမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ဖိလစ်ပိုင်ပြည်သူများအနေဖြင့် စစ်မက်ဖြစ်ပွားလာနိုင်မှုအပေါ် စိုးရိမ်လျက်ရှိကြောင်း စစ်တမ်းတွင် ဖော်ပြသည်။

မနီလာအခြေစိုက် ဆိုရှယ်ဝယ်သာ စတေးရှင်းအမည်ရှိ သုတေသနအဖွဲ့က ဖိလစ်ပိုင် နိုင်ငံသား ဦးရေ ၁၂၀၀ ထံမှ သဘောဆန္ဒ ကောက်ယူရာတွင် ယင်းအရေအတွက်၏ ၈၄ ရာခိုင်နှုန်းက တရုတ်နိုင်ငံနှင့် လက်နက်ကိုင်တိုက်ခိုက်မှု များဖြစ်ပွားလာမည်ကို စိုးရိမ်ကြောင်းဖော်ပြခဲ့သည်။

ယင်းတို့အထဲမှ ထက်ဝက်ခန့်သောလူများက စစ်ဖြစ် လာနိုင်မှုအတွက် စိုးရိမ်သောက ကြီးမားစွာရှိကြောင်း ဆန္ဒထုတ်ဖော်ကြပြီး ၎င်းတို့အနက် သုံးပုံတစ်ပုံမှာ အတန် အသင့် စိုးရိမ်သည်ဟု ဖော်ပြသည်။

၂၀၁၂ ခုနှစ်ကတည်းက ကောက်ယူလာခဲ့သော ဆန္ဒမဲများအရ ၈၀ ရာခိုင်နှုန်းခန့်သော ဖိလစ်ပိုင်နိုင်ငံသား များသည် တရုတ်နိုင်ငံနှင့် အငြင်းပွားမှုများ ရှိနေသည့် ကျွန်းပိုင်ဆိုင်မှုအရေးပေါ်စိုးရိမ် ပူပန်မှုများရှိနေပြီး အာရှ အင်အားကြီး အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နှင့် စစ်ပွဲ ဖြစ်ပွားလာနိုင်မှုကို လိုလားခြင်းမရှိကြပေ။

**ရိုက်တာ။**


ဝန်ကြီးချုပ် ဟယ်လီးတော်နင်းရှမစ်။


ဝန်ကြီးချုပ်ဟောင်း လား(စ်)လော့ကီးရက်စ်မူဆင်။

# ဒိန်းမတ်အထွေထွေရွေးကောက်ပွဲတွင် အတိုက်အခံများအောင်ပွဲဆင်

**ကိုပင်ဟေဂင် ဇွန် ၁၉**

ဒိန်းမတ်နိုင်ငံ၌ အကြိတ်အနယ်ယှဉ်ပြိုင်ကြသည့် အထွေထွေရွေးကောက်ပွဲကြီးတွင် အတိုက်အခံပါတီများက အာဏာရညွန့်ပေါင်းအဖွဲ့ကို အနိုင်ရရှိကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

မဲအများစုကို ရေတွက်ပြီးစီးချိန်တွင် ဝန်ကြီးချုပ်ဟောင်း လား(စ်)လော့ကီးရတ်စ် မူဆင်ဦးဆောင်သည့် လက်ယာယိမ်း အလယ်အလတ်သဘောရှိသော အုပ်စုသည် လက်ရှိ ဝန်ကြီးချုပ် ဟယ်လီးတော်နင်းရှမစ်၏ ပါတီကိုအနိုင်ရရှိ ခဲ့သည်။


မစ္စတော်နင်းရှမစ်သည် ယခုအခါ ဆိုရှယ်ဒီမို ကရက်တစ်ပါတီ ခေါင်းဆောင်အဖြစ်မှ ဆင်းပေးခဲ့ရပြီဖြစ် သည်။

ရွှေ့ပြောင်းအခြေချ နေထိုင်ခြင်းကို ဆန့်ကျင်သည့် လက်ယာယိမ်း ဒါးနစ်ပြည်သူ့ပါတီသည် လွှတ်တော်တွင် ဒုတိယအင်အားအကြီးဆုံး ဖြစ်လာမည်ဖြစ်သည်။

ဒိန်းမတ်အသံလွှင့်ဌာန ဒီအာပြောကြားချက်အရ မစ္စတော်နင်းရှမစ်၏ အာဏာရ ဆိုရှယ်ဒီမိုကရက်တစ် ပါတီသည် အကြီးဆုံးဖြစ်ပြီး မဲအရေအတွက် ၂၆ ဒသမ ၃ ရာခိုင်နှုန်းရရှိသည်။

သို့သော် ၎င်း၏ မဟာမိတ်ပါတီများသည် အတိုက် အခံပါတီများကဲ့သို့ မဲအရေအတွက် များများစားစား ရရှိ ခြင်းမရှိပေ။

ဒီအာ၏ ပြောကြားချက်အရ ဒါးနစ်ပြည်သူ့ပါတီက မဲအရေအတွက် ၂၁ ဒသမ ၁ ရာခိုင်နှုန်းရရှိ၍ မစ္စ တော်နင်းရှမစ်၏ အာဏာရပါတီက ၁၉ ဒသမ ၅ ရာခိုင်နှုန်း ဖြင့် တတိယနေရာတွင်ရှိသည်။ **ရိုက်တာ။**



# အိန္ဒိယနှင့် ပြင်သစ်ရေတပ်များ ဘင်္ဂလားပင်လယ်အော်၌ ပူးတွဲစစ်ရေးလေ့ကျင့်မည်

**နယူးဒေလီ ဇွန် ၁၉**

အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့သည် အိန္ဒိယနိုင်ငံ တောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဆိပ်ကမ်းမြို့တော် ဗီဆာခါပတ်နမ်ကမ်းလွန်၌ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု တစ်ရပ်ပြုလုပ်မည်ဖြစ်ကြောင်း ကာကွယ်ရေးသတင်း ရပ်ကွက်များက ဇွန် ၁၉ ရက်က ပြောကြားသည်။

ရေတပ်စစ်ရေးလေ့ကျင့်မှုကို ဘင်္ဂလားပင်လယ်အော် အတွင်း ဇွန် ၂၁ ရက်နှင့် ၂၂ ရက်များတွင် ကျင်းပ သွားမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံဘက်မှ အရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်မှ စစ်သင်္ဘောများနှင့် ပြင်သစ် နိုင်ငံမှ ရဟတ်ယာဉ်ဆင်းသက်ရာ ကုန်းပတ်ပါရှိသည့် Dixmude စစ်သင်္ဘောနှင့် ကိုယ်ပျောက်ဖရီးဂိတ် စစ်သင်္ဘော Aconit တို့ အဆိုပါနှစ်ရက်ကြာ စစ်ရေး လေ့ကျင့်မှုတွင် ပါဝင်မည်ဖြစ်ကြောင်း ယင်းသတင်း ရပ်ကွက်များကဆိုသည်။ ရေတပ်လေ့ကျင့်မှုမှာ အိန္ဒိယ နိုင်ငံနှင့် နှစ်နိုင်ငံ မဟာဗျူဟာမြောက် ဆက်ဆံရေးကို မြှင့်တင်ရန် ရည်ရွယ်ကြောင်း ပြင်သစ်နိုင်ငံက ပြောကြား သည်။

ပြင်သစ်ရေတပ်သည် နှစ်နိုင်ငံကြား မဟာ ဗျူဟာမြောက် ကာကွယ်ရေးဆိုင်ရာ ချိတ်ဆက်မှုများတိုးချဲ့ ရန်နှင့် ခိုင်မာလာစေရန် အိန္ဒိယနိုင်ငံနှင့် ပူးတွဲစစ်ရေး လေ့ကျင့်မှုများ ပိုမိုပြုလုပ်ရန် မျှော်လင့်နေကြောင်း အိန္ဒိယ နိုင်ငံရှိ ပြင်သစ်သံရုံးမှ ကောင်စစ်ဝန်ကြီး ဂျင်းမတ်ခ် ဆီရီချားခ်လတ်က မီဒီယာများသို့ ပြောကြားသည်။ အိန္ဒိယနှင့် ပြင်သစ်ရေတပ်များသည် ပြီးခဲ့သည့်လက အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂိုအာပြည်နယ်ကမ်းလွန်၌ ပြုလုပ်ခဲ့သည့် ရေတပ်စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင် လေ့ကျင့်ခဲ့သည်။ **ဆင်ဟွာ။**

# မာလာဝီရေဘေးပြန်လည်တည်ဆောက်ရေးအတွက် ကန်ဒေါ်လာ သန်း ၄၀၀ ခန့် ကုန်ကျ၍ ငါးနှစ်ကြာမြင့်နိုင်

**လန်ဒန် ဇွန် ၁၉**

မာလာဝီနိုင်ငံတွင် ဇန်နဝါရီလက ရေလွှမ်းမိုးမှုများ ကြောင့် ပျက်စီးခဲ့ရသော အပျက်အစီးများကို ပြန်လည် တည်ဆောက်ရန်အတွက် အချိန်ကာလ ငါးနှစ်ထိ ကြာမြင့်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထက်မနည်းကုန်ကျနိုင်ကြောင်း ကုလသမဂ္ဂကပြော ကြားသည်။

မာလာဝီနိုင်ငံအတွင်းရှိ ခရိုင် ၂၈ ခု အနက် ၁၅ ခု တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပေါ်ကာ အိမ်ပေါင်း ငါးသိန်းနီးပါးပျက်စီးခဲ့ရာ လူပေါင်း ၂၃၀၀၀၀ ခန့်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီးနောက် အစိုးရက တိုင်းပြည် ထက်ဝက်ခန့်မှာ ဘေးအန္တရာယ်ဇုန်အတွင်းသို့ ကျရောက် နေပြီဟု ကြေညာခဲ့ကြောင်း မာလာဝီအစိုးရ၏ ဘေး အန္တရာယ် ကာလအလွန်လိုအပ်ချက်များ အကဲဖြတ်မှု အစီရင်ခံစာတွင် ဖော်ပြသည်။

အိမ်ရာအဆောက်အအုံများ၊ ပို့ဆောင်ရေး လုပ်ငန်းများ၊ သီးနှံပင်များအစားထိုးစိုက်ပျိုးရေးနှင့် တိရစ္ဆာန်များပြန်လည်မွေးမြူရေးအတွက် အမေရိကန် ဒေါ်လာ သန်း ၄၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာ၏ဖော်ပြချက်အရ သိရသည်။ ရေတိုပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို တစ်နှစ် အတွင်း အပြီးသတ်လုပ်ဆောင်သွားနိုင်မည်ဖြစ်ပြီး ရေရှည်လုပ်ငန်းများမှာမူ ငါးနှစ်ထိကြာမြင့်နိုင်ကြောင်း အဆိုပါအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထား သည်။

ပြန်လည်တည်ဆောက်ရေးကြိုးပမ်းချက်များမှာ ယခုနှစ်အတွင်းဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုများ၏ အကျိုးဆက်များကို ဖြေရှင်းနိုင်ရုံမျှမက မိုးခေါင်မှု အပါအဝင် အခြားဘေးအန္တရာယ်များကိုလည်း ကာကွယ် တားဆီးနိုင်ရန်အတွက်ဖြစ်သင့်ကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အုပ်ချုပ်ရေးမှူး ဟယ်လင် ကလပ်ခ်က ပြောကြားသည်။ ပိုမိုကောင်းမွန်သည့် စောစီးစွာအချက်ပေးစနစ်များနှင့် ရေစီမံခန့်ခွဲမှုစနစ်များ အပါအဝင် ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများတွင် ရေရှည်ရင်းနှီးမြှုပ်နှံမှုသည် အနာဂတ် ရေလွှမ်းမိုးမှုနှင့် ပူပြင်းခြောက်သွေ့မှုဖြစ်နိုင်ခြေကို လျှော့ချနိုင်မည်ဖြစ် ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ရိုက်တာ။**



# ဗင်နီဇွဲလားသို့ သွားရောက်ခဲ့ကြသော ဘရာဇီးလွှတ်တော်အမတ်များ တိုက်ခိုက်ခံရ

**ကရာကတ်စ် ဇွန် ၁၉**

အကျဉ်းကျနေသော အတိုက်အခံခေါင်းဆောင် တစ်ဦးအားတွေ့ဆုံရန်အတွက် ဗင်နီဇွဲလားနိုင်ငံသို့သွား ရောက်ခဲ့ကြသည့် ရှစ်ဦးပါဝင်သည့် ဘရာဇီးအထက် လွှတ်တော်အမတ်အုပ်စုတစ်စုက ၎င်းတို့စီးလာသော ဘတ်စ်ကား တိုက်ခိုက်ခြင်းခံရသဖြင့် ထွက်ပြေးခဲ့ကြရ ကြောင်း ယနေ့ထုတ်ဖော်ပြောဆိုလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံ၌ လူထုအုံကြွမှုဖြစ်ပေါ်နေစဉ် ရှန်းရင်းဆန်ခတ်ဖြစ်ရန် လှုံ့ဆော်ပေးသည် ဟူသော စွပ်စွဲ ချက်ဖြင့် ထောင်ချခြင်းခံနေရသော လီယိုပိုလ်ဒိုလိုပက်(ဇ်)ကို တွေ့ရန် ဘရာဇီးအတိုက်အခံနိုင်ငံရေးသမားများက ကြိုးစား လျက်ရှိကြသည်။

ဗင်နီဇွဲလားနိုင်ငံ မြို့တော်ကရာကတ်စ် လေဆိပ်မှ ထွက်ခွာလာကြစဉ် ၎င်းတို့ ဘတ်စ်ကားကို ခဲဖြင့်ထုခြင်းခံရ သည်ဟု ၎င်းအုပ်စုကပြောသည်။

ဗင်နီဇွဲလားအစိုးရထံမှ ရှင်းလင်းချက်တောင်းခံမည် ဖြစ်ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါ အထက်လွှတ်တော်အမတ်အုပ်စုတွင် ပါဝင် သည့် ရိုနဲလ်ဒို ကိုင်ယာဒိုက ၎င်းတို့ဘတ်စ်ကားကို ဝိုင်း၍ ဖျက်ဆီးရန် ကြိုးစားကြကြောင်း၊ ခဲဖြင့်ပေါက်ကြသော သူများကို ဓာတ်ပုံရိုက်ယူခဲ့ကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ။**

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၃၄။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

### ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) ကိုပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁) တွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ"ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ"ဆိုသည့်စကားရပ်ဖြင့် အစားထိုး၍ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ပုဒ်မခွဲငယ် (၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲကသက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(က) မဲဆန္ဒနယ်တစ်နယ်၏မဲစာရင်းတွင် အမည်ပါဝင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ**
**အသိပေးကြေညာချက်**
**၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်**

၁။ စတုတ္ထအကြိမ်အခြေခံမဲဆန္ဒရှင်စာရင်းများကို အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ခရိုင်များတွင် ၂၀၁၅ ခုနှစ်၊ ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်ထိ ၁၄ ရက်တိုင်တိုင် ကပ်ထားကြေညာပါမည်-

(က) ကချင်ပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ခ) ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ဂ) ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အားလုံး
(ဃ) ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ခရိုင်အားလုံး
(င) ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ခရိုင်အားလုံး
(စ) မန္တလေးတိုင်းဒေသကြီး
  (၁) မိတ္ထီလာခရိုင်
  (၂) ညောင်ဦးခရိုင်
  (၃) ရမည်းသင်းခရိုင်
(ဆ) ပဲခူးတိုင်းဒေသကြီး
  (၁) တောင်ငူခရိုင်
  (၂) သာယာဝတီခရိုင်
  (၃) ပြည်ခရိုင်
(ဇ) စစ်ကိုင်းတိုင်းဒေသကြီး
  (၁) ကသာခရိုင်
  (၂) ကလေးခရိုင်
  (၃) မော်လိုက်ခရိုင်
  (၄) ခန္တီးခရိုင်
  (၅) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(ဈ) တနင်္သာရီတိုင်းဒေသကြီး
  (၁) ကော့သောင်းခရိုင်
(ည) ရန်ကုန်တိုင်းဒေသကြီးမှ မဲစာရင်း ကြေညာရန်ကျန်ရှိနေသော မြို့နယ်
  (၂၁) မြို့နယ်

၂။ မဲစာရင်းတွင် မိမိတို့၏အမည် ပါ/ မပါ သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ။ မိမိ၏ အမည်မပါလျှင် ပုံစံ (၃) ဖြင့် လျှောက်ထားပါ။ အချက်အလက်များ မှားနေလျှင် ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားပါ။

၃။ မဲစာရင်းတွင် မပါဝင်သင့်သူများ (ဥပမာ- ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ) ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။

၄။ ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့ အမြဲနေထိုင်သည့် အိမ်ထောင်စုစာရင်းလဝက ပုံစံ (၆၆/၆) ရှိသော မြို့နယ်မှ မဲစာရင်း၌သာ ပါဝင်မည်ဖြစ်သည်။

၅။ နိုင်ငံရေးပါတီများအနေဖြင့်လည်း ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိရေးနှင့် မိမိ၏ မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါပြီး မဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် ( ၁၉ / ၂၀၁၅ )

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက် )**

### မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ရေး

၁။ မဲစာရင်းဆိုသည်မှာ ရွေးကောက်ပွဲအလို့ငှာ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းဖြစ်သည်။ မဲစာရင်းတွင် အမည်ပါမှသာ မဲပေးခွင့်ရမည်ဖြစ်ပြီး မဲစာရင်းတွင် ပါဝင်သူသာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပါသည်။

၂။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများ၏ အတွေ့အကြုံများအရ မဲစာရင်းချို့ယွင်းအားနည်း အငြင်းပွားမှုများ ရှိခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေး ရည်ရွယ်ချက်ဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ခဲ့သည်။ ယင်းအခြေခံ မဲဆန္ဒရှင်စာရင်းများကို ၂၀၁၅ ခုနှစ် ဧပြီလမှ ဇွန်လအထိ အဆင့် ၄ ဆင့်ဖြင့် ကပ်ထားကြေညာလျက်ရှိပါသည်။

၃။ အခြေခံမဲဆန္ဒရှင်စာရင်းအား ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှိ လူဦးရေ အခြေပြစာရင်းနှင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးရှိ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) တို့မှ အသက် ၁၈ နှစ်ပြည့်သူများအား ကူးယူပြုစုထားပါသည်။ ပြုစုပြီး အခြေခံမဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၄ ရက် ကပ်ထားကြော်ငြာပါသည်။ မဲဆန္ဒရှင်များမှ ထုတ်ပြန်ကြေညာသည့် အခြေခံမဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှု၍ ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ ပုံစံ (၄)ဖြင့် မဲစာရင်းတွင်ပါရှိသော မဲဆန္ဒရှင်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ခြင်း၊ ပုံစံ (၄-ဂ)ဖြင့် မဲစာရင်းတွင်ပါရှိသော အချက်အလက်များနှင့် စပ်လျဉ်းသော ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှသာ ပြုပြင်ပြီး အမှန်မဲစာရင်းရရှိမည် ဖြစ်ပါသည်။

၄။ ရရှိလာသော အမှန်မဲစာရင်းအား ကွန်ပျူတာစနစ်ဖြင့် ပြုစုထားပြီး Main Server တွင် ထိန်းသိမ်းထားပါက ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် မှန်ကန်သော မဲစာရင်းရှိနေပြီး နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်နေပါက မှန်ကန်သောမဲစာရင်းများ ဖြစ်နေပါမည်။ ၎င်းမဲစာရင်းအား Internet နှင့် Mobile Phone များမှ ကြည့်ရှုနိုင်ရေးလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၅။ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာပြီးနောက် မဲစာရင်းကပ်မည့်ရက်အား တစ်နိုင်ငံလုံးသို့ အသိပေးကြော်ငြာပြီး မဲစာရင်းများ ကပ်ထားကြေညာပါမည်။ မှန်ကန်သော မဲစာရင်းဖြစ်နေသဖြင့် ပြင်ဆင်ဖြည့်စွက်ရသော လုပ်ငန်းပမာဏနည်းသွားပြီး အငြင်းပွားမှုများလည်း နည်းသွားပါမည်။ မဲဆန္ဒနယ်အသီးသီးတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ် ပြင်ပရောက် အခြားမဲဆန္ဒရှင်များအား ဆန္ဒမဲပေးခွင့်ရရှိရေး ဆောင်ရွက်ရာတွင်လည်း အချိန်လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် မဲဆန္ဒရှင်များမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန်နှင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများအား ကြိုဆိုပါကြောင်း ကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပေးရေး အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဆောင်ရွက်လျက်ရှိသည်။

(၂၀-၆-၂၀၁၅)ရက်တွင် ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ(အရှေ့)၊ ရန်ကင်း၊ မြောက်ဥက္ကလာပ၊ တာမွေ၊ ကမာရွတ်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ ဆိပ်ကမ်း၊ အလုံ၊ မရမ်းကုန်း၊ လှိုင်၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗဟန်း၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ တံတား၊ ဒလ၊ ဆိပ်ကြီး ခနောင်တို၊ ကော့မှူး၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ထန်းတပင်၊ ဖောင်ကြီး၊ အင်းတိုင်၊ အဖျောက် မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်သည်။

သို့ဖြစ်၍ (၂၁-၆-၂၀၁၅)ရက်တွင် ရွှေပေါက်ကံ၊ သာကေတ၊ ဒေါပုံ၊ ကမာရွတ်၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ လသာ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများ ဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပါရန် အများပြည်သူများသို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက လေးစားစွာဖြင့် အသိပေးပန်ကြားထားကြောင်း သိရသည်။ **(ကြေးမုံ)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေနှင့်စပ်လျဉ်း၍ အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၇) ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး၏ တည်ဆဲ **ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေအား စိစစ်၊ ပြင်ဆင်၊ အဆိုပြုရေးကိစ္စကို အမြန်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ချက်တိုးတက်မှု အခြေအနေကို ပြန်ကြားပေးပါရန်နှင့် မည်သည့်အခက်အခဲ ရှိနေသည်ကို အသိပေးပြန်ကြားပေးပါရန် မေးခွန်းနှင့်စပ်လျဉ်း၍** နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က ယခုမြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေနှင့်စပ်လျဉ်း၍နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါဥပဒေအား အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိနေပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် IT-LOS ၏ စီရင်ချက်နှင့်အညီဖြစ်စေရန်



ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး။

လည်းကောင်း၊ ကမ်းလွန်ရေတိမ်ပိုင်းရေမိုင် ၂၀၀ ထက် ကျော်လွန်သတ်မှတ်ရေးအတွက် မြန်မာနိုင်ငံမှ နည်းပညာပိုင်းအရရော ဥပဒေကြောင်းအရပါ ပြီးပြည့်စုံအောင် ပြန်လည်ပြင်ဆင်ရမည် ဖြစ်သောကြောင့်လည်းကောင်း၊ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေသစ်မူကြမ်းရေးဆွဲရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့နှင့် ညှိနှိုင်းအစည်းအဝေးများကျင်းပပြီး ဥပဒေ (မူကြမ်း)အား ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပါကြောင်း။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်အရ ဥပဒေ (မူကြမ်း)တွင် ဖော်ပြထားသည့် ပြစ်ဒဏ်ပိုင်းဆိုင်ရာပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်ရန် အကြံပြုလာပါသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်သည့်အဖွဲ့ဝင်များဖြင့် ညှိနှိုင်းအစည်းအဝေးများ ခေါ်ယူဆွေးနွေးခဲ့ပါကြောင်း၊ အစည်းအဝေး ရလဒ်အပေါ် မူတည်၍အဆိုပါ ဥပဒေ၏ ပြစ်ဒဏ်ပိုင်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲလျက်ရှိနေပါ



ဒုတိယဝန်ကြီး ဦးတင်ဦးလွင်

ကြောင်း၊ အဆိုပါ ဥပဒေ(မူကြမ်း) ပြစ်ဒဏ်ပိုင်းအား အပြီးသတ်ရေးသားပြီးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စု လွှတ်တော်သို့တင်ပြပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက် အခန်း(၁)ပုဒ်မ ၂၁(က)၊ ပုဒ်မ ၃၆(ဃ)၊ ပုဒ်မ၃၇(ဂ)အရ လည်းကောင်း၊ ပုဒ်မ ၃၅၆၊ ပုဒ်မ ၄၄၅ အရလည်းကောင်း သက်ဆိုင်ရာအစိုးရထံမှ ထုတ်ပေးသော ပုံစံ(၃)အရ ပြည်သူပိုင်သိမ်းထားသည့် တိုက်ခန်းများကို ပိုင်ရှင်လက်ဝယ်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက ပြည်သူပိုင်သိမ်းထားသည့်အခန်း/အဆောက်အအုံများအား မူလပိုင်ရှင်များသို့ ဥပဒေအရ လွှဲပြောင်းပေးရန် မရှိကြောင်း၊ သို့ရာတွင် နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အအုံများနှင့် မြေယာကွက်များစီမံခန့်ခွဲမှုကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပေးရာတွင် မူလသက်ဆိုင်သူ (သို့မဟုတ်) ပိုင်ဆိုင်သူကိုယ်တိုင်အား ဦးစားပေးဝယ်ယူခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးစေလျက်ရှိသည်ဟု မူဝါဒချမှတ် လမ်းညွှန်ထားသည့်အတွက် သိရှိလိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း ပြည်ထောင်စု အစိုးရအဖွဲ့ရုံးက ဌာနများသို့ ညွှန်ကြားထားချက်အရ သမဝါယမဝန်ကြီးဌာနအနေဖြင့် ပြည်သူပိုင်သိမ်း တိုက်ခန်းများ ပိုင်ရှင်လက်ဝယ်သို့ သက်ဆိုင်ရာအစိုးရဌာနကထုတ်ပေးသော ပုံစံ (၃) အရ ပြန်လည်ပေးအပ်ရန်အတွက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့အပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော "ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်းလွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီဝင် ဦးခင်မောင်ရွှေက ဖတ်ကြားရှင်းလင်းခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လယ်ယာကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာမေးခွန်းများ မေးမြန်းဖြေကြား

**နေပြည်တော် ဇွန် ၁၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး (၆၄) ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ လယ်ယာကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်းတစ်ခု အသိပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင်၏ **ချင်းပြည်နယ် ပလက်ဝမြို့အဝင် ကုလားတန်မြစ်ကူးသံကူကွန်ကရစ်တံတား သို့မဟုတ် သင့်တော်သောတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်က ကျောက်တော်-ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)အားဆောက်လုပ်ရန်အတွက် ပဏာမလေ့လာမှုများအရ တံတားအရှည်ပေ (၁၂၀၀) ခန့် တည်ဆောက်ရန်လိုအပ်ပါကြောင်း၊ ပလက်ဝမြို့တစ်ဖက်ကမ်း၌ ခေတ်မီဆိပ်ကမ်း တည်ဆောက်လျက်ရှိပြီး သင်္ဘောကြီးများ ဝင်/ထွက်သွားလာနိုင်ရန်အတွက် ကုလားတန်မြစ်ကူးတံတား (ပလက်ဝ)ကိုကစ္စပနဒီတံတား၏ ရေလမ်းကင်းလွတ်အမြင့်အတိုင်း ပေ (၅၀) အမြင့်ထား၍ ရေလမ်းကင်းလွတ် အကျယ်ပေ (၂၀၀)ရရှိအောင် ပေ (၂၄၀) အကျယ်သံပေါင်နှစ်ခန်းဖြင့် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ အသေးစိတ်ပုံစံထုတ်လုပ်ခြင်းနှင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပြီးပါက ဒုတိယ(၅)နှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူ တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၇)မှ ဦးမင်းဦး၏ **ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ခပေါင်းဆည်၏ ဆည်ရေပေးဝေရေး ပင်မမြောင်းများနှင့် လက်တံမြောင်းများဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေး(သို့မဟုတ်) နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာ



ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်။



ဒုတိယဝန်ကြီး ဦးစိုးတင့်။

စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းသည် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ စတင်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၂ ခုနှစ် ဩဂုတ် ၃၀ ရက် မတိုင်မီအချိန်ကဆောင်ရွက်ခဲ့ပြီး ထိုစဉ်က တည်ရှိခဲ့သောဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ခပေါင်းရေလှောင်တမံ၏ ဆည်ရေပေးမြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သည့် လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိကအမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအားတစ်ပိုဒ်ခြင်းစီအလိုက် အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော်ကနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်အတည်ပြုသည့် ဥပဒေကြမ်းပါ ပုဒ်မ ၄ ခု ပြင်ဆင်ခြင်းနှင့် ပုဒ်မတစ်ခုကိုပယ်ဖျက်ခြင်းကိုဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့သွားမည်ဖြစ်သည်။

အလားတူမြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကြမ်းပါ ပုဒ်မများအနက် ပုဒ်မတစ်ခု အသစ်ဖြည့်စွက်ခြင်း၊ ပုဒ်မ ၁၉ ခုပြင်ဆင်ခြင်းနှင့် ပုဒ်မ ၄ ခုပယ်ဖျက်ခြင်းတို့ကိုတစ်ပိုဒ်ခြင်းစီအလိုက် အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

◆◆



## သတင်းစာဖတ်ပရိသတ်များသိသာနိုင်ပါရန်

ကြေးမုံသတင်းစာအား တစ်စောင်လျှင် ငွေကျပ် ၅၀ ဖြင့် အမြို့မြို့အနယ်နယ်မှ ကိုယ်စားလှယ်ကြီးများထံသို့ နေ့စဉ်ဖြန့်ချိပေးလျက်ရှိပါသည်။ ကိုယ်စားလှယ်ကြီးများအနေဖြင့် သင့်တင့်သောဝန်ဆောင်ခ ရယူ၍ မိဘပြည်သူ သတင်းစာဖတ်ပရိသတ်များထံသို့ ၎င်းတို့မြို့နယ်ဒေသအလိုက် နေ့စဉ် ဖြန့်ချိပေးလျက်ရှိရာ လက်ရှိလပေးရယူနေသော နှုန်းထားအတိုင်း ဈေးနှုန်းမပြောင်းလဲဘဲ နေ့စဉ်ပေးပို့သွားမည်ဖြစ်ပါသည်။ အကယ်၍ မူလတောင်းခံနေသည့် ဈေးနှုန်းထက် ပိုမိုတောင်းခံခြင်းများရှိပါက ကြေးမုံသတင်းစာတိုက် ဖုန်း-၀၉ ၃၃၆ ၄၄၂ ၀၉ သို့ ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါသည်။ **(ကြေးမုံသတင်းစာတိုက်)**

# ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိသော ပတ်ဝန်းကျင်ကောင်းတစ်ရပ် ကြိုးပမ်းဖန်တီးပေးလျက်ရှိ

**စိန့်ပီတာစဘတ် ဇွန် ၁၉**

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် Len Expo အဆောက်အအုံ၌ကျင်းပသည့် (၁၉) ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဂရိနိုင်ငံဝန်ကြီးချုပ် Mr.Alexis Tsipras နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Zhang Gaoh တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်း**(ယာပုံ)**က မိန့်ခွန်းပြောကြားရာတွင် ယခုနှစ် ကျင်းပသည့် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်၏ ခေါင်းစဉ်ဖြစ်သည့် Time to Act: Shared Paths to Stability and Growth သည် နိုင်ငံတကာ ဘဏ္ဍာရေးစနစ်နှင့် စွမ်းအင်လုံခြုံရေးနယ်ပယ်များတွင် ကြီးမားသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသော ကမ္ဘာ့စီးပွားရေးအခြေအနေကို ထင်ဟပ်လျက်ရှိပါကြောင်း၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှု၊ ငွေကြေးမတည်ငြိမ်မှု၊ နိုင်ငံတကာကုန်သွယ်ရေး၏ ခက်ခဲသည့် ပေါင်းစည်းရေးလုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံ စီမံကိန်းများ၊ ပထဝီနိုင်ငံရေးအပါအဝင် အခြားကိစ္စရပ်များနှင့် သက်ဆိုင်သည့် စိန်ခေါ်မှုများတွင် လက်ရှိကြုံတွေ့နေရသော စီးပွားရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ယခုဖိုရမ်က ခိုင်မာစွာ တွန်းအားပေးသွားမည်ဟု မိမိအနေဖြင့် ယုံကြည်ထားပါကြောင်း။

အဆွေတော်တို့ သိရှိထားကြသည့်အတိုင်း မြန်မာနိုင်ငံသည် အာရှ၏ စီးပွားရေးအင်အားကြီး နှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား တည်ရှိနေသည့် မဟာဗျူဟာမြောက်သော ပထဝီအနေအထား၊ သင့်တင့်သည့်ဈေးကွက်အရွယ်အစား၊ လုပ်သားအင်အား ပေါကြွယ်ဝမှုနှင့် အစိုးရ၏ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကြောင့် အာရှတွင် နောက်ဆုံးစီးပွားရေးနယ်ပယ်သစ် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာပါကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် သယံဇာတအရင်းအမြစ်များကို ကောင်းမွန်ထိရောက်စွာ အသုံးချကာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိသော ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ကြိုးပမ်းဖန်တီးပေးလျက် ရှိပါကြောင်း။

ထိရောက်ကောင်းမွန်ပြီး ပိုမိုတက်ကြွသည့် နည်းဥပဒေယန္တရားနှင့် အဖွဲ့အစည်းဆိုင်ရာ ကူညီထောက်ပံ့မှုများကြောင့် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များသည် ပိုမိုလိုလားနှစ်သက်ဖွယ်ဖြစ်လာပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်နှင့် ပိုမိုခိုင်မာပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ခွင့်ပြုမည့် စီးပွားရေးလုပ်ငန်းများစာရင်းကို ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း။

ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လျှပ်စစ်စွမ်းအား၊ စက်မှုထုတ်ကုန်၊ သတ္တုနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုအကောင်းဆုံး ကဏ္ဍများဖြစ်သည်မှာ သိသာထင်ရှားပါကြောင်း၊ ဘဏ်နှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံခြားတိုင်းပြည်များမှ ဘဏ်ခွဲများကို မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုင်စင်များ ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသည့် ပထဝီအနေအထားကြောင့် အရှေ့တောင်အာရှတွင် စက်မှုထုတ်ကုန်များ ထုတ်လုပ်ရန်နေရာသစ်နှင့် ထောက်ပံ့ပို့ဆောင်ရေး ဗဟိုအချက်အချာနေရာ ဖြစ်လာနိုင်သည့် အခွင့်အလမ်းများကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်၊ ပို့ကုန်နှင့် ဝန်ဆောင်မှုတိုးမြှင့်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် အထူးစီးပွားရေးဇုန် သုံးခုကို အဓိကထား အကောင်အထည်ဖော်ရန် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ပြောကြားသည့် အဓိကအချက်အလက်များသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နေသည့် မြန်မာ့စီးပွားရေးပတ်ဝန်းကျင်ကို ထင်ဟပ်စေပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာအသိုက်အဝန်းတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး မိမိ၏ အတွေးအမြင်များကို မျှဝေခွင့်ရသည့်အတွက် လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အပြင် သီးခြားအစီအစဉ်အဖြစ် ဒုတိယသမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် လိုက်ပါလာသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရုရှားနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) အမှုဆောင်အရာရှိချုပ် မစ္စတာ ဆယ်ဂေးလ် ကီရီယန်ကာနှင့် တွေ့ဆုံ၍ ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် နျူကလီးယားစွမ်းအင်အသုံးချရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုအပေါ် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ နားလည်မှုစာချွန်လွှာတွင် ရေဒီယိုအိုင်ဆိုတုပ်များနှင့် ၎င်းတို့ကို အသုံးပြုမှုများ၊ နျူကလီးယားဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းမှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ ကာကွယ်မှု၊ နျူကလီးယားစွမ်းအင်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ရောင်ခြည်သက်ရောက်မှုကို ဆန်းစစ်မှု၊ နျူကလီးယားဆေးပညာ၊ ရေဒီယိုသတ္တိကြွ ပစ္စည်းအသုံးပြုကုသသော ရောဂါကာကွယ်နည်းကုထုံး (Radio Immuno-therapy) ဆိုင်ရာ နည်းပညာနှင့် လုပ်ငန်းစဉ်ဆက်စပ်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များပါဝင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၉-၆-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုး ငါးဦး၊ ထုတ်ဝေသူသက်တမ်းတိုး ငါးဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် ခုနစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ငါးဦး၊ အထွေထွေထုတ်ဝေခွင့် ရှစ်ဦးနှင့် စုစုပေါင်း လုပ်ငန်းအသစ် ၁၈ ဦးတို့အားလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ တစ်ဦး၊ ပုံနှိပ်သူအမည်ပြောင်း တစ်ဦး၊ ပုံနှိပ်လုပ်ငန်းလိပ်စာပြောင်း တစ်ဦး၊ ထုတ်ဝေသူအမည်ပြောင်း လေးဦး၊ ထုတ်ဝေသူ လုပ်ငန်းလိပ်စာပြောင်း တစ်ဦး၊ ဂျာနယ်လိုဂိုပြောင်း နှစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၉၆၁ ဦးနှင့် အသစ်လျှောက်ထားသူ ၁၈၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၆၃ ဦးနှင့် အသစ်လျှောက်ထားသူ ၄၃၃ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၁၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၅၅၃စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ တစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိ နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီ လျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကမ်းရိုးတန်းဒေသများတွင် မိုးပို လာမည်။

# ဟားခါးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပေါ်သို့ တောင်စောင်းမှမြေများလျှောကျ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က ကူညီရွှေ့ပြောင်းပေး

**နေပြည်တော် ဇွန် ၁၉**

ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဟားခါးမြို့ ဈေးသစ်ရပ်ကွက် အမှတ်(၂) လမ်းမပေါ်သို့ အမှတ်(၁/၂) လမ်းကြားရှိ တောင်စောင်းမှ အလျားပေ ၁၀၀၊ အနံ သုံးပေ၊ အမြင့် တစ်ပေခန့်ရှိ မြေများလျှောကျခဲ့သည်။

အဆိုပါ မြေများလျှောကျမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အနီးဝန်းကျင်ရှိ အန္တရာယ်ဖြစ်နိုင်သော နေအိမ်ကိုးလုံး၊ အိမ်ထောင်စု ၁၈ စုမှ အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၄၃ ဦး စုစုပေါင်း ၈၄ ဦးနှင့် ၎င်းတို့ပိုင် အိမ်အသုံးအဆောင်ပစ္စည်းများကို ဟားခါးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ နီးစပ်ရာ ဆွေမျိုးများ နေအိမ်သို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးအား အောင်မောဠိတောင်တော်ညွန့်သို့ ပင့်ဆောင်ခြင်းမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အောင်မောဠိတောင်ညွန့်ထက်၌ တည်ထားကိုးကွယ်မည့် မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးအား အောင်မောဠိတောင်တော်ညွန့်သို့ ပင့်ဆောင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် သာသနာတော်ဆိုင်ရာ ထုံးတမ်း အစဉ်အလာများနှင့်အညီ ကျင်းပသည်။



အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ အဘိဇဓမဟာရဋ္ဌဂုရု ဈေးကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ရုပ်ရှင်တော်မြတ်ကြီးအား ယာယီသီတင်းသုံးနေသည့် အေစီအီးအလုပ်ရုံအတွင်းမှ ကိန်းဝပ်စံပယ်တော်မူမည့် အောင်မောဠိတောင်သို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ပူဇော်ကြသည်။

ထိုသို့ ပင့်ဆောင်ပူဇော်စဉ် ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြရာ လမ်းဘေး ဝဲ၊ ယာ၌ ဒေသခံ ပြည်သူများကလည်း လာရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ရုပ်ရှင်တော်မြတ်ကြီးအား ဆင်နှစ်ကောင်မိသားစုကုမ္ပဏီပိုင် အလျားပေ ၉၀၊ ဘီးလုံး ၁၂၂ လုံးနှင့် အလိုက်သင့်ကွေ့နိုင်သော စတီယာရင်စနစ်ပါဝင်သည့် Heavy Modular Trailer ယာဉ်ကြီးဖြင့် သယ်ယူပင့်ဆောင်ခဲ့ရာ ယခုအခါ အောင်မောဠိတောင်ခြေသို့ ရောက်ရှိပြီဖြစ်သည်။

ရုပ်ရှင်တော်မြတ်ကြီးအား ကိန်းဝပ်စံပယ်တော်မူမည့် တောင်တော်ညွန့်သို့ မင်္ဂလာကရိန်းယာဉ်များဖြင့် ဆက်လက်ပင့်ဆောင် ပူဇော်သွားမည်ဖြစ်ပြီး အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို အဆိုပါတောင်ညွန့်ထက်၌ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(တင်ထွန်းအောင်)**






# မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၆ နာရီခွဲတွင် နေပြည်တော် သပြေကုန်းအဝိုင်းအနီးတွင်လည်းကောင်း၊ နံနက် ၇ နာရီတွင် ဒက္ခိဏသီရိမြို့နယ်ရှိ ကံ့ကော်ပန်းအဝိုင်းအနီးတွင်လည်းကောင်း မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်၊ ဒေါ်မြသီဂီနှင့် ဒေါ်ခင်မိမိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မာထွန်းက ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးတစ်ခုလုံး၏အောင်ချက်ပထမရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော ကြံခင်းမြို့နယ်အတွင်းရှိ ကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**ကြံခင်း ဇွန် ၁၉**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး၏ အောင်ချက်ပထမရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော ကြံခင်းမြို့နယ်အတွင်းရှိ ကျောင်းများနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၁၇ ရက်က ကြံခင်းမြို့ ဧရာဦးခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဘာသာစုံဂုဏ်ထူးရရှိသူ အထက(ကြံခင်း)မှ မအိအိမွေး၊ ငါးဘာသာဂုဏ်ထူးရရှိသူ အတွဲ(၁) ဝိပ္ပံဘာသာရပ်တွင် တိုင်းဒေသကြီးအဆင့် ပထမ၊ တစ်နိုင်ငံလုံးတတိယနှင့် တက္ကသိုလ်ဝင်တန်းလူရည်ချွန် မယွန်းမီမီထက်နှင့် ငါးဘာသာဂုဏ်ထူးရရှိသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က ထူးချွန်ဆုရကျောင်းများကို ဂုဏ်ပြုမှတ်တမ်းချီးမြှင့်ပြီး တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ထူးရကျောင်းသားကျောင်းသူများနှင့် သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြသည်။

ကြံခင်းမြို့နယ်သည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဖြေဆိုသူ ၉၆၁ ဦးတွင် အောင်မြင်သူ ၇၁၁ ဦးရှိပြီး အောင်ချက်ရာနှုန်းမှာ ၇၃ ဒသမ ၉၉ ရာခိုင်နှုန်းဖြင့် တိုင်းဒေသကြီးအဆင့် ပထမရရှိခဲ့ပြီး ဘာသာစုံ ဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင်လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၁၁၂ ဦးရရှိခဲ့ပြီး အတွဲ(၁)ဝိပ္ပံဘာသာရပ်တွင် တစ်နိုင်ငံလုံး (တတိယ)ရရှိခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ မယ်ခေါင်ရပ်၊ (၃)လမ်း၊ အမှတ်(၃/၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ**



**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ယင်းမာအထူးစီမံချက် တတိယပတ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ

**နေပြည်တော် ဇွန် ၁၉**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင် မူးယစ်တိုက်ဖျက်ရေး အထူးစီမံချက် (ယင်းမာ)စီမံချက်ကို တစ်လတာအတွင်း အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန်သုံးဇုန်ခွဲ၍ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် တာဝန်ခွဲဝေဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တတိယရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဆိုင်းဘုတ်ချိတ်ဆွဲခြင်း၊ စတေကာကပ်ခြင်းကို ၅၆ မြို့နယ်တွင် ဆောင်ရွက်ခဲ့ပြီး ဟောပြောပွဲများအား ၄၈ နေရာကျင်းပနိုင်ခဲ့ကာ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ၁၆ မြို့နယ်၌ ဆောင်ရွက်နိုင်ခဲ့သည်။

အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့မှ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် မူလတန်း ကျောင်းဆောင်သစ်နှစ်ဆောင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ခဲ့သည်။ သီးနှံအစားထိုးစိုက်ပျိုးရေးအဖွဲ့မှ သုံးမြို့နယ်တွင် စပ်မျိုးစပါး၊ စပ်မျိုးပြောင်း၊ ဓာတ်မြေသြဇာများ ဖြန့်ဝေပေးခဲ့ပြီး နှစ်ရှည်ပျိုးပင်ကို သုံးမြို့နယ်တွင် ဖြန့်ဝေပေးခဲ့သည်။ တန့်ယန်းမြို့နယ်တွင် သီးနှံအလိုက် သိပ္ပံနည်းကျစိုက်နည်းစနစ်သင်တန်း (GAP) ဖွင့်လှစ်နိုင်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

မွေးမြူရေးလုပ်ငန်းအဖွဲ့မှ ပညာပေးဆွေးနွေးခြင်းနှင့် ဟောပြောပွဲများကို ၁၂ မြို့နယ်တွင် မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေး သင်တန်းဖွင့်လှစ်နိုင်ခဲ့ပြီး ခြောက်မြို့နယ်တွင် အခမဲ့ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဆေးပေးကုသခြင်း ဆောင်ရွက်နိုင်ခဲ့သည်။

ဆေးကုသရေးလုပ်ငန်းအဖွဲ့ One Stop Service ဆေးကုသရေးလုပ်ငန်းမှ လူနာသစ် ၄၂ ဦး၊ မက်သာဒုံးဆေးရည်တိုက်ကျွေးမှု ၈၄၀၀ တိုက်ကျွေး ဆောင်ရွက်ခဲ့သည်။ ဘီပိုး/စီပိုး ၁၂၇ ဦး စစ်ဆေးခဲ့ပြီး ဘီပိုးကာကွယ်ဆေး ၁၀၁ ဦးအား ထိုးနှံပေးနိုင်ခဲ့သည်။ HIV ပိုးရှိ/မရှိ ၁၀၄ ဦးစစ်ဆေးခဲ့ပြီး လေးဦးအား ART ဆေးသောက်ရန် ညွှန်းပို့ပေးခြင်းနှင့် သုံးမြို့နယ်တွင် မက်သာဒုံးဆေးတိုက်ကျွေးမှုနှင့် ပတ်သက်၍ ပညာပေး ဆွေးနွေးပွဲပြုလုပ်နိုင်ခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့မှ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အသိပညာပေး ဟောပြောပွဲကို ရှစ်နေရာနှင့် စာသင်ကျောင်းနှစ်ကျောင်းတို့တွင် ပြုလုပ်နိုင်ခဲ့သည်။ ကျောင်းသားကျောင်းသူ လူငယ်အသိပညာပေးရေးအဖွဲ့မှ လားရှိုးကွန်ပျူတာတက္ကသိုလ်တွင် ဟောပြောပွဲလုပ်ခြင်းနှင့် ၃၉ မြို့နယ်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြောပွဲ ပြုလုပ်နိုင်ခဲ့သည်။

ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့မှ နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှု ၁၃ မြို့နယ်၊ လက်ကမ်းစာစောင်ဖြန့်ဝေမှု ခုနစ်မြို့နယ်၊ နံရံကပ်စာစောင် ၁၃ မြို့နယ်၊ ဟောပြောပွဲကျင်းပခြင်း ၁၈ မြို့နယ်တို့တွင် ကျင်းပနိုင်ခဲ့သည်။ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့မှ လေးမြို့နယ်တွင် စစ်ဆေးခြင်းနှင့် အသိပညာပေး ဟောပြောပွဲ ပြုလုပ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) လုပ်ငန်းအဖွဲ့မှ မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများ ပြုလုပ်ခြင်း၊ တနင်္သာရီမြို့နယ်အတွင်း ၁ ဒသမ ၈၅ ဧကရှိ ဘိန်းစာပင် ၁၆၄၄ ပင် ကာလတန်ဖိုး ၁၆၉ ဒသမ ၉၄ သိန်းအား ဖျက်ဆီးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာတောင်သူလယ်သမားတို့၏ လှပသောအနာဂတ်

ကျော်မြဇော်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အပြည်ပြည်ဆိုင်ရာဆန်စပါး သုတေသနဌာန (IRRI) မှ **ရွှေစပါးနှံ့ဂုဏ်ပြုဆု** ချီးမြှင့်ခြင်းအခမ်းအနားနှင့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအမံ စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို မေ ၂၀ ရက်က နေပြည်တော်ရှိ စိုက်ပျိုးရေး သုတေသနစုဝေးခန်းမ၌ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရောဘတ်ဇီဂလာက **ရွှေစပါးနှံ့ဂုဏ်ပြုဆု**ကို ပေးအပ်ခဲ့ကြောင်း သတင်းစာများတွင်ဖတ်ရှုခဲ့ရသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **"မိမိတစ်ဦးတည်းအား အသိအမှတ်ပြုခြင်းမဟုတ်ဘဲ နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများနှင့် လယ်ယာကဏ္ဍဆိုင်ရာ ပညာရှင်များ၏ အတူတကွပူးပေါင်းကြိုးပမ်းဆောင်ရွက်ချက်များအပေါ်တွင် ဂုဏ်ပြုခြင်းဖြစ်သည်ဟု ဂုဏ်ယူခံစားမိပါကြောင်း "** ပြောကြားခဲ့သည်ကိုလည်း သတိပြုမိသည်။

တစ်ဆက်တည်းမှာပင် အီတလီနိုင်ငံ ရောမမြို့၌ ဇွန် ၆ ရက်မှ ၁၃ ရက်အထိ **"ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ (၃၉)ကြိမ်မြောက်ညီလာခံ "** ကျင်းပနေစဉ် ဇွန် ၇ ရက်တွင် **"ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ထူးချွန်ပြောင်မြောက်သည့် တိုးတက်မှုများအား အသိအမှတ်ပြုသည့် အထူးအခမ်းအနား"** တစ်ရပ်ကျင်းပပြီး ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအရ ၁၉၉၀ - ၁၉၉၂ ခုနှစ်မှ ၂၀၁၄ - ၂၀၁၆ ခုနှစ်အထိ ကာလများအတွင်း အာဟာရ လုံလောက်မှုမရှိသောလူဦးရေ ထက်ဝက်လျှော့ချရေးကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်ခဲ့သည့် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံတို့ကို ဂုဏ်ပြုလက်မှတ်များချီးမြှင့်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကိုယ်စား မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တက်ရောက်လက်ခံရယူခဲ့ကြောင်း ဖတ်ရှုရပြန်သည်။ **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် ၁၉၉၀ - ၁၉၉၂ ခုနှစ်ကာလများတွင် အာဟာရချို့တဲ့မှုနှုန်းသည် ၆၂ဒသမ၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄-၂၀၁၆ ခုနှစ်ကာလများတွင် ၁၄ ဒသမ ၂ ရာခိုင်နှုန်းသို့ ကောင်းမွန်စွာလျှော့ချနိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ ဂုဏ်ပြုလက်မှတ်အား ချီးမြှင့်ခြင်းဖြစ်ကြောင်း"** ဖတ်ရှုမှတ်သားရပါသည်။

ဤဂုဏ်ပြုဆု၊ ဂုဏ်ပြုလက်မှတ်များသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ စနစ်တကျဆန်းစစ်လေ့လာသုံးသပ်ချက်များအရ ထိုက်ထိုက်တန်တန် အသိအမှတ်ပြုခံရမှုကို ကျွန်တော်တို့ ဝမ်းမြောက်ကျေနပ်စွာ လက်ခံကြရမှာ ဖြစ်ပါသည်။

ဖတ်ရှုမှတ်သားခဲ့ရသော ဤသတင်းနှစ်ပုဒ်သည် စားနပ်ရိက္ခာနှင့် ပတ်သက်သည့် သတင်းများဖြစ်နေ၍ ယနေ့ ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် နေ့စဉ်မရှိမဖြစ်အခြေခံလိုအပ်ချက်ဖြစ်သော စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေး တာဝန်သည် မိမိတို့အားလုံးအပေါ်တွင်ကျရောက်နေသည့် အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်နေကြောင်း စောကြောခံယူမိရင်း နောက်ဆက်တွဲအတွေးများကို ဆက်လက်အမျှင်တန်းနေမိပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်စားသောက်ကြသူများဖြစ်ပါသည်။ နှစ်ပေါင်းများစွာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသော်လည်း လူမှုစီးပွားဘဝ သိသိသာသာမြင့်တက်မလာရခြင်းအကြောင်းရင်းကို စေ့ငုကြည့်ပါက လူနှင့် ကျွဲ၊ နွားများကို အသုံးပြုဆောင်ရွက်သည့် မိရိုးဖလာလက်မှုလယ်ယာစနစ်ကိုသာ ကျင့်သုံးနေဆဲဖြစ်သဖြင့် ရာသီချိန်မီ မစိုက်ပျိုးနိုင်ခြင်း၊ အထွက်နှုန်းလျော့ခြင်း၊ အလေအလွင့်များခြင်း၊ သီးနှံအရည်အသွေးမကောင်းခြင်း၊ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်မှုမရှိခြင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်မှုမရှိခြင်းစသည့် အားနည်းချက်များဖြစ်ပေါ်ပြီး တောင်သူလယ်သမားများ လူပင်ပန်းသလောက်၊ အချိန်ကုန်သလောက် အကျိုးမခံစားကြရခြင်းဖြစ်ကြောင်းကို စိတ်မကောင်းစရာသုံးသပ်တွေ့ရှိရပါသည်။

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားဖို့၊ ထိုမှတစ်ဆင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံအဖို့ မဖြစ်မနေကူးပြောင်းဆောင်ရွက်ရမည့်အချက်တစ်ချက်မှာ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ရေးပင်ဖြစ်သည်။ ဤတာဝန်ကို နိုင်ငံတော်အစိုးရကလည်း အဘက်ဘက်မှအားပေးဆောင်ရွက်လျက်ရှိကြောင်းတွေ့နေရသည်။ ဥပမာတစ်ခုကိုပြပါဆိုလျှင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရေးကို အားပေးဆောင်ရွက်နေသည်။ စက်မှုလယ်ယာစနစ်ကို အပြည့်အဝကူးပြောင်းနိုင်ဖို့ အချက်များစွာပြည့်စုံဖို့ လိုအပ်သည်။ ၎င်းတို့အနက် လယ်ယာသုံးစက်ကိရိယာများကို တောင်သူလယ်သမားများက တွင်တွင်ကျယ်ကျယ် သုံးစွဲနိုင်မှုသည်လည်း အဓိကပြည့်စုံရမည့် အချက်တစ်ချက် ဖြစ်နေသည်။

များဖြင့် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်သည့်အခွင့်အရေးကို တောင်သူလယ်သမားတိုင်းက လိုချင်ကြသည်။ အိပ်မက်မက်ကြသည်။ မျှော်လင့်နေသည့် မိုးတစ်ပြိုက် နှစ်ပြိုက်ကျသည်နှင့်အချိန်ကိုက် မိမိတို့လယ်ယာများကို ထွန်ယက်မည်။ အချိန်မီ မျိုးစေ့ကြဲပက်စိုက်ပျိုးမည် ဆိုသည့်အစီအစဉ်သည် မိမိတို့လက်ရှိဆောင်ရွက်နေသည့် ကျွဲ၊ နွားစနစ်နှင့် မလုံလောက်၊ အချိန်ကိုက်မဖြစ်။ ဒေသတွင်းရှိ လယ်ယာသုံးစက်ကိရိယာတစ်စီး၊နှစ်စီးကို အားကိုးရုံမျှဖြင့်လည်း မိမိအလှည့်ကိုစောင့်ရင်း ရာသီဥတုနှင့် အံဝင်ခွင်ကျ ချိန်ကိုက်မဖြစ်နိုင်။ မိမိ



**တောင်ကိုရီးယားနိုင်ငံမှ ချေးငွေဖြင့် ဝယ်ယူတင်သွင်း၍ သမဝါယမဝန်ကြီးဌာနက အရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချပေးခဲ့သဖြင့် အပိုဝင်ငွေနှင့် အဆင်ပြေနေသည့် တောင်သူဦးမြင့်ကျော်ကို ၎င်းဝယ်ယူထားသော Daedong ရိတ်သိမ်းခြွေလှေ့စက်နှင့်အတူတွေ့ရစဉ်။**

လယ်မြေကို မိမိပိုင်စက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးလိုသည့် အိပ်မက်ကို အကောင်အထည်ဖော်ဖို့စဉ်းစားပြန်တော့လည်း အသေးငယ်ဆုံးလက်တွန်းထွန်စက်တစ်စီး၏ တန်ဖိုးသည်ပင်လျှင် အနည်းဆုံးကျပ်သိန်း ၂၀ ခန့်၊ လယ်ထွန်စက်အကြီး၊ ရိတ်သိမ်းခြွေလှေ့စက်များဆိုလျှင် ကျပ်သိန်းသုံးရာကျော်ခန့်အထိတန်ဖိုးရှိသည်။ သာမန်တောင်သူလယ်သမားတစ်ဦးအတွက် မမျှော်မှန်းရဲစရာကိစ္စဖြစ်နေသည်။ လက်ငင်း ဝယ်ယူသုံးစွဲနိုင်ဖို့ အလှန်အလှမ်းဝေးသောအခြေအနေဖြစ်သည်။ သို့ပါ၍ ရသမျှနှင့်ကျေနပ်ရသော ဖွံ့ဖြိုးမှုမရှိသည့် အဆိုးသံသရာကို အမြန်လွန်မြောက်လိုကြပြီဖြစ်သည်။

ထိုအခြေအနေများကြောင့် လယ်ယာသုံးစက်ကိရိယာများကို တောင်သူလယ်သမားများက တွင်တွင်ကျယ်ကျယ် သုံးစွဲနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရက မည်သို့မည်ပုံ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်၊ ပေးနေသည်ကို စိတ်ဝင်စားမိပါသည်။ သိချင်မိပါသည်။ သို့ပါ၍ မေလကုန်ပိုင်းလောက်က နိုင်ငံတော်သမ္မတကြီး တက်ရောက်ချီးမြှင့်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ရောက်ရှိခဲ့စဉ် သမဝါယမဝန်ကြီးဌာနက တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သိလိုသမျှမေးမြန်းစပ်စုခဲ့မိသည်။

ဒီအခမ်းအနားကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်ကို နည်းနည်းလောက်ရှင်းပြပါလို့မေးတော့ **"တောင်သူလယ်သမားတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီအချိန်မီ ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်မှ အကျိုးအမြတ်ရရှိမှာဖြစ်ပါတယ်။ ဒီလိုလုပ်ကိုင်နိုင်ဖို့ဆိုရင် ရေ၊ မြေ၊ ဥတု၊ မျိုး၊ သွင်းအားစုများအပြင် ငွေကြေးအရင်းအနှီးနဲ့ စက်ကိရိယာအပြည့်အဝ အသုံးပြုနိုင်မှုလည်းလိုအပ်ပါတယ်။ လယ်ယာသုံးစက်ကိရိယာတွေကို လက်ငင်းငွေချေပြီး ကိုယ်ပိုင်ဝယ်ယူနိုင်ဖို့ဆိုတာ သူတို့အတွက်အလွန်ခက်ခဲပါတယ်။ ဒီအခက်အခဲကို သမဝါယမက ကူညီဖြေရှင်းပေးနေတာဖြစ်ပါတယ်။ စိုက်ပျိုးစရိတ် အရင်းအနှီးငွေကြေးအတွက် ချေးငွေထုတ်ချေးပေးတယ်။အတိုးနှုန်းက တစ်ကျပ် တစ်ဆယ့်ငါးပြားဖြစ်လို့ အပြင်က သုံးကျပ်တိုး၊ ငါးကျပ်တိုး၊ တစ်ဆယ်တိုး၊ တစ်ဆယ့်ငါးကျပ်တိုး၊ နှစ်ဆယ်တိုး၊ သုံးဆယ်တိုးထက် အများကြီးသက်သာပါတယ်။ ဒီနေ့အထိ မြန်မာတစ်နိုင်ငံလုံးမှာ သမဝါယမအသင်းသား ၂၀၉၁၇၀၃ ဦးကို ချေးငွေကျပ် ၂၂၄ ဒသမ ၅၅၁ ဘီလီယံကျော်ထုတ်ချေးပေးထားပြီးဖြစ်ပါတယ်။ ထို့အပြင် စက်ကိရိယာတွေကို ကိုယ်ပိုင်ဝယ်ယူအသုံးပြုဖို့ဆန္ဒရှိတဲ့ သမဝါယမအသင်းသား တောင်သူလယ်သမားတွေအတွက်လည်း သူတို့စိတ်ကြိုက်စက်ပစ္စည်းကို စိတ်ကြိုက်နေရာကဝယ်၊ သမ ဝါယမက ကြားခံပြီး ကျသင့်တန်ဖိုးကို ပေးချေပေးမယ်။ အသင်းသားက အရစ်ကျငွေချေစနစ်နဲ့ပြန်ဆပ်၊ ဒီစနစ်နဲ့ပံ့ပိုးပေးတယ်။ လယ်ယာသုံး စက်ကိရိယာများသာမက လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာတွေကိုလည်း အရစ်ကျငွေချေစနစ်နဲ့ သမဝါယမက ပံ့ပိုးဆောင်ရွက်ပေးနေပါတယ်။ ဒီနေ့အချိန်အထိ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးပစ္စည်း စုစုပေါင်းအစီး ၁၆၆၇၀၊ တန်ဖိုးအားဖြင့် ကျပ်သန်း ၁၃၉၃၄ဒသမ ၃၄၀၈ သန်းကို သမဝါယမအသင်းသား ၁၁၉၃၅ ဦးသို့ အရစ်ကျငွေချေစနစ်နဲ့ ရောင်းချပေးထားပြီးတော့ အဲဒီအထဲက ငွေအပြေအကျေပေးချေပြီးလို့ စက်ကိရိယာ ကိုယ်ပိုင်ဖြစ်သွားသူစုစုပေါင်း ၁၉၃၄ဦး ရှိပြီဖြစ်ပါတယ်"** ဟု ရှင်းပြသည်။

ဈေးကွက်အတွင်းမှာရှိတဲ့ စက်ပစ္စည်းကိရိယာများအနက် သမဝါယမအသင်းသားပြည်သူများ ၎င်းတို့ ကြိုက်နှစ်သက်သည့် စက်ပစ္စည်းကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပံ့ပိုးပေးခြင်းအပြင် အခမ်းအနားတွင် ဝယ်ယူသူတောင်သူလယ်သမားများနှင့်ယှဉ်တွဲကာ ခင်းကျင်းပြသထားသည့် ကိုရီးယားသမ္မတနိုင်ငံထုတ် Daedong စက်ကိရိယာများအကြောင်းကို မေးမြန်းတော့ ခုလိုဆက်ရှင်းပြပါသည်။

**"သမဝါယမဝန်ကြီးဌာနအနေနဲ့က သမဝါယမအသင်းသားပိုင်၊ အသင်းပိုင်ငွေကြေးတွေနဲ့ စက်ကိရိယာများကို အရစ်ကျငွေချေစနစ်နဲ့ ငွေကြေးစိုက်ထုတ်ပံ့ပိုးပေးနေပေမယ့် လုံလောက်မှုမရှိသေးပါဘူး။ စက်ကိရိယာတွေကို အရစ်ကျ ငွေချေစနစ်နဲ့ ဝယ်လိုတဲ့တောင်သူလယ်သမားတွေကို ဒီထက်ပိုမိုပံ့ပိုးနိုင်ဖို့အတွက် ပြည်ပနိုင်ငံများမှ တာဝန်ရှိသူများနဲ့ တွေ့ဆုံဆွေးနွေးတာတွေ၊ ဂျပန်နိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့ကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် သွားရောက်ပြီး လေ့လာတာ၊ ဆွေးနွေးတာ ၊ နည်းလမ်းရှာဖွေတာတွေ ဆောင်ရွက်တဲ့အခါ ကိုရီးယားသမ္မတနိုင်ငံအစိုးရရဲ့အကူအညီနဲ့ အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိတဲ့ Daedong Industrial Co., Ltd. ထုတ် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူ၊ ရောင်းချနိုင်ဖို့လမ်းစရရှိခဲ့ပါတယ်"။**

**"အဲဒီလိုဆွေးနွေးခဲ့ပြီးတဲ့နောက် Daedong ကုမ္ပဏီထုတ် လယ်ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များရဲ့ စက်စွမ်းရည်မောင်းနှင် သရုပ်ပြတာ၊ ကိုင်တွယ်အသုံးပြုနည်းပညာတွေကိုရှင်းလင်းတာ၊ အရစ်ကျ ငွေချေစနစ်နဲ့ ရောင်းချပေးမယ့် မူဝါဒ၊ စည်းကမ်းချက်တွေကို ရှင်းလင်းချပြတာတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်ခုနစ်ခုမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါတယ်။ သရုပ်ပြပွဲကို တက်ရောက်လာတဲ့ တောင်သူလယ်သမားတွေက ကြိုက်နှစ်သက်လို့ ဝယ်ယူလိုတဲ့ အဆိုပြုချက် (Demand) တွေကိုလည်း ကောက်ယူခဲ့ပြီး လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ခဲ့ပါတယ်"။**

**"ဒီလိုဆန်းစစ်မှုတွေဆောင်ရွက်ပြီးနောက် Daedong ကုမ္ပဏီ၊ အခြားဆက်စပ်အဖွဲ့အစည်းများနဲ့ အသေးစိတ် ညှိနှိုင်းမှုတွေ ပြုလုပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ လွှတ်တော်ရဲ့ခွင့်ပြုချက် ၊ အတည်ပြုချက်တို့ဖြင့် နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုခဲ့ကာ အမေရိကန်ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိတဲ့ 13 HP လက်တွန်းထွန်စက် ၂၀၂၃ စီး၊ 28 HP ထွန်စက် ၆၇၅ စီး၊ 35 HP ထွန်စက် ၄၈၁ စီး၊ 41 HP ထွန်စက်အစီး ၁၂၀၊ 45HP ထွန်စက် ၃၁၂ စီး၊ 50 HP ထွန်စက် ၉၄၆စီး၊60 HP ထွန်စက်အစီး ၁၃၇၀၊ 90 HP ထွန်စက် ၂၆၇ စီး ၊ 62 HP ရိတ်သိမ်းခြွေလှေ့စက် ၂၄၅ စီး၊ 72 HP ရိတ်သိမ်းခြွေလှေ့စက် ၂၈၄ စီး စုစုပေါင်းစက်အရေအတွက် ၆၇၂၃ စီးကို မှာယူတင်သွင်းခဲ့ပါတယ်။ စက်ပစ္စည်းအမျိုးအစားအလိုက် အရေအတွက်ကိုလည်း စက်စွမ်းရည်သရုပ်ပြပွဲများမှာ တောင်သူလယ်သမားတွေရဲ့ ဝယ်ယူလိုမှု (Demand) အဆိုပြုချက်များအပေါ် အခြေခံပြီး ပစ္စည်းအမျိုးအစားအလိုက် အချိုးကျတွက်ချက်ကာ အရေအတွက်ကို သတ်မှတ်မှာယူတင်သွင်းခဲ့တာဖြစ်ပါတယ် "** ဟု ရှင်းပြသည်။

Daedong စက်ကိရိယာများကို တောင်သူလယ်သမားများသို့ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမှုနှင့် ပတ်သက်၍လည်း **"ဒီပစ္စည်းတွေကို မဝယ်မနေရ အတင်းရောင်းပေးနေတာမဟုတ်ပါဘူး။ တောင်သူလယ်သမားတွေက ကြိုက်နှစ်သက်မှ ဝယ်ယူကြတာပါ။ ဝယ်မယ်ဆိုရင်တော့ သတ်မှတ်စည်းကမ်းများနဲ့အညီ စာရွက်စာတမ်းများဖြည့်စွက်ပြီး လက်ငင်း (Down Payment) အဖြစ် စက်ကိရိယာတန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းကိုပေးသွင်းပြီး စက်ကိုယူသွားရုံပါ။ တစ်နှစ်ပြည့်ရင်တော့ စက်တန်ဖိုးရဲ့ ငါးရာခိုင်နှုန်းနဲ့ ကျသင့်အတိုးကိုပေးသွင်းရမှာဖြစ်ပါတယ်။ 13 HP လက်တွန်းထွန်စက်ဆိုရင် အာမခံကာလ သုံးနှစ်၊ ပြန်ဆပ်ကာလ ငါးနှစ်၊ 50 HP အောက် လယ်ထွန်စက်တွေဆိုရင် အာမခံကာလ တစ်နှစ် ၊ ပြန်ဆပ်ကာလခြောက်နှစ်၊ 60 HP၊ 90 HP လယ်ထွန်စက်တွေဆိုရင် အာမခံကာလ တစ်နှစ် ၊ ပြန်ဆပ်ကာလ ခုနစ်နှစ် သတ်မှတ်ထားပါတယ်။ ပြန်ဆပ်ရာမှာလည်း မိမိဘက်က အဆင်ပြေရင်ပြေသလို စာချုပ်သတ်မှတ်ကာလအထိ မစောင့်ဘဲ ပေးသွင်းနိုင်ခွင့်ရှိပါတယ်။ ထို့အတူ အာမခံကာလအတွင်းမှာ မူလနည်းပညာအားနည်းချက်ကြောင့် ချွတ်ယွင်းမှုများ ဖြစ်ပေါ်ပါက အခမဲ့ပစ္စည်းလဲလှယ်၊ ပြုပြင်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"။**

(ဆက်လက်ဖော်ပြပါမည်)







# စောလူးမင်းကျောက်စာ၊ ဆင်ရွာပျူကျောက်စာ၊ မြနဒီကျောက်စာများနှင့်ပတ်သက်၍ သုတေသနပြု တွေ့ရှိချက်များ ဆွေးနွေးပွဲ ပြုလုပ်မည်

**နေပြည်တော် ဇွန် ၁၉**

ပျူခေတ်အက္ခရာ အရေးအသားများပါဝင်သည့် ပျူကျောက်စာသည် (ဘီစီ ၂ ရာစုမှ ၉ ရာစုအတွင်း) မြန်မာနိုင်ငံရှိ ပျူမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ အပါအဝင် ပျူမြို့ဟောင်းများတွင် တွေ့ရှိခဲ့သည်။ အက္ခရာအရေးအသား အထောက်အထားများ တွေ့ရှိလာရသည့် ပုဂံခေတ်ရှေ့ပိုင်းကာလ၏ ခိုင်မာသော သမိုင်းအထောက်အထားများ ပိုမိုတွေ့ရှိနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အစဉ်ကြိုးပမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။

ပုဂံခေတ်ရှေ့ပိုင်းကာလ၌ ဖြစ်ပေါ်ပြောင်းလဲမှု အထောက်အထားများ မှေးမှိန်နေမှုကို ယခုတွေ့ရှိထားသည့် ပျူအက္ခရာပါ ကျောက်စာအထောက်အထားတို့သည် မှေးမှိန်နေသော သမိုင်းကွင်းဆက်များကို ဖော်ထုတ်ရန် တန်ဖိုးမြင့်မားသည့် အထောက်အထားများဖြစ်သဖြင့် သမိုင်းအတွက် အလွန်အရေးပါလျက်ရှိကြောင်း တွေ့ရှိရသည်။ အဆိုပါ သမိုင်းအတွက် အလွန်အရေးကြီးသော ကျောက်စာအထောက်အထားများကို သဘာဝဘေးနှင့် လူတို့ဖျက်ဆီးမှုမှ ကင်းဝေးစေရန် စနစ်တကျနှင့် လုံခြုံစိတ်ချရမည့်နေရာတွင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ဇွန် ၈ ရက်က အမျိုးသားပြတိုက်(ရန်ကုန်)တွင်လည်းကောင်း၊ ဇွန် ၁၅ ရက်က မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင်လည်းကောင်း ကျင်းပသည့် အသစ်တွေ့ရှိသည့် ပျူကျောက်စာနှင့် ကမ်းပါးနီကျောက်ခေတ်နံရံပန်းချီတို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲတွင် ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

ကျောက်ခေတ်အထောက်အထား အသစ်တစ်ရပ်ဖြစ်သည့် ကမ်းပါးနီကျောက်နံရံပန်းချီရှိရာ ဒေသသို့လည်း ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ပညာရှင်များ၊ မီဒီယာများနှင့် စိတ်ပါဝင်စားသူတို့က ကွင်းဆင်းလေ့လာစစ်ဆေးခဲ့ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းစောင့်ရှောက်ရန် စတင်ဆောင်ရွက်နေသကဲ့သို့ ပျူယဉ်ကျေးမှုအထောက်အထားများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့ ပေတောပရဟိတကျောင်းတိုက်အတွင်းတွေ့ရှိသည့် စောလူးမင်းကျောက်စာ၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆင်ရွာမှ တွေ့ရှိသည့် "ပျူရှေးဟောင်းကျောက်စာ"၊ မြစ်သားမြို့ ရွှေမုဋ္ဌောဘုရားတွင် ထိန်းသိမ်းထားသော "မြနဒီကျောက်စာ"တို့နှင့် ပတ်သက်၍ ပျူခေတ်နှင့် ပုဂံခေတ်သမိုင်းကွင်းဆက်အထောက်အထားများ ဖော်ထုတ်နိုင်ရေးအထောက်အကူဖြစ်စေရန်အတွက် ပညာရေးဝန်ကြီးဌာနမှလည်းကောင်း၊ ပုဂ္ဂလိက ပျူစာပေပညာရှင်များကိုလည်းကောင်း ဖိတ်ခေါ်၍ ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းအမှတ်(၁၃၁) ကမ္ဘောဇနန်းတော် (ချင်းချောင်းနန်းတော်)၌ ဇွန် ၂၆ ရက် (သောကြာနေ့)နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း၊ စာတမ်းဖတ်ကြားလိုသူများအနေဖြင့် စာတမ်းအား တစ်ပါတည်း ပြင်ဆင်လာရန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ကြိုတင်စာရင်းပေးရန်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၉**

မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ပြပွဲ(၂၀၁၅)ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးသန်းမြင့်၊ Metro Computer Myanmar Co.,Ltd. မှ ဒါရိုက်တာ Takashi Kawasaki, Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ပြခန်းအတွင်းလှည့်လည် ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ပြပွဲကို Dagon Exhibitions Limited မှ ကြီးမှူးစီစဉ်ပြီး ပြည်တွင်း၊ ပြည်ပကုမ္ပဏီ ၆၀ ကျော်၊ ပြခန်းပေါင်း ၉၀ ဖြင့် ခင်းကျင်းကာ ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ပြီး ပညာရေးဆိုင်ရာ အသိပညာများ၊ အလုပ်အကိုင် အခွင့်အလမ်းများကို တစ်နေရာတည်းတွင် ပြည့်စုံစွာသိရှိနိုင်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **တင်မောင်ဦး**

# ကူမင်းကုန်စည်ပြပွဲတွင် မြန်မာကျောက်စိမ်းလက်ဝတ်ရတနာများ ပိုမိုအရောင်းသွက်

**ကူမင်း ဇွန် ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇွန် ၁၂ ရက်မှ ၁၆ ရက်ထိ ကျင်းပခဲ့သည့် တတိယအကြိမ် တရုတ်- တောင်အာရှပြပွဲနှင့် (၂၃)ကြိမ်မြောက် ကူမင်းပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲတွင် တရုတ်ငွေ ယွမ် ၅၀၀မှ ၁၀၀၀ ကြားတန်ဖိုးရှိ မြန်မာ့ကျောက်စိမ်းလက်ဝတ်ရတနာများကို တရုတ်ပြည်သူများ စိတ်ဝင်တစားဝယ်ယူကြကြောင်းသိရသည်။



"မနှစ်က ပိုရောင်းရတယ်။ ဒီနှစ်တော့ အရောင်းအဝယ်နည်းနည်းပါးတယ်။ တရုတ်ငွေ ယွမ် ၅၀၀ ကနေ ၁၀၀၀ ကြားတန်ဖိုးရှိလက်ဝတ်ရတနာတွေပဲ ရောင်းရပါတယ်။ ကျောက်စိမ်းကို ငွေတို့ ကြေးတို့ ကွပ်ထားတာပါ။ လူတိုင်းဝယ်နိုင်တဲ့ သဘောရှိပါတယ်။ ယွမ် ၃၀၀၀၊ ၄၀၀၀တန် ရောင်းရတာတော့ သိပ်မရှိသေးပါဘူး။ ရောင်းတဲ့အခါလည်း ရောင်းရပါတယ်။ လက်ကောက်ကိုတော့ ပိုစိတ်ဝင်စားကြတယ်။ လက်စွပ်ကိုလည်း ကြိုက်ကြတယ်။ ကျောက်စိမ်းက အနာအဆာမပါရဘူး။ သန့်ရမယ်။ အရည်အသွေးကောင်းရမယ်။ ဒါဆို ရောင်းပန်းလှပြီ" ဟု ကုန်စည်ပြပွဲတွင် ဖွင့်လှစ်ထားသည့် ကျောက်မျက် အရောင်းဆိုင်မှ ဦးမောင်မောင်ဆန်းက ပြောသည်။

"မြန်မာ့ကျောက်မျက်ရတနာတွေကို ဒီလိုနိုင်ငံတကာ ကုန်စည်ပြပွဲတွေမှာ ဝင်ရောက်ပြသခြင်းအားဖြင့် နိုင်ငံတကာက မိတ်တွေအများကြီးရလာမယ်။ ငွေကြေးတွေ အကုန်အကျခံပြီး လာပြကြတာ အဓိကက နိုင်ငံ့ဂုဏ်အတွက်ပဲ။ နောက်တစ်ခုက ဒီလိုပွဲတွေကနေ စီးပွားရေးလုပ်ငန်းရှင်တွေ ချိတ်ဆက်ပြီး ကိုယ့်နိုင်ငံကို လာရောက်ဖို့ ဖိတ်ခေါ်လို့ရတယ်။ နေပြည်တော်မှာ လုပ်မယ့်ပြပွဲအတွက်လည်း သူတို့ကို Information ပေးလို့ရတယ်။ အခက်အခဲမရှိဘူး၊ အကုန်လုံးအဆင်ပြေတယ်။ တည်းခိုဖို့ ဟိုတယ်ကအစ၊ စားဖို့သောက်ဖို့ အကုန်အဆင်ပြေတယ်။ အကုန်စီစဉ်ပေးထားတယ်။ အခု ငါးယောက်လောက်က နေပြည်တော် ပြပွဲကိုလာဖို့ ကမ်းလှမ်းလာကြတယ်။ မြန်မာပြည်ကိုတစ်ခါမှ မရောက်ဖူးတဲ့ တရုတ်နိုင်ငံသားတွေပါ။ အဲဒီလို များများလာဖို့ နိုင်ငံ့အတွက်ကို အဓိကထားပြီး ပြသတာပါ"ဟု မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကုန်စည်ပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာဆိုင်ခန်းများသို့ တစ်နေ့လျှင် နှစ်သောင်းခန့် လာရောက်ကြည့်ရှုလေ့လာကြကြောင်းနှင့် နှစ်စဉ်နှစ်တိုင်း ပြပွဲဖွင့်လှစ်နေစဉ်အတွင်း ကျောက်မျက်ရတနာများမကြာခဏ ပျောက်ဆုံးမှုများ ဖြစ်ပေါ်တတ်သဖြင့် ဆိုင်ရှင်များက အထူးဂရုစိုက်ရကြောင်း သိရသည်။

ငါးရက်တာ ခင်းကျင်းပြသခဲ့သည့် ကျောက်စိမ်းကျောက်မျက်ရတနာများမှာ အနည်းဆုံး တရုတ်ငွေ ယွမ် ၅၀၀ မှ ကျောက်မျက်အရည်အသွေးကို လိုက်၍ ဈေးနှုန်းအနည်းအများ သတ်မှတ်ရောင်းချကြောင်း သိရပြီး အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဆိုင်ခန်းပေါင်း ၂၀ ကျော် ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။ **(သီသီမင်း)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



# ဆောင်းဟေကို၏ တတိယမြောက် တရုတ်ရုပ်ရှင်

အွန်စောဟုသာ မြန်မာပရိသတ်အမည်တပ်လေ့ရှိသော တောင်ကိုရီးယားမင်းသမီးချောဆောင်းဟေကိုသည် သူ၏တတိယမြောက်တရုတ်စကားပြောရုပ်ရှင်ကို ရိုက်ကူးလျက်ရှိကြောင်း ယူကျူ့ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယခုရိုက်ကူးလျက်ရှိသော ရုပ်ရှင်သည် "The Queens" ဟုအမည်ရပြီး ဆောင်းဟေကိုသည် ဒါရိုက်တာ ဝေါင်ကာဝိုင်ရိုက်ကူးပေးသော "The Grandmaster"နှင့် ဂျွန်ဝူးရိုက်ကူးပေးသော "The Crossing" ဟူသည့် တရုတ်စကားပြောရုပ်ရှင်နှစ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဆောင်းဟေကိုက "ကျွန်မတကယ့်ကိုကျက်သရေရှိတဲ့ တရုတ်အမျိုးသမီးတစ်ယောက် နေရာက သရုပ်ဆောင်ခဲ့တယ်။ အရင်ရိုက်ခဲ့တဲ့ရုပ်ရှင်တွေနဲ့မတူတာကတော့ အခုဇာတ်လမ်းက ခေတ်သစ်အချစ်ဇာတ်လမ်းလေးပါ။ ဘဝမှာနာကျင်စရာတွေနဲ့ကြုံတွေ့ခဲ့ရပြီးမှ ကိုယ့်ကိုယ်ကိုယ် နားလည်သွားခဲ့တဲ့အမျိုးသမီးတစ်ဦးရဲ့ အကြောင်းလေးပေါ့"ဟု ဇာတ်လမ်းနှင့်ပတ်သက်၍ တစ်စွန်းတစ်စဖွင့်ဟခဲ့သည်။

အဆိုပါရုပ်ရှင်တွင် ဆောင်းဟေကိုသည်အန်နီးဟုအမည်ရသည့် အမျိုးသမီးလူစွမ်းကောင်းတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။ အန်နီးသည် လှပပြီးအရည်အချင်းရှိသည့် မင်းသမီးတစ်ဦးဖြစ်ကာ ရှစ်နှစ်ကြာလက်တွဲလာခဲ့သောချစ်သူနှင့် လမ်းခွဲပြီးနောက် သူ့ဘဝအတွက် အလှည့်အပြောင်းဖြစ်စေနိုင်မည့် အခွင့်အရေးတစ်ရပ်ကို ရခဲ့လေသည်။


# လမ်းခွဲလိုက်ပြီဖြစ်တဲ့ နစ်ခ်ဂျိုးနက်စ်နဲ့ အိုလီဗာကာလ်ပို

နှစ်နှစ်ကြာ လက်တွဲလာခဲ့ပြီးနောက် အမေရိကန်ပေါ့ပ်အဆိုတော် နစ်ခ်ဂျိုးနက်စ်နှင့် ချစ်သူမယ်စကြဝဠာတစ်ဦးဖြစ်သော အိုလီဗာကာလ်ပိုတို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း US Weekly က ဖော်ပြခဲ့သည်။

လိုက်ဖက်ညီလှသော ကြယ်ပွင့်နှစ်ဦး၏ အချစ်ရေးသတင်းသည် လွန်ခဲ့သော သီတင်းပတ်များကတည်းက သို့လောသို့လော ပုံ့နှံ့နေခဲ့သော်လည်း ပြီးခဲ့သည့်သီတင်းပတ်က နယူးယောခ်မြို့တော်သို့ အလုပ်ကိစ္စဖြင့် သွားရောက်ခဲ့ရသော ခရီးတွင် သူတို့နှစ်ဦး သီးခြားဟိုတယ်များ၌ တည်းခိုခဲ့သဖြင့် သတင်းမှာ ပိုမိုခိုင်မာလာခဲ့ခြင်းဖြစ်သည်။

အဆိုတော်ဂျိုးနက်စ်၏ မိတ်ဆွေတစ်ဦးက "သူတို့နှစ်ဦးရဲ့ဇာတ်လမ်းက အခုတော့တစ်ခန်းရပ်သွားပါပြီ။ ဒါပေမယ့် ကြာကြာလမ်းခွဲနိုင်ကြမလားဆိုတာတော့မသေချာပါဘူး"ဟု US Weekly သို့ ပြောသည်။

အသက်(၂၂)နှစ်ရှိပြီဖြစ်သော ဂျိုးနက်စ်သည် (၂၃)နှစ်အရွယ် ကာလ်ပိုနှင့် နယူးယောခ်ဖက်ရှင်သီတင်းပတ်တစ်ခုတွင်စတင်တွေ့ဆုံခဲ့ကြပြီး ချစ်သူသက်တမ်းနှစ်နှစ်အကြာတွင်လမ်းခွဲခဲ့ကြခြင်းဖြစ်သည်။







# Smurfs ရုပ်ရှင်သစ်မှာ သရုပ်ဆောင်မယ့် ဒေမီလက်ဗားတိုး

အမေရိကန်ပေါ့ပ်အဆိုတော်ဒေမီလက်ဗားတိုးသည် ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မည့် Smurfs ရုပ်ရှင်သစ်တွင် Smurf ကောင်လေးများ၏ နေရာမှ အသံဖြင့်သရုပ်ဆောင်ပေးသွားမည် ဖြစ်သည်။

အဆိုပါရုပ်ရှင်တွင် ဗီလိန်တစ်ဦးဖြစ်သော ဂါဂန်မဲလ်နေရာတွင်ရိန်းဝေလ်ဆန်က သရုပ်ဆောင်ပေးသွားမည်ဖြစ်ကာ Smurf ကောင်လေးများ၏ ဖခင်နေရာတွင် မန်ဒီပက်တင်ကင်န်က ပါဝင်သရုပ်ဆောင်ပေးထားသည်။

ယင်းရုပ်သံဖန်တီးမှုရုပ်ရှင်ကို ယခင်က ၂၀၁၆ ဩဂုတ် ၅ ရက်တွင် အပြီးသတ်ထုတ်လွှင့်နိုင်ရန်အစီအစဉ်ဆွဲထားခဲ့သော်လည်း ၂၀၁၇ ခုနှစ်ထိတိုင် ထုတ်လွှင့်နိုင်လိမ့်မည်မဟုတ်ကြောင်း deadline သတင်းစာက ဖော်ပြခဲ့သည်။

လက်ဗားတိုးသည် ၂၀၀၈ ခုနှစ်က ထုတ်လုပ်ခဲ့သော ဒစ်စနေ၏ Camp Rock ရုပ်ရှင်နှင့် မကြာသေးမီက ရိုက်ကူးခဲ့သော From Dusk Till Dawn ရုပ်ရှင်များတွင်လည်း အသံဖြင့် ပါဝင်သရုပ်ဆောင်ဖူးလေသည်။

# ကင်မရာခိုးယူခဲ့မှုကြောင့် ဂျက်စတင်ဘီဘာ၏ကိုယ်ရံတော်ဟောင်း ထောင်ဒဏ်ကျခံရ

**ဂျက်စတင်ဘီဘာ၏ ကိုယ်ရံတော်ဟောင်းတစ်ဦးဖြစ်သူ အသက်(၃၃)နှစ်အရွယ်ရှိ ဟူဂို ဟစ်နီသည် ဓာတ်ပုံဆရာတစ်ဦးထံမှ ကင်မရာကို ခိုးယူခဲ့သည့်အတွက် ထောင်ဒဏ်၄၅ရက်ကျခံခဲ့ရသည်။**



ဟစ်နီသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက အတ်တလန်တာမြို့တွင် သတင်းထောက်တစ်ဦးထံမှ ကင်မရာကိုခိုးယူခဲ့သည့်အတွက် ယခုကဲ့သို့ထောင်ဒဏ်ကျခံစေရန် ဖယ်လ်ကွန်ကောင်တီတရားရုံးက တနင်္လာနေ့တွင် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် သူသည် လူမှုရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်သွားရမည်ဖြစ်ကာ ဒေါသကိုထိန်းချုပ်နိုင်ရန် လေ့ကျင့်ပေးသည့်သင်တန်းများကိုလည်း တက်ရောက်သွားရမည်ဖြစ်သည်။

ယခုတစ်ကြိမ်သည် ဟစ်နီအတွက်ဒုတိယအကြိမ် ကင်မရာခိုးယူခဲ့ခြင်းဖြစ်ကာ ၂၀၁၃ဇွန်လက ဂျက်စတင်ဘီဘာနှင့်အတူ မိုင်ယမ်မီမြို့တော်ရှိ စတူရီယိုမှအပြန်တွင်လည်း သတင်းထောက်တစ်ဦး၏ကင်မရာကို ရယူရန်ကြိုးပမ်းခဲ့သည့်အတွက် ထိန်းသိမ်းခံရဖူးသည်။

**အေးပြည့် - စုစည်းသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

*20 - 6 -2015 (paeae)*

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၆း၃၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၀၅ VOAအင်္ဂလိပ်စာသင်ခန်းစာ
- ၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၁း၀၀ English For Myanmar
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မိုးဝသန်ရဲ့ နွေဉသြ -အောင်ရဲလင်း၊ သင်ဇာဝင့်ကျော် ဒါရိုက်တာကြည်ဖြူသျှင်
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စက်ရုပ်ချစ်သူ (အပိုင်း-၂၈)
- ၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၄၅ ကျန်းမာသုတ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂါလီမာ (အပိုင်း-၃၆)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူ့ဌေးလမ်း
- ၆း၁၀ စားဖို့ဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ရာဇဝင်ထဲကတော်ဝင်သမားတော်"(အပိုင်း-၅၅) -လူ့ရှင်တော်စတား -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာဖွဲ့ကြိုး" (အပိုင်း-၅၇)

### MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၄၀ "အကိတ္တိဇာတ်" တရားတော် [ဆရာတော်အရှင်လက္ခဏိက (တောနေရဟန်း-စကျင်)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၄၆)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ကျောင်းသား ကျောင်းသူဟောင်းများ အသင်း၏ "စဉ်ဆက်မပြတ် ဆေးပညာနှီးနှောဖလှယ်ပွဲ"အခမ်းအနား
- ၈း၀၀ Cartoon Series (Go Go Giggles)
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၁၀၄)
- ၁၀း၁၀ ခေတ်သစ်ပျိုမေ
- ၁၀း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Tiger Balm Trade Appreciation Dinner)
- ၁၁း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Happy Beach" (ဝင်ကစွပ်+သေမလို့)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အရိပ်မည်း(အပိုင်း-၁)]
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၄၆)
- ၃း၃၅ Fashion Week
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၄၇)
- ၈း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အရိပ်မည်း(အပိုင်း-၂)]
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၁၀၅)
- ၁၁း၄၅ နယူဆန်းထွင် ပန်းအလှဆင် (S ဒီဇိုင်းပုံစံ ပန်းအလှဆင်နည်း)
- ၄း၁၀ World Of Knowledge (Explorer Top 125 Cradle of the Gods)

### mitv

- Let's Cook (Episode - III)
- History Of Mrauk U Pagoda
- Orchid Lover
- Inspiration
- Waso Charity Feast
- Civic Duty
- Natural Lake: Fish Breeding Business
- Karaweik Palace- A Symbol Of Glorious MyanmaCulture
- Dengue Fever
- Discovering Tribes "Bwe"
- Guiding Star of Sonag Birds
- Bagan: The Land of Pagoda
- Mix Restaurant & Bar
- Myanmar Street Foods
- Myanmar Masterclass: Fantastic Art
- A Pretty Custom of Kandayawady Asia Vut A @ Rice Pounding Competition
- A Visit To Today's Along-Daw-Katthapha
- Sticky Shan Snack
- Yangon Markets: Nyaung Pin Lay Market
- An Oasis Trip to Mt. Popa
- Rakhine Traditional Wedding Ceremony
- Pet Fish Biz
- Made in Myanmar "Mixxo"
- Kayin Child Boxer
- Myanmar Traditional Toys
- Independent Filmmaker

# ဂျိုကိုဗစ်ချ်နှင့် သင့်မြတ်မှုမရှိဟု ဘောရစ်ဘက်ကာ၏ ဝေဖန်ချက်အပေါ် ဖက်ဒဲရာ တုံ့ပြန်



ယခင်တင်းနစ်အကျော်အမော်ဟောင်း ဘောရစ်ဘက်ကာက ဂျိုကိုဗစ်ချ်နှင့် ဖက်ဒဲရာတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး လုံးဝနှစ်သက်ခြင်းမရှိကြတဲ့ ကစားသမားနှစ်ဦးလို့မှတ်ချက်ပြုခဲ့ခြင်းအပေါ် ဖက်ဒဲရာက ဘက်ကာအနေနဲ့ ယခုကဲ့သို့ပြောရန် အခွင့်အရေးမရှိပါဘူးဆိုပြီး ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။

ဂျိုကိုဗစ်ချ်နဲ့ ဖက်ဒဲရာတို့နှစ်ဦးဟာ တစ်ဦးကို တစ်ဦးဘယ်လိုမှနှစ်သက်ခြင်းမရှိဘဲ သူတို့နှစ်ဦးကြားမှာ မပြေလည်တဲ့ဆက်ဆံရေးမျိုးသာရှိနေတယ်လို့ ဘက်ကာရဲ့ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်တဲ့ Wimbledon: My Life and Career at the All England Clubမှာ ထည့်သွင်းရေးသားခဲ့ပါတယ်။

"ဒီလိုမလိုလားအပ်တဲ့မှတ်ချက်ပြုတာတွေက ကျွန်တော့်ကို စိတ်အနှောင့်အယှက်ဖြစ်စေပါတယ်။ ကျွန်တော်နဲ့ နိုဗက်(ဂျိုကိုဗစ်ချ်) ပြဿနာရှိလား၊ မရှိဘူးလားဆိုတာ သူဘယ်လိုလုပ်သိနိုင်မှာလဲ။ အရင်က ကျွန်တော့်အနေနဲ့ ကွင်းထဲမှာ နိုဗက်ရဲ့ အပြုအမူတွေကိုနှစ်သက်ခြင်းမရှိဘူးဆိုတာမှန်ပါတယ်။ ဒါပေမယ့်သူဟာ အခုအချိန်မှာ တကယ့်ကို မျှမျှတတနဲ့ပွဲကိုချဉ်းကပ်လာတတ်ပါပြီ။ ပြီးတော့ သူနဲ့ကျွန်တော်တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံရတယ်ဆိုတာ မရှိသလောက်ပါပဲ။ ဘက်ကာအနေနဲ့ ဒါမျိုးသတင်းကို ဘယ်ကကြားပြီးပြောနေတာလဲဆိုတာ စဉ်းစားလို့မရပါဘူး။ ကျွန်တော့်ရဲ့ လူတိုင်းကို အားနာဖော်ရွေတတ်တဲ့ အကျင့်ကိုတောင် ဒီလောက်အထိ မလိုက်လျောသင့်ဘူးလို့ ဘက်ကာက သတိပေးခဲ့သေးတယ်" လို့ ဘာနာဇီတန်နဲ့ အင်တာဗျူးပြုလုပ်စဉ်မှာ ပြန်လည်ရှင်းလင်းခဲ့ပါတယ်။

ဖက်ဒဲရာက သူ့ရဲ့နည်းပြအက်ဘာ့နှင့် ဘောရစ်ဘက်ကာ(ဂျိုကိုဗစ်ချ်နည်းပြ) တို့နှစ်ဦးဟာ သူ့ကို ယခုလိုကျော်ကြားတဲ့တင်းနစ်သမား တစ်ယောက်အဖြစ်တွန်းပို့ပေးခဲ့တဲ့ မြင်ဆရာများဖြစ်တယ်ဆိုပြီး ပြောကြားခဲ့ပါတယ်။ [ရွှိုင်ယန်ဟေဒင်]

# တင်းနစ်လူရွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၉

စင်ကာပူနိုင်ငံတွင် ၂၀၁၅ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁ ရက်အထိကျင်းပမည့် Southeast Asian(S.E.A) Junior Tennis Tournament 2015 သို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် လူရွေးပွဲကို ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ပြုလုပ်မည်ဖြစ်သည်။

လူရွေးချယ်ပြိုင်ပွဲတွင် အသက်(၁၂)နှစ်နှင့်အောက် ပြိုင်ပွဲအတွက် အမျိုးသားနှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ အသက်(၁၄)နှစ်နှင့် အောက်ပြိုင်ပွဲအတွက် အမျိုးသားနှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ အသက်(၁၆)နှစ်နှင့်အောက်ပြိုင်ပွဲအတွက် အမျိုးသားနှစ်ဦး၊ အမျိုးသမီး နှစ်ဦး ရွေးချယ်သွားမည်ဖြစ်ပြီး အရွေးချယ်ခံရသော ကစားသမားများအား ပြိုင်ပွဲကာလအထိ လေ့ကျင့်မှုများပြုလုပ်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင်(၁၂)နှစ်နှင့်အောက်၊(၁၄)နှစ်နှင့်အောက်၊ (၁၆)နှစ်နှင့်အောက် စသည်ဖြင့် အသင်းလိုက်ယှဉ်ပြိုင်ရပါမည်။ အသင်းလိုက်ပြိုင်ပွဲအတွက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ စသည့် event များဖြင့် ယှဉ်ပြိုင်ရမည်။ အသက်ကန့်သတ်ချက်မှာ အသက်(၁၂)နှစ်နှင့်အောက်ပြိုင်ပွဲအတွက်(၂၀၀၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အတွင်း မွေးဖွားသူများ)၊ အသက်(၁၄)နှစ်နှင့်အောက်ပြိုင်ပွဲအတွက်(၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အတွင်း မွေးဖွားသူများ)၊ အသက်(၁၆)နှစ်နှင့်အောက်ပြိုင်ပွဲအတွက် (၁၉၉၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အတွင်း မွေးဖွားသူများ)စသည်ဖြင့် သတ်မှတ်ထားသည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက် အပြည့်အစုံ(ဓာတ်ပုံနှင့်အတူ)ဖြည့်စွက်ပြီး ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ ဇွန် ၂၆ ရက် ညနေ ၅ နာရီနောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်ကို ရုံးဖုန်း ၀၁-၃၇၂၃၆၀၊ ဦးမင်းမင်း ၀၉-၅၄၁၆၉၁၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# အက်ဒရီယာနို ဘာစီလိုနာမှ ထွက်ခွာမည်

ဘာစီလိုနာအသင်းမှ နောက်တန်းကစားသမား အက်ဒရီယာနိုသည် ဘာစီလိုနာအသင်းတွင် ပွဲထွက်ကစားခွင့်အများအပြားရရှိခဲ့သော်လည်း ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် နူးကမ့်ကိုလမ်းခွဲကာ အခြားကလပ်အသင်းသို့ပြောင်းရွှေ့ကစားရန် ရှိနေကြောင်း ၎င်း၏အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

အက်ဒရီယာနိုသည် လက်ရှိဘာစီလိုနာအသင်း၏ နောက်တန်းတွင် ဂျော်ဒီအယ်လ်ဘာ၊ ဒန်နီအဲလ်ဘတ်နှင့် မက်သီရူးတို့နှင့်အတူ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိထားသော်လည်း ဘာစီလိုနာအသင်းထက် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိမည့် အသင်းတစ်သင်းတွင် ပါဝင်ကစားခွင့်ရရှိရန် ဆန္ဒရှိနေခဲ့သူဖြစ်သည်။

"အက်ဒရီယာနိုဟာ ဘာစီလိုနာမှာ ပျော်ရွှင်မှုရရှိနေပါတယ်။ ဘာစီလိုနာအသင်းမှာ ကစားနေတာကြောင့်သူ့အတွက် ဘာစီလိုနာအသင်းနဲ့အတူ သမိုင်းသစ်တစ်ရပ်လည်း ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် သူ့အနေနဲ့ ဘာစီလိုနာထက် အချိန်ပိုပြီးကစားခွင့်ရမယ့် အသင်းတစ်သင်းကို ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေခဲ့တာပါ"ဟု အက်ဒရီယာနို၏ အေးဂျင့်ဖြစ်သူ ပေါ်လိုအက်ဖွန်ဆိုက ပြောကြားခဲ့သည်။ [ငွေကြယ်]



# ဖယ်လ်ကာအို ချယ်လ်ဆီးသို့ ပြောင်းရန် နီးစပ်မှုရှိနေ

ပရီမီယာလိဂ်လက်ရှိ ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းမှ တိုက်စစ်မှူး ဖယ်လ်ကာအိုအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ဖယ်လ်ကာအိုသည်လည်း ချယ်လ်ဆီးအသင်းသို့ ရောက်ရှိရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဖယ်လ်ကာအိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့စဉ်က မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၂၉ ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ ကိုလံဘီယာအသင်းက ဘရာဇီးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဘရာဇီးဘယ်နောက်ခံကစားသမား ဖိလစ်ပီ လူးဝစ်က ဖယ်လ်ကာအိုအား ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ထောက်ခံပြောကြား ခဲ့ကြောင်းသိရသည်။

"ဖယ်လ်ကာအိုနဲ့အတူ ကျွန်တော် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှာ အတူကစားခဲ့ကြပါတယ်။ ဖယ်လ်ကာအိုဟာ တကယ့်ကို ထူးချွန်တဲ့ကစားသမားတစ်ဦးပါ။ အဲဒါကြောင့် အခုကျွန်တော်ကစားနေတဲ့ ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိတဲ့အကြောင်း ကျွန်တော်ပွင့်ပွင့်လင်းလင်း ပြောခဲ့တာပါ။ လာမယ့် ဘောလုံးရာသီမှာလည်း ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ်ဖလားရရှိအောင် အကောင်းဆုံးစွမ်းဆောင်ပေးသွား မှာပါ"ဟု ဘယ်နောက်ခံကစားသမား ဖိလစ်ပီလူးဝစ်က ပြောကြားခဲ့သည်။

ဖိလစ်ပီလူးဝစ်၏ ချယ်လ်ဆီးအသင်းတွင်ရော ဘရာဇီးလက်ရွေးစင်အသင်းတွင်ပါ ကစားဖော်ဖြစ်သည့် ကွင်းလယ်ကစားသမား ဝီလီယံကလည်း ဖယ်လ်ကာအိုမှာ ချယ်လ်ဆီးအသင်းတွင် အောင်မြင်မှုရရှိမည့် ကစားသမားတစ်ဦးအဖြစ် ယုံကြည်ထား ကြောင်းပြောကြား ခဲ့သည်။

[ငွေကြယ်]

## အားကစားလောက သတင်းတိုများ

- မန်စီးတီး၏ လီဗာပူးတောင်ပံတိုက်စစ်မှူးစတာလင်းအတွက် ပေါင်သန်း ၄၀ နီးပါးဖြင့် ဒုတိယအကြိမ်ထပ်မံကမ်းလှမ်းမှုမှာလည်း ပယ်ချခံခဲ့ရသည်။
- ချယ်လ်ဆီးဂိုးသမားပီတာချက်အား အာဆင်နယ်မှ ခေါ်ယူရန်နီးစပ်နေပြီဖြစ်ကာ အာစင်ဝင်းဂါးက ချက်ရောက်ရှိလာလျှင် အသင်း၏ပထမဦးစားပေးကစားသမားအဖြစ် အသုံးပြုသွားမည်ဟု ကတိပေး ပြောကြားခဲ့သည်။
- ဂျူဗင်တပ်သည် အက်သလက်တီကိုတိုက်စစ်မှူးမန်ဇူကစ်အားယူရို ၁၈သန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုခွင့်ရရန် နီးစပ်နေပြီဖြစ်သည်။
- မာရှေယာနိုက အာဂျင်တီးနားအသင်းခေါင်းဆောင်မက်ဆီအနေဖြင့် ကိုပါအမေရိကဖလားတွင် ခြေစွမ်းပြနေခြင်းမှာ အံ့ဩခြင်းမရှိဘဲ မက်ဆီကဲ့သို့ကစားသမားအတွက် ပွဲတိုင်းခြေစွမ်းပြနေခြင်းက သာမန်ကိစ္စရပ်သာဖြစ်သည်ဟု ချီးကျူးပြောကြားခဲ့သည်။
- ချယ်လ်ဆီးက အသင်းမှတိုက်စစ်မှူး လိုရစ်ရာမီအားယခုနွေရာသီအပြောင်းအရွှေ့တွင် ပေါင်၁၅သန်းရလျှင် ရောင်းချသွားမည်ဖြစ်သည်။
- အက်စတွန်ဗီလာက အလိုရှိနေသော်လည်း စပါးအသင်းတွင်သာ ဆက်ရှိနေရန်တောင်းဆန်ကမျှော်လင့်နေသည်။
- ဇွန်လကုန်တွင် လီဗာပူးနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးမည့် ဗဟိုနောက်ခံလူဂလင်းဂျွန်ဆင်က ဘီဆီတပ်စ်အသင်း၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့သည်။

# မိမိကိုယ်ကို ထိန်းသိမ်းမှုအားနည်းသူဟု နေမာ အား ရိုနယ်လ်ဒို ဝေဖန်



**ကိုလံဘီယာအားရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် နောက်ဆုံးပွဲသိမ်းခရာမှုတ်ပြီးချိန်၌ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသော ဘရာဇီးအသင်းခေါင်းဆောင်နေမာအား ယခင်ဘရာဇီးဂန္ထဝင်ကစားသမားရိုနယ်လ်ဒိုက ခက်ခဲသည့်ဖိအားဒဏ်ကို ခံနိုင်ရည်အားနည်းသူဟု ဝေဖန်ခဲ့သည်။**



အသက်(၂၃)နှစ်အရွယ်ရှိနေမာသည် အာမီရို၏ခြေထောက်နားရှိ ဘောလုံးကိုအသားလွတ်ကန်ခဲ့ပြီးနောက် မူရီလိုအားခေါင်းဖြင့် ဆောင့်တိုက်ခြင်းတို့ကြောင့် ကွင်းအတွင်းရန်စောင်သည့်ပြဿနာများဖြစ်ပွားခဲ့ရသည်။နေမာက ဒိုင်၏လုပ်ရပ်များက ၎င်း၏စိတ်ကို ဆွပေးသလိုဖြစ်ခဲ့သည့်အတွက် ယင်းသို့သောကိစ္စရပ်များဖြစ်လာရခြင်းဖြစ်သည်ဟု ကာကွယ်ပြောကြားခဲ့သော်လည်း ရိုနယ်လ်ဒိုကမူ နေမာ၏အပြုအမူမှာ လက်ခံနိုင်စရာမရှိဟု ဝေဖန်ခဲ့သည်။

ရိုနယ်လ်ဒိုက" နေမာက အခု သူလုပ်ခဲ့တာနဲ့ သူပြောခဲ့တာတွေက တကယ့်ကို ဆန့်ကျင်ဘက်တွေဖြစ်နေပါတယ်။ ဒေါသတွေနဲ့လုပ်ချင်ရာလျှောက်လုပ်ခဲ့ပြီးမှ ဖြစ်လာတဲ့ကိစ္စရပ်တွေအပေါ် လက်မခံနိုင်ဘဲ စကားတွေနဲ့ ပြန်ပြီးတန်ဆာဆင်ကာကွယ်ဖို့ သူကြိုးစားနေတာပါ။ခင်ဗျားအနေနဲ့ ဘရာဇီးအသင်းဂျာစီကို ဝတ်ထားရင် ဒါမျိုးလုပ်လို့မရဘူးဗျ" ဟု ဝေဖန်ပြောကြားခဲ့သည်။ [ရွှိုင်ယန်ဟေဒင်]

# မြစ်သာဆည်အနီး ရေသယ်ယာဉ်တိမ်းမှောက် အမျိုးသမီးနှစ်ဦး သေဆုံး

**ပခုက္ကူ ဇွန် ၁၉**

ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် မြစ်သာဆည်အနီးတွင် ဇွန် ၁၇ ရက်က ရေသယ်ယာဉ်တိမ်းမှောက်ခဲ့သဖြင့် အမျိုးသမီးနှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၁၇ ရက် ညနေပိုင်းက ယာဉ်မောင်း ကျော်ဌေးအောင်(၂၁) နှစ် ချောင်းတက်ရွာ ချောက်မြို့နယ်နေသူမောင်းနှင်သည့် ဟီးနိုး ခြောက်ဘီးယာဉ်သည် မြစ်သာမြစ်မှ သောက်သုံးရေသယ်ယူပြီး မြစ်သာဆည်အနီး ကုန်းအတက်တွင် ဘရိတ်ပေါက်ပြီး လမ်းချော်၍ နောက်ပြန်လျှောကာ လမ်း၏ဝဲဘက်ခြမ်းသို့တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် မောလယ်ရွာ ဂန့်ဂေါမြို့နယ်နေသူများဖြစ်ကြသော မညိုညိုဌေး(၃၅)နှစ်နှင့် မသူဇာခင်(၂၀)နှစ်တို့နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ကျန်အမျိုးသားနှစ်ဦးမှာဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်း



သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်ဌေးအောင်အား ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# ဝဲဘက်ရှေ့ဘီးပေါက်သောယာဉ် လမ်းလယ်ကျွန်း ဘာရီယာတုံးအား ဝင်ရောက်တိုက်မိ

**နေပြည်တော် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၉၅/၂-၃)ကြားတွင် ဇွန် ၁၆ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ မောင်မောင်မျိုး (၄၂)နှစ် မောင်းနှင်လာသော 2J/-----AD VAN အဖြူရောင်ယာဉ်သည် ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းဘာရီယာတုံးအား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ဦးလှထွန်း(၅၂)နှစ်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် မောင်မောင်မျိုးအား သီးကုန်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



# လမ်းလယ်ကျွန်းလမ်းဖြတ်သို့ ချိုးကွေ့သောယာဉ်အား နောက်ယာဉ်မှ ဝင်ရောက်တိုက်မိ



**နေပြည်တော် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၆၄/၀-၁)ကြားတွင် ဇွန် ၁၇ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မွန်ပြည်နယ် ဘီးလင်းမြို့နေ ဦးဝင်းမြင့် (၅၇)နှစ် မောင်းနှင်လာသော 6H/------ AD VANယာဉ်သည် လမ်းလယ်ကျွန်း လမ်းဖြတ်သို့ ချိုးကွေ့စဉ် နောက်မှ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ဦးအေးမြင့်(၄၆)နှစ် မောင်းနှင်လာသော 3H/×××× TOYOTA RACTIS ယာဉ်က ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

ထိုသို့တိုက်မိမှုကြောင့် TOYOTARACTIS ယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် နှစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဦးဝင်းမြင့်အား ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ဝန်းကျင်လုပသာယာဖို့ ဆေးစွဲသူကိုဝိုင်းကူစို့

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# ဖားကန့်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၉**

ဖားကန့်မြို့နယ် ဆိပ်မူရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၆ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာနေ မခင်ဝင်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၈၀ သိမ်းဆည်းရမိသဖြင့် မခင်ဝင်း (၄၃) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။



မခင်ဝင်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၆ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မက်လင်ချောင်ကျေးရွာလမ်းမပေါ်တွင် ထွန်းဇော်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၁၇ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ထွန်းဇော် (၂၆) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

# ချမ်းမြသာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တိုင်းရဲအကူတပ်ဖွဲ့ခွဲ မှုခင်းအကူဌာနစိတ်မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၄ ရက်က ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းနှင့် (၅၈) လမ်းထောင့်တွင် ပြည့်ဖြိုးမောင် (ခ) ဘေဘီဗိုက်တာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ သိမ်းဆည်းရမိသဖြင့် ပြည့်ဖြိုးမောင် (ခ) ဘေဘီဗိုက်တာ (၂၁) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**

# စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈၆ ပြားနှင့်ဘိန်းရှူကိရိယာများသိမ်းဆည်းရမိ

**ဟိုပုံး ဇွန် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်း မြို့မစခန်းမှူး ဒုရဲမှူး ဇော်မင်းဦးစီးသည့်အဖွဲ့သည် ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲက ဟိုပုံး-လွိုင်လင် ပြည်ထောင်စုလမ်း မြို့ဦးကွက်သစ်ရပ်ကွက် မိုင်းပျဉ်း လမ်းဆုံတွင် ယာဉ်များအားရှာဖွေစစ်ဆေးစဉ် နောင်တောင်ဘုန်းကြီး ကျောင်းဘက်မှ ဟိုပုံး-လွိုင်လင် ပြည်ထောင်စု လမ်းဘက်သို့ ဟိုပုံးမြို့ မြို့ဦးကွက်သစ်ရပ်ကွက်နေ မောင်ချိုင်း(၂၉)နှစ် မောင်းနှင်လာသော ၃၂ယ/.... New ANBO WAVE (125) ဆိုင်ကယ်အားစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၇ ပြား၊ စိတ်ကြွဆေးပြားရောင်းချငွေကျပ် ၄၁၀၀၀၊ အမြင့်ရှစ်လက်မခန့်ရှိ ဘိန်းချေးများကပ်နေသော ဝါးရိုးတပ်သစ်သား ဘိန်းရှူကိရိယာတစ်ခု၊ အမြင့်လေးလက်မခွဲခန့်ရှိ သစ်သားဘိန်းနယ်တံတစ်ခု၊ အချင်း နှစ်လက်မကျော်ခန့်ရှိ ဘိန်းနယ်ခွက်တစ်ခု၊ အလေးချိန် လေးဂရမ်ခန့်ရှိ ဘိန်းချေးခဲ သုံးလုံး၊ အလျား ငါးလက်မခန့်ရှိ ဝါးဘိန်းရှူကိရိယာတစ်ခု၊ ဘိန်းရှူရာတွင်အသုံးပြုသော သံအပ်နှစ်ချောင်း၊ လက်ကိုင်ဖုန်း တစ်လုံး၊ ဆေးရှူရာတွင်အသုံးပြုသည့် ငွေရောင်ခဲပတ်စက္ကူ သုံးခုတို့အား သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးများအား ရောင်းချသုံးစွဲရန် အလို့ငှာ လက်ဝယ်ထားရှိသူ မောင်ချိုင်းအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင် ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဆက်လက်၍ လုံခုတ်ကျေးရွာအုပ်စုမှ မိုင်းပျဉ်းလမ်းအတွင်း မောင်းနှင်လာသော ၂၇ယ/. . . New ANBO ဆိုင်ကယ်အား ရှာဖွေရာ ဟိုပုံးမြို့နယ် လုံခုတ်ကျေးရွာအုပ်စု ဟိုနမ့်ကျေးရွာနေသူ တလင်း(ခ)မောင်လင်း (၂၅) နှစ်ထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၁၈၉၉ ပြား၊ စိတ်ကြွ ရူးသွပ်ဆေးပြားရောင်းရငွေကျပ် ၅၇၃၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို တွေ့ရှိသဖြင့် တလင်း (ခ)မောင်လင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# စိတ်ကြွဆေးပြား ၈၀၀ နှင့် ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိ

**ကသာ ဇွန် ၁၉**

ကသာမြို့နယ် ပေါမမြိုင်ကျေးရွာဘက်မှ စိတ်ကြွဆေးပြား ၈၀၀ နှင့် ဘိန်းဖြူမှုန့်များ သယ်ဆောင်လာသူကို နယ်ထိန်းရဲတပ်ဖွဲ့မှ ဇွန် ၁၈ ရက် ညပိုင်းက ကသာ-ဗန်းမော် လမ်းဆုံတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပေါမမြိုင် ရွာဘက်မှ 125 ရင်စင်းဆိုင်ကယ် မောင်းနှင်လာသူကို စစ်ဆေးရာ ဘိန်းဖြူအမှုန့် ၁၄ ဂရမ်ခန့်စီပါ ရေသန့်ဘူး နှစ်ဘူး အလေးချိန် ၂၈ ဂရမ်ခန့်နှင့် စိတ်ကြွရူး သွပ်ဆေးပြား ၈၀၀ အား သယ်ယူလာသူ ဦးကြိုင်အား ဖမ်းဆီး၍ ကသာရဲစခန်းက အမှုဖွင့်အရေးယူထားပြီး မူးယစ်ဆေးဝါးဘိန်းဖြူများအား ရှမ်းပြည်နယ် မဘိမ်းမြို့နယ် ခေါတောရမ်းဘိုရွာအနီး ရှိတောစပ်တွင် အမျိုးသားသုံးဦးထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ရာ တရားစွဲ တင်ပို့နိုင်ရန်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲကို(ကသာ)**

# မဘိမ်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်က မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် လဝါ-စီပိန်း ကျေးရွာသွား တောလမ်းတွင် စီပိန်းကျေးရွာမှ လဝါကျေးရွာသို့ မျိုးသန့်မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိသဖြင့် မျိုးသန့် (၃၀) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

ဆောင်းပါး

# မှတ်မှတ်ရရ သတင်းဓာတ်ပုံ

à တက္ကသိုလ်မောင်ဝင်းနိုင်

ယနေ့မျက်မှောက်ကာလ(၂၀၀၀ ပြည့်နှစ်ဝန်းကျင်) မြန်မာနိုင်ငံတွင် နိုင်ငံပိုင်သတင်းစာများအပြင် ပုဂ္ဂလိကသတင်းစာမျိုးစုံ၊ ဂျာနယ်မျိုးစုံဖြန့်ချိသဖြင့် အချိန်နှင့်တစ်ပြေးညီဆိုသကဲ့သို့ သတင်းစုံ၊ သတင်းဓာတ်ပုံများကို မြင်တွေ့ဖတ်ရှုကြရပေသည်။ ဤဆောင်းပါးတွင် အထူးတင်ပြလိုသည်မှာ သတင်းဓာတ်ပုံအကြောင်းဖြစ်ပါသည်။ လူငယ်သတင်းထောက်များ၏ ဓာတ်ပုံသတင်းများရေးသားရိုက်ချက်များကို မြင်တွေ့ဖတ်ရှုကြရပေသည်။ သတင်းဓာတ်ပုံများသည် သတင်းစာဂျာနယ်များတွင် အရေးပါသော အခန်းကဏ္ဍ၌ပါဝင်မှုရှိကြပါသည်။

ဒုတိယကမ္ဘာစစ်အတွင်းက နန်းရင်းဝန် ဝင်စတန်ချာချီသည် တိုက်ပွဲဝင်နေသော ရှေ့တန်းစစ်မျက်နှာသို့ သူ၏ဓာတ်ပုံကိုပေးပို့ရန် စီစဉ်သည်။ ပြင်ပမှ နာမည်ရဓာတ်ပုံဆရာကိုခေါ်ယူ၍ ဓာတ်ပုံရိုက်စေသည်။ ဓာတ်ပုံရိုက်ရန်ပြင်ဆင်၍ အဆင်သင့်ဖြစ်သော ဝင်စတန်ချာချီသည် ဆေးပြင်းလိပ်ခဲလျက် ပြုံးရွှင်သောမျက်နှာပေးဖြင့် ဓာတ်ပုံအရိုက်ခံ၏။ ဤသည်ကို ဓာတ်ပုံဆရာကမကြိုက်ပါ။ ထို့ကြောင့် ကင်မရာတွင်ကေဘယ်လ်ရယ်လီစ်ခေါ် ကြိုးတစ်ချောင်းတပ်ဆင်ပြီး ဝင်စတန်ချာချီ၏အနီးသို့ကပ်လျက် ဓာတ်ပုံရိုက်နိုင်ပြီဖြစ်ကြောင်း ပြောဆိုလိုက်သောအခါ ထုံးစံအတိုင်း ဝင်စတန်ချာချီက ဆေးပြင်းလိပ်ကိုင်လျက် ပြုံးပြုံးကြီးမျက်နှာပေးဖြင့် ဓာတ်ပုံရိုက်ရန်ပြင်ဆင်၏။ ထိုအခါ ဓာတ်ပုံဆရာက ဝင်စတန်ချာချီကိုင်ထားသော ဆေးပြင်းလိပ်ကိုဖြတ်ခနဲယူလေရာ ဝင်စတန်ချာချီကြီးမှာ ပြုံးနေသောအမူအရာမှ ဒေါသထွက်သော အမူအရာသို့ပြောင်းလဲသွားချိန်တွင် ဓာတ်ပုံဆရာက ၎င်းတပ်ဆင်ထားသောကေဘယ်လ်ရယ်လီစ်ကြိုးဖြင့် ဓာတ်ပုံရိုက်ယူလိုက်သည်။ ဓာတ်ပုံရိုက်ပြီး သောအခါ ဝင်စတန်ချာချီက "ဘာကြောင့် ဆေးပြင်းလိပ်ကို ရုတ်တရက်ဆွဲလိုက်ရသလဲ"ဟူ၍ ဒေါသသံဖြင့် မေးလိုက်ပါသည်။ ထိုအခါ ဓာတ်ပုံဆရာက "နန်းရင်းဝန်ကြီး၏ဒေါသထွက်ပုံ အမူအရာကို လိုချင်သောကြောင့် ဤသို့ပြုမူရကြောင်းနှင့် ရှေ့တန်းစစ်မျက်နှာသို့ဒေါသထွက်သော အမူအရာဖြင့်ပေးပို့ပါက ပို၍သဘာဝကျမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားလေသည်။ နန်းရင်းဝန်ကြီးလည်း သဘောပေါက် ကျေနပ်ပြီး ဓာတ်ပုံဆရာကို ချီးမွမ်း၍ ထိုက်ထိုက်တန်တန်ဆုတော်ငွေများကိုပါ ချီးမြှင့်လေသည်။

ရှေ့တန်းစစ်မျက်နှာသို့ ဒေါသထွက်နေသောအမူအရာဖြင့် ဓာတ်ပုံများကိုပေးပို့နိုင်ခြင်းသည် 'ဓာတ်ပုံ၏ အသက်' ပင်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ဆက်လက်တင်ပြလိုသည်မှာ သတင်းဓာတ်ပုံ၏ အရေးပါမှုအကြောင်းအရာတစ်ခုဖြစ်ပါသည်။ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်ကဟု ထင်ပါသည်။ ပြင်သစ်နိုင်ငံတွင် ကမ္ဘာကျော် အီးဖဲလ်မျှော်စင်ကြီးရှိပါသည်။ ဤမျှော်စင်ကြီးကို နောက်ခံပြု၍ ဓာတ်ပုံရိုက်လိုကြောင်း သမီးဖြစ်သူကသူ၏ မွေးနေ့တွင် ဖခင်ဖြစ်သူကိုတောင်းဆို၏။ ထိုအခါ သတင်းထောက်မဟုတ်သော ဖခင်ဖြစ်သူက သမီးငယ်၏ တောင်းဆိုမှုအတိုင်း တန်ဖိုးနည်းသောကင်မရာဖြင့် ဓာတ်ပုံရိုက်ပေးပါသည်။ ဤသို့ဓာတ်ပုံရိုက်ချိန်နှင့်တစ်ချိန်တည်းမှာ အီးဖဲလ်မျှော်စင်မှ ပုဂ္ဂိုလ်တစ်ဦးခုန်ချ၍ သေကြောင်းကြံလေသည်။ ထိုပုဂ္ဂိုလ်မှာ ပြင်သစ်နိုင်ငံ၏အရေးပါသော ဘဏ္ဍာရေးဝန်ကြီးဟုဆိုကြပါသည်။ ကလေးငယ်၏ ဓာတ်ပုံတွင် ခုန်ချနေသော ပုဂ္ဂိုလ်၏ဓာတ်ပုံကိုပါ မြင်တွေ့ရပါသည်။ ၎င်းဓာတ်ပုံသည် ပြင်သစ်နိုင်ငံ၏ မှတ်တမ်းဝင် သတင်းဓာတ်ပုံတစ်ခုဖြစ်ပြီး ဓာတ်ပုံဆရာကိုတန်ဖိုးကြီး ကင်မရာတစ်လုံးနှင့်အတူ ထိုက်ထိုက်တန်တန် ဓာတ်ပုံဖိုးကိုချီးမြှင့်လိုက်ပါသည်။ ဤသည်မှာ သတင်းဓာတ်ပုံ၏ အရေးပါမှုကို ဖော်ညွှန်းခြင်းဖြစ်ပါသည်။

ယခုတစ်ဖန်တင်ပြလိုသည်မှာ ကိုင်ရိုမြို့မှ ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ ၁၉၆၁ ခုနှစ်ဝန်းကျင်ဟု ထင်ပါသည်။ ကိုင်ရိုမြို့မှ T.W.A လေယာဉ်လိုင်း၏မန်နေဂျာသည် ကိုင်ရိုလေဆိပ်သို့ မော်တော်ကားမောင်း၍လာပါသည်။ သူ၏ဘေးတွင် ကင်မရာတစ်လုံးလည်း ပါလာပါသည်။ ကိုင်ရိုလေဆိပ်နားအရောက်တွင် လေဆိပ်သို့ထိုးဆင်းလာသော လေယာဉ်ကြီးမှာ တောင်ပံတစ်ဘက်မှ မီးလောင်လျက်ဆင်းသက်လာခြင်းဖြစ်ပါသည်။ ဤဖြစ်ရပ်ကိုမြင်တွေ့ရသော ပုဂ္ဂိုလ်မှာအမိအရဓာတ်ပုံပေါင်းများစွာရိုက်ပြီး လေယာဉ်ကွင်းသို့ ၎င်း၏ကားကို အပြေးအလွှားမောင်းနှင်မှု ပြုပါသည်။ လေယာဉ်လည်း ပြေးလမ်းမှတစ်ဆင့် ရပ်နားရန်နေရာသို့ ရောက်ရှိရပ်နားလိုက်သောအခါ ခရီးသည်များလည်း ဘေးမသီရန်မခဘဲ လေယာဉ်ပေါ်မှဆင်းသက်လာကြပါသည်။ ဤသို့ ဆင်းသက်လာမှုကိုလည်း T.W.A လေယာဉ်လိုင်းမန်နေဂျာက ထပ်မံရိုက်ယူခဲ့ပါသည်။ ဤဖြစ်စဉ်၏ အခြေအနေအရပ်ရပ်ကို ဓာတ်ပုံရိုက်ယူနိုင်ခဲ့သော T.W.A လေယာဉ်လိုင်း၏ ကိုင်ရိုမန်နေဂျာက မီးလောင်ဆင်းသက်လာသော လေယာဉ်လိုင်းကုမ္ပဏီနှင့်ဆက်သွယ်၍ ဓာတ်ပုံများကိုပေးပို့ပါသည်။ မီးလောင်ဆင်းလာသော လေယာဉ်၏ ကုမ္ပဏီမှာ B.O.A.C ကုမ္ပဏီဖြစ်ပါသည်။ ထိုအခါ B.O.A.C ကုမ္ပဏီသည် ဤဖြစ်စဉ်၏ဓာတ်ပုံများဖြင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ၎င်းကုမ္ပဏီ၏ဆောင်ပုဒ်ဖြစ်သော "Every Second In and Out" ဟူသော စာသားနှင့်အတူ "ကျွန်တော်များ B.O.A.C လေယာဉ်လိုင်းတွင် ကျွမ်းကျင်လိမ္မာသော လေယာဉ်မှူးများရှိကြပါသည်။ အသက်အန္တရာယ်မှ ကယ်တင်နိုင်သောလေယာဉ်မှူးများဖြစ်ကြပါသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ လေဆိပ်များတွင် စက္ကန့်တိုင်းဝင်ထွက်မှုရှိသော B.O.A.C လေယာဉ်များဖြင့်သာ ခရီးသွားကြပါစို့" စာသား ဓာတ်ပုံများဖြင့် ကြော်ငြာခဲ့ကြောင်းကိုလည်း ဖတ်ရှုခဲ့ဖူးပါသည်။

T.W.A ၏ ကိုင်ရိုမန်နေဂျာကိုလည်း B.O.A.C ကုမ္ပဏီမှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုခဲ့ပါသည်။ ဤဖြစ်စဉ်ကိုကြည့်လျှင် ဓာတ်ပုံ၏အရေးပါမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်နယ်ချဲ့တို့၏လက်အောက်မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ အရုဏ်တက် ချိန် ၄ နာရီ မိနစ် ၂၀ မှစ၍လွတ်မြောက်ခဲ့ပါသည်။ လွတ်လပ်ရေးရရှိခဲ့ပါသည်။ သမ္မတအိမ်တော်ဝင်းအတွင်း လွတ်လပ်ရေးအလံတင် အခမ်းအနားကို ကျင်းပခဲ့ပါသည်။ ယူနီယံဂျက်အလံကိုချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလံကို လွှင့်တင်သည့် အခမ်းအနားဖြစ်ပါသည်။ အရုဏ်တက် ၄ နာရီ မိနစ် ၂၀ အချိန်သည် အလင်းရောင်နည်းပါးသော မှုန်ရီဝိုးဝါးချိန်ဖြစ်ပါသည်။ ဤအချိန်ကို ဘာကြောင့်ရွေးချယ်သတ်မှတ်ရသနည်း။ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံမရရှိစေရန် ရည်ရွယ်၍ ရွေးချယ်သတ်မှတ်သည်ဟု ထင်မြင်ယူဆမိပါသည်။ သို့သော်လည်း ဓာတ်ပုံဆရာတွင် လျှပ်တစ်ပြက်ဓာတ်ပုံရိုက် မီးဖလက်ချ်ဂန်း (Flash Gun) လည်းမရှိပါ။ ထို့ကြောင့် ဓာတ်ပုံဆရာက အုတ်ခဲသုံးလုံးဆင့်၍ ကင်မရာစတင်းအဖြစ်ဖန်တီးကာ ဓာတ်ပုံရိုက်ယူခဲ့ရကြောင်း ဆရာသမားများ၏ ပြောကြားချက်အရ သိရှိမှတ်သားရပါသည်။ ဤဓာတ်ပုံသည် သတင်းဓာတ်ပုံဖြစ်သကဲ့သို့ သမိုင်းဝင် ဓာတ်ပုံလည်းဖြစ်ပါသည်။ ၎င်းဓာတ်ပုံကို လွတ်လပ်ရေးနေ့ကာလတွင် သတင်းစာများ၌ ယနေ့တိုင်ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ထပ်မံတင်ပြလိုသော ဓာတ်ပုံတစ်ပုံအကြောင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ သတင်းစာဆရာအသင်းက ၁၉၆၃ ခုနှစ် ဩဂုတ်လတွင် "The Pree သတင်းစာ"ဟု အမည်ပေးထားသည့် ဂျာနယ်ကို ထုတ်ဝေခဲ့ပါသည်။ ၎င်းဂျာနယ်တွင် တော်လှန်ရေးကောင်စီခေတ် ၁၉၆၃ ခုနှစ်မှာ တောတွင်းရောက် အဖွဲ့အစည်းများကို တော်လှန်ရေးကောင်စီက ဖိတ်ခေါ်တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါသည်။ ၎င်းငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ရန်ကုန်သို့ရောက်ရှိလာသော အလံနီကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌ သခင်စိုးကြီးက ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား သွားရောက်ဂါရဝပြုပုံကို ဓာတ်ပုံသတင်းထောက် ကြေးမုံကိုတင်ကြိုင် (အာဇာနည်ကုန်း တောင်ကိုရီးယားဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် ကွယ်လွန်)က ရိုက်ယူ ဖော်ပြခဲ့ပါသည်။

စာမျက်နှာ ၁၉ သို့

ရှေ့တန်း စစ်မျက်နှာသို့ ဒေါသထွက်နေသော အမူအရာဖြင့် ဓါတ်ပုံများကို ပေးပို့နိုင်ခြင်းသည် 'ဓါတ်ပုံ၏ အသက်' ပင်. . .

UMTA

MJC

" လက်တွေ့အသုံးချဂျပန်ခရီးသွားဧည့်လမ်းညွှန်သင်တန်းဖွင့်မည်"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ၊ မြန်မာနိုင်ငံဂျပန်ပြန်ပညာတော်သင်ဟောင်းများအသင်း (MAJA)၊ မြန်မာ-ဂျပန်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဗဟိုဌာန (MJC) တို့ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ ဂျပန်ခရီးသွား ဧည့်လမ်းညွှန် များ၏အရည်အသွေး မြင့်မားစေရန် နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ "လက်တွေ့အသုံးချ ဂျပန်ခရီးသွားဧည့်လမ်းညွှန်သင်တန်း" ကို မြန်မာ-ဂျပန်စင်တာ (MJC) နှင့် မြန်မာနိုင်ငံဂျပန်ပြန်ပညာတော်သင်ဟောင်းများအသင်း (MAJA) တို့တွင် မြန်မာဘာသာနှင့် ဂျပန်ဘာသာများကို အသုံးပြုပြီး အောက်ပါအတိုင်း ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်။

| သင်တန်းကာလ | သင်တန်းရက် | သင်တန်းချိန် | သင်တန်းနေရာ |
|---|---|---|---|
| ၁၈.၇.၁၅-၁.၈.၁၅ | စနေ/ တနင်္ဂနွေ | ၉း၀၀-၁၆း၀၀ | MJC / MAJA |

သင်တန်းကြေး - ၆၀၀၀၀ ကျပ်

သင်တန်းသားဦးရေ - (၃၀) ဦး

သင်တန်းသားများစတင်လက်ခံနေပြီဖြစ်ပါသည်။သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ဦးရာလူစနစ်ဖြင့်လက်ခံသွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - မြန်မာ-ဂျပန်စင်တာ၊ ၁၂ ထပ်၊ UMFCCI Office Tower ၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၂၃၀၁၆၆၂၊ ၀၉ ၂၅၀ ၁၈၅ ၄၅၅ ။

ကျေးဇူးဆပ်မည်

Auto Emperor Car Co.,LTD ၏ Custom ID No.700265 (1-04-2015) ၏ကားဓာတ်ပုံနှင့် Custom Statement များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၄၂၁၀၀၁၈၆၅

Total Skin Repair ဆိုင်ခွဲ(5)

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ မျက်နှာအမာရွတ်၊ ချိုင့်ခွက်၊ အရေးအကြောင်းများ ပြုပြင်ရာဌာနမှ ရင်သားကြီးစေရန် ဖြည့်ပေးခြင်း၊ ရင်သားတွဲကျခြင်းကို တင်းပေးခြင်း၊ တင်ပါးချိုင့်ခြင်းကို ဖြည့်ပေးခြင်း၊ တင်ပါးလျှောကျခြင်းကို ပြုပြင်ပေးခြင်း၊ မျက်ရစ်ဖော်ပေးခြင်း(မခွဲစိတ်)၊ မျက်နှာတင်းရင်းစေရန် ကြိုးထိုးပေးခြင်း၊ အဆီချထိုးဆေးဖြင့် အဆီချပေးခြင်း၊ အသားဖြူဆေးသွင်းပေးခြင်းများကို ဝန်ဆောင်မှုပေးနေပါပြီ။

အမှတ်(11-C) မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊ ရန်ကင်း အထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

Ph:09-798734478, 09-258304048

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က+ခ၊ မြေကွက်အမှတ်-၇၀၅၊ မြေကွက်တည်နေရာအမှတ်(၂၇)၊ မာလာမြိုင်(၃)လမ်း၊ (၁၆)ရပ်ကွက် (ဦးဘသောင်း၊ ဒေါ်လှယဉ်) အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား လှိုင်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၁၀/၁၈-၁၁-၁၄)၏ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၁၁/၅-၂-၁၅)၏အမိန့်၊ (၂၀၀၃)ခုနှစ်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးအား အမည်ပေါက်တို့မှ ထုတ်ယူခဲ့ခြင်းနှင့်ပတ်သက်၍ သိရှိခြင်းမရှိကြောင်းနှင့် ဆက်သွယ်၍မရကြောင်း ရှင်းလင်းစာ၊ ကျမ်းကိုန်လွှာတို့ကို တင်ပြ၍ ဘီလစ် ဒေါ်မိုးမိုးဆွေ[၁၂/ ဥကတ(နိုင်)၀၃၅၆၁၄]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်-၁၂၁၊ မြေကွက်တည် နေရာအမှတ်(၁၂၁)၊ ကြာဖြူ(၁)လမ်း၊ (၇) ရပ်ကွက်၊ ရွှေပြည်သာ(ဒုဗိုလ်မှူးကြီးခင်လတ်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်လတ်[၃/ဘအန(နိုင်)၀၀၇၁၈၈] မှ ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကိုန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ ဂရန်(မိတ္တူ)လျှောက်ထားလာခြင်းအား ထုတ်ပေးသွားမည်ဖြစ်ပြီး ရပသ/သစ်/၂၇၀၃/၀၆ ဖြင့် ထုတ်ပေးခဲ့သော မူလဂရန်စာအုပ်အား ပယ်ဖျက်သွားမည်ဖြစ်ရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိမ်အမြန်ရောင်းမည်

ပန်းဘဲတန်း၊ ၃၂ လမ်း၊
စုံစမ်းရန်
ဖုန်း-၀၉-၂၅၀၃၅၄၄၄၂

ဆိုင်ခန်းငှားမည်/ရောင်းမည်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်
တရုတ်တန်းလမ်းမပေါ်
(တေလံရှာဘုရားကျောင်းအနီး)
ဖုန်း-၀၉-၄၉၃၀၇၆၂၃
၀၉-၂၅၂၀၇၈၄၈၃

ဦးဇာနည်အောင်(ရတနာအောင်ဆောက်လုပ်ရေး)
[၁၂/မဂတ(နိုင်)၁၀၄၁၉၈]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ ရန်ပြေအရှေ့(၅)လမ်း၊ အမှတ်(၄၁)နေ ကျွန်ုပ်၏အမှုသည် ဒေါ်သင်းသင်းမော်[၁၂/မရက(နိုင်)၀၁၈၉၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြင်းထန်စွာ သတိပေးကြေညာအပ်ပါသည်။

လူကြီးမင်းသည် သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ ရန်ပြေအရှေ့(၄)လမ်း၊ အမှတ်(၉၉၅)တွင် တိုက်သစ်ဆောက်လုပ်မည်ဖြစ်ကြောင်း၊ ကျွန်ုပ်အမှုသည်အား ယုံကြည် အောင်ပြောဆို၍ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၄ ရက် နေ့စွဲပါ စရန်ပေးကတိစာချုပ်များအရ အထက်ပါ ဆောက်လုပ်မည့် တိုက်သစ် မြေညီထပ် ပေ(၁၉×၅၀)အကျယ်အဝန်းရှိ(ဘယ်)ဘက်အခန်း အတွက် စရန်ငွေ(ကျပ်သိန်းရှစ်ဆယ်တိတိ)ကိုလည်းကောင်း၊ ပေ(၁၉×၅၀)အကျယ်အဝန်းရှိ ပထမထပ်၊ (ဘယ်)ဘက်အခန်းအတွက် စရန်ငွေ(ကျပ်သိန်းရှစ်ဆယ်တိတိ)ကို လည်းကောင်း၊ ပေ(၁၉×၅၀) အကျယ်အဝန်းရှိ (ဒါဘာခန်း/ဘယ်)ဘက်ခန်းအတွက် စရန်ငွေ(ကျပ်သိန်း ခြောက်ဆယ်တိတိ) ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် နေ့စွဲပါ တိုက်ခန်း အပျောက် အရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ သာကေတမြို့နယ်၊ ရန်ပြေ(၂)လမ်း၊ အမှတ်(၈၂၅)၊ (၅)လွှာ တိုက်ခန်းအတွက် စရန်ငွေ(ကျပ်သိန်းရှစ်ဆယ်)ကိုလည်းကောင်း၊ စုစုပေါင်း (ကျပ်သိန်းသုံးရာတိတိ) ကို ရယူသွားခဲ့ကြောင်း အမှုသည်၏လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါ သည်။

ထိုသို့ ငွေများရယူသွားခဲ့သော်လည်း အိမ်ဟောင်းလည်းမဖျက်သေး၊ တိုက်သစ်ဆောက်လုပ်ခွင့်ရရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားခြင်းလည်း မရှိသေး၊ တိုက်သစ်ဆောက်လုပ်မည့် အရိပ်အယောင်မျှပင် မမြင်ရသေးသည့်အတွက် ကျွန်ုပ်၏ အမှုသည်တွင် ဆုံးရှုံးမှုများစွာ၊ နစ်နာမှုများစွာဖြစ်ပေါ်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရပါသည်။

လူကြီးမင်းအား ဆက်သွယ်သော်လည်း ဆက်သွယ်၍မရဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်ထံမှ လူကြီးမင်းက အထက်ရည်ညွှန်းချက်ပါ စာချုပ်များအရ ရယူသွားခဲ့သော ငွေ(ကျပ်သိန်းသုံးရာတိတိ)ကို ယနေ့မှစပြီး (၇)ရက်အတွင်း လာရောက်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက တရားမကြောင်းအရလည်းကောင်း၊ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားစွဲဆိုတော့မည်ဖြစ်ပြီး တရားစရိတ်နှင့်တကွ (ငွေကျပ်သိန်းသုံးရာ) အပြင် ကျွန်ုပ်အမှုသည်၏ နစ်နာသမျှအဝဝတို့ကိုပါ ပေးလျော်ရမည်ဖြစ်ကြောင်း ပြင်းထန်စွာ သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်သင်းသင်းမော်

အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ
ရှေ့နေ ဇလွန်ဦးလှဖေ (စဉ်-၅၈၉၄)
အမှတ်(၁၇)၊ ဒုတိယထပ်(ယာ)၊
(၅၄)လမ်း(အလယ်လမ်း)၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၂၀၀၇၁၂၊ ၀၉-၅၁၂၁၆၆၇

မီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၂)ရပ်ကွက်၊ အိမ်အမှတ်(၇၄၁)နေ အဖ ဦးမြင့်သိန်း[၁၂/မဘန(နိုင်)၀၈၀၀၀၀]၊ အမိ ဒေါ်သိန်းအေး (ရွှေပုံလွှား အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) တို့၏သမီးကြီး မယုယုသိန်း[၁၂/မဘန(နိုင်)၀၈၀၀၀၂]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ၎င်းအား ကြော်ငြာပါသည့်နေ့မှစ၍ သမီးကြီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးမြင့်သိန်း-ဒေါ်သိန်းအေး
မှော်ဘီ

# မကွေးမြို့တွင် အနေးယာဉ်များ စည်းကမ်းတကျဖြစ်စေရေး စစ်ဆေးဆောင်ရွက်

**မကွေး ဇွန် ၁၉**

မကွေးမြို့အား တိုင်းဒေသကြီးမြို့တော် အင်္ဂါရပ်နှင့်အညီဖြစ်စေရေးအတွက် စည်ပင်သာယာရေးကော်မတီမှ ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ အနေးယာဉ်မောင်းနှင်သူများနှင့် စက်တပ်ယာဉ်မောင်းသူများကြား ယာဉ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များတွင် မိမိတို့မောင်းနှင်သောယာဉ်များနှင့် စပ်လျဉ်း၍ စည်းကမ်းလိုက်နာမှုများအား ကောင်းလာစေရန်ရည်ရွယ်၍ စည်ပင်သာယာရေးကော်မတီလုပ်ငန်းလိုင်စင်ကြီးကြပ်မှုအောက်ရှိ မြင်းလှည်းနှင့် ဆိုက်ကားအနေးယာဉ်များ စည်းကမ်းတကျဖြစ်စေရေး စည်းကမ်းထိန်းအဖွဲ့များမှ စစ်ဆေးကြပ်မတ်မှုများ ဇွန် ၁၆ ရက် နံနက် ၉ နာရီက စတင်စစ်ဆေးခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ စည်းကမ်းထိန်း ဒုဦးစီးမှူး ဦးသန်းဝင်းဦးဆောင်သော စည်းကမ်းထိန်းအဖွဲ့များမှ မြို့မဈေး၊ ရန်ပယ်ဈေးများ အနီးပတ်ဝန်းကျင်တွင် သွားလာမောင်းနှင်နေကြသော အနေးယာဉ်မြင်းလှည်း၊ ဆိုက်ကားများအား စနစ်တကျမောင်းနှင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး၊ ယာဉ်ရပ်နားရန်ဂိတ်များတွင် လမ်းပိတ်ဆို့ခြင်းမရှိစေရေး၊ စနစ်တကျဂိတ်ထိုးကြစေရေး၊ ယာဉ်တိုက်မှုမဖြစ်ပေါ်စေရေးတို့အား ပညာပေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မကွေးမြို့ပေါ်တွင် ဆိုက်ကားလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပြည်ပခရီးသွားများ၏ ခရီးစဉ်များ၌ မြို့တွင်းလှည့်လည်စရာ လုပ်ငန်းသုံးယာဉ်အဖြစ် အနည်းငယ်ကျန်ရှိနေဆဲဖြစ်ပြီး မြင်းလှည်းအနေးယာဉ်များမှာ တစ်နှစ်ထက်တစ်နှစ်အစီးရေ နည်းပါးလာကာ ကတ္တရာလမ်းနှင့် မြင်းခွာရိုက်သံလေးများ ပျောက်လုနီးပါးဖြစ်ခဲ့ရသည်မှာ ဆယ်စုနှစ်တစ်ခုကိုကျော်လွန်ခဲ့ပြီဖြစ်သည်။

လွန်ခဲ့သော ၁၅ နှစ်ခန့်က မကွေးမြို့တွင် ဆိုက်ကားအစီးရေ ၁၀၀၀၊ မြင်းလှည်းအစီးရေ ၂၈၅ စီး လုပ်ငန်းလိုင်စင်များဖြင့် ပြေးဆွဲခဲ့ကြကာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း စက်တပ်ယာဉ်များတွင်ကျယ်လာ၍ အနေးယာဉ်များ လုပ်ငန်းတွက်ခြေကိုက်မှု မရှိတော့သောကြောင့် လုပ်ငန်းလိုင်စင်ပယ်ဖျက်ခွင့်များ လျှောက်ထားလာကြသည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် အနေးယာဉ် လုပ်ငန်းလိုင်စင် လျှောက်ထားမှုမှာ ဆိုက်ကား ၁၀၆ စီး၊ မြင်းလှည်းခုနစ်စီးခန့်ထိ လျော့ကျလာခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေး တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

အလျှုအတန်းနှင့် လူမှုရေးရာကိစ္စရပ်များ၊ သယ်ယူပို့ဆောင်သွားလာမှုများတွင် စက်တပ်ယာဉ်များ အသုံးပြုလာကြပြီဖြစ်သဖြင့် မြင်းလှည်းနှင့်ဆိုက်ကားယာဉ်များအား အသုံးပြုခြင်းမရှိသလောက်နီးပါးဖြစ်ခဲ့သော မကွေးမြို့၌ မြို့ပေါ်ဈေးများအနီးတွင် အနေးယာဉ်သမားများ၏ဘဝကို စာနာနားလည်သူ ဈေးဝယ်များ ရှိနေဆဲဖြစ်သည်။

ယင်းတို့၏ဘဝကို ကူညီဖြေရှင်းပေးသည့်အနေဖြင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးအတွက် အလျင်မလိုသောအခါများ၌ ဆိုက်ကား၊ မြင်းလှည်းများကို အသုံးပြုနေကြဆဲဖြစ်ကြောင်း အနေးယာဉ်မောင်းတစ်ဦးက ပြောသည်။

**ဇေယျာတု(မကွေး)**



# ပြည်သူ့ဝန်ထမ်းများ အဂတိလိုက်စားမှု တိုက်ဖျက်ရေး နှင့် တားဆီးကာကွယ်ရေး ဆွေးနွေး

**ဟားခါး ဇွန် ၁၉**

ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး မူဝါဒလမ်းစဉ်များနှင့်အညီ ပြည်သူ့ဝန်ထမ်းများ အဂတိလိုက်စားမှုကင်းရှင်းစေရေးတို့ကို ရည်ရွယ်လျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီ က ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်း၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့မှ ဦးဆွန်ဒုတ်ကျင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဥပဒေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဟားခါးခရိုင်(ပြန်/ဆက်)**

## အင်းတော်မြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများ ကြေညာမည်

**အင်းတော် ဇွန် ၁၉**

အင်းတော်မြို့နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်းများအား မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်ရုံးများတွင် ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်ထိ ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အခုလို အခြေခံမဲဆန္ဒရှင်စာရင်းတွေကို ကြေညာတဲ့အခါမှာ အမှားအယွင်းတွေရှိနေပါတယ်။ အဲ့ဒီမဲဆန္ဒရှင်စာရင်းမှာ အမည်ထပ်မံထည့်သွင်းချင်ရင်သော်လည်းကောင်း၊ မဲစာရင်းမှာ သေဆုံးသွားတဲ့ မဲဆန္ဒရှင်တွေ၊ မြို့နယ်အတွင်းမှာ နေထိုင်ခြင်းမရှိတဲ့ မဲဆန္ဒရှင်တွေပါနေမယ်ဆိုရင် ပယ်ဖျက်ပေးရန်သော်လည်းကောင်း၊ မဲဆန္ဒရှင်ကို ကန့်ကွက်လိုလျှင်သော်လည်းကောင်း ကျွန်တော်တို့ ရပ်ကွက်၊ ကျေးရွာတွေမှာရှိတဲ့ ကော်မရှင်ရုံးတွေမှာ ပုံစံ (၃)၊ ပုံစံ (၄) စတဲ့ ပုံစံတွေနဲ့ လျှောက်ထားဆောင်ရွက်လို့ရပါတယ်။ မဲစာရင်းမှာ မိမိအမည်ပါ-မပါ၊ မိမိနှင့်သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေပါ-မပါ၊ အချက်အလက်တွေ မှန်-မမှန်ဆိုတာကို မဲဆန္ဒရှင်တွေအနေနဲ့ သွားရောက်ကြည့်ရှုဖို့လိုအပ်ပါတယ်။ ဒီလိုသွားရောက်ကြည့်ရှုနိုင်ရေး လှုံ့ဆော်ပေးရန်အတွက် နိုင်ငံရေးပါတီတွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့လည်း ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့ မြို့နယ်ကော်မရှင်အနေနဲ့ လှုံ့ဆော်ရေးဗီနိုင်းတွေကိုလည်း မြို့နယ်အတွင်း ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်သွားမှုလည်း ကျွန်တော်တို့ ကော်မရှင်အဖွဲ့အနေနဲ့ မှန်ကန်တဲ့အခြေခံမဲစာရင်းကို ရရှိပြီးတော့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာနဲ့ အောင်မြင်အောင် ကျင်းပသွားနိုင်မှာဖြစ်ပါတယ်" ဟု မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမင်းမင်းလတ်က ပြောပြခဲ့သည်။

**ကျော်သီဟ**

HND - GLOBAL TRADE & Business ဒီပလိုမာ(၂)နှစ်သင်တန်း

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊
စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်မည့်သူများသိထားသင့်သော
စီးပွားရေးသဘောတရားများနိုင်ငံတကာကုန်သွယ်ရေး၏သဘောသဘာဝ၊
ဈေးကွက်ရှာဖွေခြင်း၊ ကုမ္ပဏီစီမံခန့်ခွဲမှု၊ ငွေကြေးထိန်းသိမ်းမှု၊
စီးပွားရေးဆိုင်ရာနည်းဥပဒေများစသည့်ပညာရပ်များကိုသင်ကြားပေးမည့်အပြင်
နိုင်ငံခြားတက္ကသိုလ်များသို့ ဆက်လက်ပညာသင်ကြားခွင့်ရရှိ နိုင်ပါသည်။

MMAC
COLLEGE OF MMAC

SQA Approved Centre
နှစ်လတန်းခွဲသစ် ကျောင်းအပ်လက်ခံပြီ

NOT FOR ONLY YOU, BUT FOR YOUR GENERATION

MMAC college တွင် HND program တတ်မြောက်သင်ယူပြီးပါက Australia, Canada, New Zealand, South Korea, USA, United Kingdom နိုင်ငံများရှိ University များတွင် တတိယနှစ်မှစ၍ စတင်သင်ယူနိုင်ပါသည်။

No.(9 ) Kyarpyan Lane, (5) Ward, Mayangone Township, Yangon, Myanmar. Ph : 01 501461/ 505226 / 09 31824447/ 0931824449

**ပြင်ဆင်ဖတ်ရှုပါရန်**

၁-၄-၂၀၁၅ရက်နေ့ကြေးမုံ သတင်းစာ၏ ၏စာမျက်နှာကြော်ငြာ(၂၄)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဒဂုံတောင်မြို့နယ်၊ဦးအုန်းမောင်၏ဂရန်သစ်တွင် မြေအမည်ပေါက်ဦးထင်အောင်လင်းသည် လူပျိုကြီးဘဝဖြင့်ကွယ်လွန်သဖြင့်ဟုပြည့်စွက်ဖတ်ရှုပါရန်။

**ရောင်းရန်**

Hyundai Porter II
Pickup (4x2) (L)
လုပ်ငန်းလိုင်စင်ရပြီး
ဖုန်း-၀၉-၄၃၁၇၅၄၅၂၊ ၀၁-၅၄၆၄၆၄

**နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ် (၂၂၉) နေ ဒေါ်အေးမြင့် (၁၂/ကတန (နိုင်) ၁၀၆၃၂၂) နှင့် ဦးဝင်းဗိုလ် (၁၂/ကတန (နိုင်) ၀၀၄ရ၁၆) တို့သည် အကြင်လင်မယားအဖြစ် ၁၉ဂဂ ခုနှစ်မှစ၍ စတင်ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် (၄-၆-၂၀၁၅) နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်ရုံးတော်၌ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် ထိုနေ့တွင် ပစ္စည်းခွဲဝေ ခြင်းသဘောတူကတိစာချုပ် ချုပ်ဆိုပြီးဖြစ်ပါ၍ နောက်နောင် ကျွန်မနှင့် ဦးဝင်းဗိုလ်တို့သည် မည်သို့မျှမသက်ဆိုင်တော့ပါကြောင်းကြေညာအပ်ပါသည်။

ဒေါ်အေးမြင့် (၁၂/ကတန (နိုင်) ၁၀၆၃၂၂)

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ လူနေရပ်ကွက်အမှတ် - သမိုင်း၊ မြေကွက်အမှတ် - ၁၄/၄၊ ဧရိယာ (၀.၀၇၂) ဧကရှိ မြေပိုင်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စိုးစိုးရီ (၁) လိုင်ဟုံဟင် (၁၂/လမတ (နိုင်) ၀၁၃၄၇၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်မောင်အေး (ဗန်းမော်)
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၄၄၀)
ဦးသူရအောင်
အထက်တန်းရှေ့နေ (စဉ်-၃၄၈၆၂)

ဒေါ်သင်းသင်းစိုး
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၄၆)
ဒေါ်ထက်ထက်ဦး
အထက်တန်းရှေ့နေ (စဉ်-၄၄၆၁၉)

အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၅၁၆၀၅၅၂၊ ၀၉-၇၈၅၁၆၀၅၅၂

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ဥဿာမြို့သစ်၊(၁၆)ရပ်ကွက်၊ဓမ္မစေတီလမ်း၊အမှတ်(၃၁၆/ဃ)ရှိအလျား(၁၆၆)ပေ၊အနံ(၁၀၀)ပေရှိမြေကွက်အား ဝယ်ယူပိုင်ဆိုင်ထားရှိသူ ဦးအောင်လင်း(၇/ပခန(နိုင်)၁၇၉၁၃၁) မှ ဂရန်အမည်ပြောင်း လျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၅)ရက်အတွင်းကန့်ကွက်နိုင်ပါသည်၊ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်၊

ဦးအောင်လင်း(၇/ပခန(နိုင်)၁၇၉၁၃၁)
အမှတ်(၃၁၆/ဃ)ဓမ္မစေတီလမ်း၊(၁၆)ရပ်ကွက်၊ဥဿာမြို့သစ်၊ပဲခူးမြို့

Treasure Life
ဆေးဝါးအကူ နှင့် သူနာပြုအကူ သင်တန်း
အမှတ်၈၅၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်။
095096302,0942105716,09790988904

## အတ္ထုပ္ပတ္တိ

*၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ် အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။*

**à** သိန်းဖေမြင့်

# စိန်ကလောင် (ဗန္ဓုလဦးစိန်)

ယနေ့ ၁၇၊ ဇန်နဝါရီ၊ ၁၉၆၇ ထုတ်လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာမှာ" မြန်မာသတင်းစာများအတွက် ပြင်ဆင်ဖြည့်စွက်ချက်၊ အသက်နှင့်စတေးခံသွားရတဲ့ ဆရာသင်ကို မမေ့သင့်"ဆိုတဲ့ ဆောင်းပါးတစ်စောင် ဖတ်လိုက်ရတယ်ဗျ။

ရေးသူက စိန်ကလောင်ဖြစ်ပါတယ်။ သူ့ဆောင်းပါးမှာပဲ ဒီစိန်ကလောင်ဟာ စာရေးဆရာနှင့်စာဟူသော စာအုပ်ဝေဖန်ရေးများကို ရေးသားနေတဲ့ ဟိုစိန်ကလောင် မဟုတ်တဲ့အကြောင်း၊ ဟိုယခင် တစ်ခေတ်တုန်းက နိုင်ငံရေးနှင့်စာနယ်ဇင်းလောကမှ ဗန္ဓုလဦးစိန်လို့ လူသိများခဲ့တဲ့ ဗန္ဓုလဂျာနယ် အယ်ဒီတာချုပ် ဦးစိန်ရဲ့ ကလောင်အမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသွားတယ်။ အချို့က ဗန္ဓုလဦးစိန်အား သို့ကလို အခြားသူတစ်ယောက်က စိန်ကလောင်အမည်ယူခြင်းကြောင့် ကန့်ကွက်ရန်အကြံပေးဟန်တူပါတယ်။ ပထမ နဝဒေးရှိခဲ့သလို ဒုတိယနဝဒေးရှိခဲ့တယ်။ အနတ္တတရားအရ ဘယ်ဟာမျှမမြဲ။ ကိုယ်လည်းမပိုင်တဲ့အတွက် စိန်ကလောင်၊ တင်းပုတ်၊ သတိုးစိန်စတဲ့ သူ့ကလောင်အမည်များကို သူများကယူလျှင် ဘာမျှမတတ်နိုင်ဘူးစသည်ဖြင့် အထက်ပါ အကြံပေးကြသူများကို ပြန်ကြားထားတယ်။

ကလောင်အမည်တူပြဿနာဟာ ရှင်းရဦးမည့် ပြဿနာတစ်ခုဖြစ်ပါတယ်။ ဗန္ဓုလဦးစိန်အဖို့ သိပ်အရေးမကြီးတော့ဘူး။ သူက စာမှမရေးတော့ဘဲ။ သို့သော် ပြိုင်တူရေးနေကြတဲ့ ကလောင်အမည်တူများကတော့ အရေးကြီးတယ်။ ရှင်းပေးမှဖြစ်မယ်။

ရှင်းမရတာကတော့ ဆင်တူယိုးမှား ကလောင်အမည်ယူခြင်းပါပဲ။ သန်းဖေမြင့်ဆိုတဲ့ ကလောင်ရှင်တစ်ဦးပေါ်နေပြီး အချို့စာဖတ်ပရိသတ်က ကျွန်တော်ရေးတာလို့ ထင်မှတ်ဝယ်ယူဖတ်ရှုပြီး ဘာကြောင့်သည်ကိစ္စ သည်လိုရေးရသလဲလို့ ကျွန်တော့်ထံလှမ်းပြီး ထုချေလွှာတောင်းသူကတောင်း၊ ကျွန်တော်တော့ ခံလိုက်ရပြီဆရာရေ့လို့ လှမ်းပြီးတိုင်လိုတိုင်ဖြစ်နေတယ်ဗျာ။ သို့ပေမယ့် ကျွန်တော်ဘာမှမတတ်နိုင်ဘူး။

ဒါကတော့ ကြားညှပ်ပြီး စကားချပ်ထည့်လိုက်ခြင်းပါ။

ရေးလိုရင်းကတော့ စိန်ကလောင်(ဗန္ဓုလဦးစိန်)ရဲ့ ဆောင်းပါးဖတ်ရပြီး ကျွန်တော်နှစ်သိမ့်ကြည်နူးရတဲ့ အကြောင်းပါ။

ဗန္ဓုလဦးစိန်ဟာ ခုဆိုရင် ၇၀ကျော်ရောပေ့ါဗျာ။ သို့ပေမယ့် သူ့အရေးအသားဟာ ရှေးတုန်းကလို ပျိုတုန်းတက်တုန်းပဲ။ အသက်ဝင်လှုပ်ရှားနေသေးတယ်။ ထက်မြက်နေသေးတယ်။

သို့ကလို အသက်ဝင်လှုပ်ရှားပြီး ထက်မြက်နေပုံကလည်း ရှေးလေ ရှေးဟန်ကလေးတွေ မစွန့်ဘဲနှင့်ဖြစ်တယ်။



ကြည့်၊ လာပုံက

"ဇရာဗျာဓိ နှစ်ဖြာဖိလို့ ချောင်မိနေတဲ့ ကလောင်အိုမှာ စာပေရေးချင်တဲ့စိတ်ပေါက်လာပြီး အောက်ပါအတိုင်းရေးလိုက်ရသဗျ"တဲ့။

ဗန္ဓုလဦးစိန် သုံးနှုန်းသွားတဲ့စကားတွေကိုကြည့်ရင် ရှေးခေတ်(ဝံသာနုခေတ်)၊ အလယ်ခေတ်(လွတ်လပ်ရေးခေတ်)၊ ယခုခေတ်(တို့ဗမာသခင်ခေတ်)၊ ဝေါဟာရစုံစုံနှင့် လွန်စွာကြွယ်ဝနေတယ်။ ဦးစိန်ဟာ စာတွေမရေးတော့သော်လည်း ခေတ်နှင့်အတူလိုက်ပြီး နားနှင့်မျက်စိကို အသုံးချနေတယ်ဆိုတာ ထင်ရှားပါတယ်။

တစ်နေရာမှာ စာရေးဆရာကို ကလောင်ရှင်လို့သုံးထားတယ်။ နောက်တစ်နေရာမှာ စာပေလုပ်သားလို့ သုံးလိုက်တယ်။ နောက်ဆုံးပေါ် ဝေါဟာရမဟုတ်ပါလားဗျာ။

အောက်ပါအပိုဒ်ကို ကြည့်ပါဦး။

"ဆရာသင်ဟာ မြန်မာ့အလင်းခေါင်းကြီးကရော၊ အေဝမ်း မောင့်အခန်းကရော၊ ဝတ္ထုခန်းကရော၊ လူကြီးဂိုဏ်းသားတွေကိုသာ လွတ်လပ်ရေးမာရ်နတ်တွေဖြစ်တဲ့အကြောင်း အစိုးရရဲ့အလိုတော်ရိ ငို့ဘခေါင်းညိတ်ပုတ်သင်ညိုဖြစ်တဲ့အကြောင်းစသည်ဖြင့်ရေးခဲ့တယ်။ ခေတ်ကြီးအတင်းပြောင်းရေးအချက်တွေကို ပိုးစိုးပက်စက် ဒိုးဒိုးဒက်ဒက်နဲ့ နယ်ချဲ့ပြူရိုကရက်နှင့် ခနရှင်မြေရှင်ပွဲစားကြီးတွေကို နှက်ပါရေးပါလေရောဗျာ"

ဝံသာနုခေတ်၊ တို့ဗမာသခင်ခေတ်တွေတုန်းက ဆော်ကြနှက်ကြသံတွေကို ယခုကျွန်တော်တို့ခေတ်၊ ခနရှင်မြေရှင်ဆန့်ကျင်ရေးဆော်သံနှက်သံတွေနှင့် နားဝင်ပီယံဖြစ်အောင်ပေါင်းစပ်ထားတယ်လေဗျာ။

"ခေတ်ကြီးအတင်းပြောင်းရေး"ဆိုတဲ့ မြို့မမောင်ရဲ့ "ဆယ်သန်း"ဂျာနယ်ဆောင်ပုဒ်ကိုတောင် ချန်မထားခဲ့ဘူးဗျ။

**အဖိုးတန်သော အချက်အလက်များ**

အထက်မှာဖော်ပြခဲ့တာကတော့ ဗန္ဓုလဦးစိန်ရဲ့ အရေးအသားအကြောင်းပါ။ ယခုသူတင်ပြလိုက်တဲ့အကြောင်းအရာတွေ အချက်အလက်တွေဟာ အလွန်အဖိုးတန်ကြောင်း ရေးချင်ပါတယ်။

ယခုအခါ ကျွန်တော်တို့ပြည်သူတွေဟာ ကိုယ့်အတိတ်မှာများစွာစိတ်ဝင်စားနေကြတယ်။ တိုင်းသစ်၊ ပြည်သစ်၊ လူ့ဘောင်သစ် တည်ဆောက်ရာမှာ အုတ်မြစ်ခိုင်ရမယ် မဟုတ်လား။ ကိုယ့်အတိတ်ကို မှန်မှန်မြင်ပြီး သင်ခန်းစာယူတတ်ခြင်းဟာ ခိုင်မာသောအုတ်မြစ် မဟုတ်ပါလား။

ဦးစိန်ဖြည့်စွက်တင်ပြလိုက်တဲ့အချက်တွေဟာ ထိုအုတ်မြစ်အတွက် အလွန်အဖိုးတန်တယ်ဗျာ။

ပညာ့အလင်း၊ မြန်မာ့အလင်း၊ သူရိယစတဲ့သတင်းစာများ ကွဲသွားကြပုံကို ဦးစိန်ကနိုင်ငံရေးနောက်ခံကားချပ်နဲ့ ကပ်ပြလိုက်တယ်။ ၁၉၁၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့မှာ အိန္ဒိယအတွင်းဝန် မွန်တေဂူက အိန္ဒိယကို တာဝန်ခံအုပ်ချုပ်ရေး တစ်စတစ်စတိုးပေးမည့်အကြောင်း ကြေညာလိုက်တယ်။ သည်တော့ ဝိုင်အမ်ဘီအေထဲမှာ လူကြီးနှင့် လူငယ်နှစ်ပိုင်းကွဲသွားတယ်။ တူ-သာ-သင်း ဆိုတဲ့လူကြီးပိုင်းကတော့ နိုင်ငံရေးတောင်းဆိုချက်တွေ ဘာတွေမလုပ်ဘဲ ကင်းကင်းရှင်းရှင်းငြိမ်ငြိမ်သက်သက်နေရေးဖြစ်တယ်။ လူငယ်ပိုင်းကတော့ အိန္ဒိယတိုးတက်မှုရလျှင် မြန်မာလည်းရရမယ်။ တာဝန်ခံအုပ်ချုပ်ရေးရအောင် နိုင်ငံရေးလုပ်ရမယ်စသည်ဖြင့်ဆိုပြီး ဝိုင်အမ်ဘီအေကို နိုင်ငံရေးလှုပ်ရှားမှုထဲ သွင်းလိုက်ကြတယ်။

ပညာ့အလင်းက လူကြီးပိုင်းကိုထောက်ခံတယ်။ (ပညာ့အလင်းဟာ တစ်ခါတုန်းက ဦးရွှေကြူးပိုင်တယ်။ နောက် ဦးတင်ဆိုသူ ပိုင်တယ်။ ဆရာသင်သတ်မှုအတွက် ဦးတင် အဖမ်းခံရပြီး ပျက်သွားတယ်)

သူရိယနှင့်မြန်မာ့အလင်းက လူငယ်ပိုင်းကိုထောက်ခံတယ်။

သတင်းစာအုပ်စု နှစ်ခုဟာ အပြန်အလှန် အတိုက်အခံရေးပြီး နိုင်ငံရေးတိုက်ပွဲမှာ ပါဝင်ဆင်နွှဲကြတယ်။

အချို့သမိုင်းပြုစုသူတွေဟာ ဒီနိုင်ငံရေးနောက်ခံကားချပ်ကို ချန်ထားပြီး သတင်းစာအချင်းချင်း အဓိပ္ပာယ်မရှိတိုက်ခိုက်နေကြလေဟန်၊ မြန်မာ့အလင်းအယ်ဒီတာချုပ် ဆရာသင်ဟာ အကြောင်းမရှိအသတ်ခံသွားရလေ ဟန်ရေးခဲ့ကြတယ်။ (စာပေဗိမာန်ထုတ် စွယ်စုံကျမ်းအတွဲမှ ဦးအံ့မောင်ရဲ့ မြန်မာသတင်းစာများအကြောင်းကို သာဓကဆောင်ထားတယ်)။

ထိုစဉ်က လူငယ်ပိုင်းကို ကိုယ်စားပြုပြီး မြန်မာ့အလင်းသတင်းစာမှ ဆရာသင်က "လူကြီးဂိုဏ်းသား လွတ်လပ်ရေးမာရ်နတ်တွေ၊ အစိုးရရဲ့အလိုတော်ရိငို့ဘခေါင်းညိတ်ပုတ်သင်ညိုတွေ"ကို ဆော်ပါနှက်ပါလေရော။

ဦးတင်ရဲ့ ပညာ့အလင်းကတော့ "ဂျင်ဂျာပုလင်း ဆူ-တာပွက်တာ လို" လူကြီးများဘက်မှ ရေးခဲ့သားခဲ့တယ်။

ဒီလိုတိုက်ပွဲဆင်နွှဲနေကြချိန်မှာ မြန်မာ့အလင်း အယ်ဒီတာချုပ် ဆရာသင်ဟာအသတ်ခံခဲ့ရတယ်။ နေရာကတော့ ပန်းဆိုးတန်းထိပ် ဘူတာရုံကြီးရှေ့ဖြစ်ပါတယ်။ အငှားတရားခံကတော့ လူမိုက်ကြီးငမိုး ဆိုသူဖြစ်ပါတယ်။ အဲဒီတုန်းကစပြီး လူမိုက်ကို ငမိုးလို့ခေါ်ကြတယ်။

သတင်းစာဆရာကို လူမိုက်ငှားသတ်သူ တရားခံအစစ် ဘယ်သူလဲ။ သတင်းစာတွေရဲ့ လွတ်လပ်ခွင့်ကို ဘယ်သူက ဖျက်ဆီးနေသလဲ။

ဒါတွေကို ပြည်သူပြည်သားအများအပြား စဉ်းစားကြတယ်။ ဆွေးနွေးကြတယ်။ စုပေါင်းကာကွယ်ရန်စီစဉ်ကြတယ်။ သည်လိုနှင့် သူရိယ၊ မြန်မာ့အလင်း၊ ဗန္ဓုလ၊ ကြယ်တံခွန်၊ မီးဒုတ်၊ လစ်ဘာတီစတဲ့ သတင်းစာဂျာနယ်တို့ဟာ သတင်းစာဆရာအသင်း တည်ထောင်ရန် ပထမဆုံးအကြိမ် ကြိုးပမ်းခဲ့ကြတယ်။

စာပေလုပ်သားများရဲ့ စည်းရုံးလှုပ်ရှားမှုသမိုင်းကို ပြောကြတဲ့အခါမှာ အင်္ဂလိပ်စာရေးဆရာကြီး အိုင်ချ်ဂျီဝဲလ် မြန်မာပြည်ရောက်လာချိန် ၁၉၃၈ ခုနှစ်၊ စာနယ်ဇင်းသမားများ စာရေးဆရာများစုစည်းမိကြခြင်းကို သမိုင်းအစ အဖြစ်ဖြင့် ပြောသူကပြောတယ်။ ဂျပန်ခေတ်မှာ ဂျပန်စစ်တပ်ထဲပါလာတဲ့ ဂျပန်စာရေးဆရာ တကာမီကပဲ စတင်စည်းရုံးပေးခဲ့လေဟန် ပြောသူက ပြောကြတယ်။

ဗန္ဓုလဦးစိန်ရဲ့တင်ပြချက်ဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံရေးနောက်ခံကားချပ်နှင့်ဟပ်ပြီး တင်ပြချက်ဖြစ်ပြီး သဘာဝယုတ္တိရှိတယ်။ အခြေခံသဘောဆောင်တယ်။

ဗန္ဓုလဦးစိန်ဟာ သူတက်တက်ကြွကြွ လှုပ်လှုပ်ရှားရှားနေခဲ့တဲ့ ၁၉၁၉ မှ ၁၉၃၉ အထိ ကာလရဲ့သမိုင်းကို ခုရေးဟန်သားဟန်မျိုးနှင့် ရေးမယ်ဆိုရင် လွန်စွာဖတ်စရာမှတ်စရာကောင်းသော စာအုပ်တစ်အုပ်ဖြစ်လာနိုင်ကြောင်းပါဗျ။

(၁၉၆၇ ခုနှစ် ဇန်ဝါရီလ ၁၇ ရက်နေ့ထုတ် (ပွင့်ပွင့်လင်းလင်းပြောပါရစေ) ဗိုလ်တထောင်သတင်းစာမှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)


### ကိုယ်ပိုင်ကျောင်း ဝန်ထမ်းအလိုရှိသည်

၁။ ဒု-ကျောင်းအုပ် (၁)ဦး
၂။ အဆောင်နေ အထက်တန်းပြ Guide (၁၀)ဦး
အမှတ်စဉ်(၁) အတွက် အထက်တန်းကျောင်းအုပ် အတွေ့အကြုံရှိရမည်။
အမှတ်စဉ်(၂) အတွက် သင်ကြားရေးအတွေ့အကြုံရှိရမည်။
အမှတ်(၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ဆင်ရေတွင်းမှတ်တိုင်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၃၉၈၇၅၊ ၀၉-၇၉၃၈၉၇၇၂၅၊ ၀၉-၅၁၆၂၂၃၈၊ ၀၉-၅၁၅၇၉၈၈

### နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော်မောင်ဘုန်းမြတ်ကောင်း[၁၂/မဂဒ(နိုင်)၁၂၈၈၆၃] နှင့် ကျွန်မ မသက်စမ်းရည် [၁၂/ရပသ(နိုင်)၀၅၃၃၅၉]တို့သည် ၈-၄-၂၀၁၅ရက်တွင် နှစ်ဦးသဘောတူတရားဝင် လက်ထပ်ပြီးစီးပါကြောင်း။

**မောင်ဘုန်းမြတ်ကောင်း-မသက်စမ်းရည်**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

### ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးစောထွန်း (ဒုတိယဌာနေတာဝန်ခံ-WCS)-ဒေါ်ခင်ချိုမော်ဦးတို့၏ သမီးငယ် မခင်ဇပရယ်စောထွန်း (ခုံအမှတ်-ဆလမ ၁၁၈)သည် ၂၀ ၁၄-၂၀၁၅ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ပါသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**၁၉၉၃ခုနှစ်၊ သစ်တောဘွဲ့ရသူငယ်ချင်းများ**



**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

" သြော် . . . မောင်က စာရေးကောင်းပါတယ်လို့ ခိုင်က ပြောနေတယ် "

ကျွန်တော်က မျက်မှောင်ကြုတ်၍ ခိုင့်ကို ကြည့်သည်။ ခိုင်က အသံလေးထွက်အောင် အသာအယာ ရယ်မောလိုက်ပြီး ဆက်ရွတ်သည်။

" အစက ဘယ်မှာ၊ အဆုံးဟာ ဘယ်ဆီ မသိနိုင်ပြီတဲ့ . . . ။ သံသရာကြီးနဲ့ချီပြီး အတိတေ ဘယ်ဘဝက ဘယ်လိုစခဲ့တဲ့ သံယောဇဉ်ပါလို့ ကိုယ့်မှာ ပြောနိုင်ခွင့် မရှိပါဘူး ခိုင်။ ဒါပေမယ့် ဆယ်ကျော်နှစ်က ကျွမ်းချစ်သဒ္ဓါ ကြိုးသူမှာလို့ တော့ သူတကာထက်လွန်ပြီး မေတ္တာသက်ကို ရေတွက်ပြနိုင်သူပါ ချစ်သော ခိုင် . . . တဲ့ . . . ဟဲ . . . ဟဲ . . . ငြိမ်းမောင် ရေးတာလေ မောင် . . . ။ သူလည်း သိပ်စာရေး ကောင်းတာပဲ "

ကျွန်တော်က ထိတ်လန့်တကြားဖြင့် ခိုင့်ကို မော့ကြည့်သည်။ ခိုင်ကမူ . . ကလေးငယ်တစ်ယောက်ပမာ တခစ်ခစ် ရယ်မောနေသည်။

ခိုင် ဘာဆိုလိုမှန်း မသိ။ ခိုင့်ကို ဘာပြန်ပြောရမှန်းလည်း မသိ။ ငုတ်တုတ်သာ ငြိမ်ခံနေရသည်။

ခိုင်ကသာ ဆက်ရယ်နေသည်။ ရယ်၍အားရမှ သမင်မငယ်သဖွယ် သွက်လက်စွာ ထရပ်သည်။

" ခိုင် ပျော်လိုက်တာ မောင် . . . ။ လာ . . . ခိုင်တို့ ငယ်ငယ်ကလို လမ်းလျှောက်ကြရအောင် "

" အို . . . ဘယ်ဖြစ်မလဲ . . . ခိုင် "

" ဘာလို့ မဖြစ်ရမှာလဲ . . . ။ လမ်းလျှောက်တယ်ဆိုတာ လွယ်လွယ်လေးပဲ "

"မဟုတ်ဘူးလေ . . . ငြိမ်းမောင်လည်း ပြန်မလာ သေးဘူး "

ခိုင်၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားသည်။ မျက်လုံးများကလည်း စူးရှတောက်ပဝင်းလာခဲ့၏။

" ငြိမ်းမောင်ကို စောင့်ရအောင် တာဖဲလုပ်တမ်းကစား ကြမှာမှ မဟုတ်ဘဲ . . . ။ လမ်းလျှောက်ကြပါမယ်ဆိုမှ၊ ဘာလဲ . . . မောင် ခိုင်နဲ့ လမ်းမလျှောက်ချင်တော့ဘူးလား" တတ်နိုင်ပါပေ့ မိခိုင်။ အကျပ်ကိုင်ပြန်တော့ ကျွန်တော်သာ အရှုံးပေးရသည်။ ခိုင် ဦးဆောင်ရာနောက်သို့ ကျွန်တော် လိုက်ခဲ့ရသည်။တော်ပါသေး၏။ ခိုင်သည် မြရာတောဖုံးသော တောင်ကုန်းများကို မရွေး၊ ခြံရှေ့မှ ထွက်ကာ သန်လျင် ကျောက်တန်း မော်တော်ကားလမ်း ဆီသာ ရှေ့ရှုခဲ့သည်။

မိုးငွေ့ပါသော ညနေချမ်း၏ လေသည် မပြင်းမညင် တိုက်ခတ်လာနေ၏။ ငယ်စဉ်ကတည်းမှ ရင်းနှီးခဲ့သော သန်လျင်၏ တောနံ့၊ တောင်နံ့၊ သစ်စိမ်းနံ့တို့သည် လေဝယ် မွှေးပျံ့ပါလာနေသည်။

ကျွန်တော်သည် ဘေးတွင်ယှဉ်လျက် လျှောက်ပါလာသော ဝါဝင်းသည့် အသား၊ ကြော့ရှင်းသည့် ကိုယ်နေ၊ စိုပြည်သန့်စင်သော မျက်လုံးလေးနှင့် ခိုင့်ကို တစ်ချက်ကြည့်မိရင်း စိတ်တွင်း၌ မသိမသာ ကြည်နူးပျော်ရွှင်လာ၏။

ဂါတ်တဲရှေ့အရောက်တွင် သဘော်ဆိပ်မှ ပြေးတက်လာသော ကျောက်တန်းသွား ကားတစ်စီးက မီလာ၏။

ကျွန်တော်က တစ်စုံတစ်ရာကို ရုတ်ချည်းသတိရ၏။ သို့ရာတွင် နောက်ကျသွားလေပြီ။

ခိုင်သည် ကားကို ဆီးတားသည်။ ကျွန်တော့်ကိုလည်း သရော်တော်တော် ပြုံးပြသည်။ လစ်သဖြင့်ခံလိုက်ရသော ကျွန်တော်ပြုံး၍သာ ခေါင်းညိတ်ပြပြီး ခိုင်နှင့်အတူ ကားပေါ် တက်လိုက်ခဲ့သည်။ ဦးထွန်းမောင်ကြီး၏ ခြံရှေ့တွင် ကျွန်တော်တို့ ဆင်းကြသည်။

ခြံတွင်းမှ ခွေးဟောင်သံ အလျင်ကြားရပြီး မရှေးမနှောင်း ပင် ရှည်လျားမြင့်မားသော ဦးထွန်းမောင်ကြီးပေါ်လာ၏။

"ကြည့်စမ်း . . . မောင်ပါလား။ သူက ဘယ်သူလဲ . . . ကြိုင် . . . ၊ ဟယ် မဟုတ်ပါဘူး . . . ဟဲ့ . . . ခိုင် . . . ဟုတ်လား "

ခိုင်က အသာအယာပြုံးရင်း ဖြေသည်။

" ဦးလေးဦးထွန်းမောင်ကြီးကလည်း ခိုင့်ကို မမှတ်မိဘူးလား "

"ဟ . . . မျက်လုံးကလည်း မွဲတယ်။ ပြီးတော့ နင်တို့ ညီအစ်မတွေက ခွဲလို့မှ မလွယ်ဘဲ။ လာ . . . လာ . . . အိမ်ကို လိုက်ခဲ့။ ဒါထက် မောင် ဘိလပ်ကို သွားတော့မယ်ဆို "

"ဟုတ်တယ် . . . ဦးလေးဦးထွန်းမောင်ကြီး၊ အဲဒါ မောင် လာနှုတ်ဆက်တာ။ ပြီးတော့ အိမ်ကိုလာမယ်။ မောင်တို့ ခြံထဲ လျှောက်ကြည့်လိုက်ဦးမယ် . . ."

"အေး . . . အေး . . . သွားကြ . . . သွားကြ။ ဒါပေမယ့် ကန်ထဲမှာ မဆော့နဲ့။ ရေနစ်ဦးမယ်နော် ဟား . . . ဟား . . . ဟား . . ."

ကျွန်တော်နှင့် ခိုင်သည် ရေကန်သို့ပင် လျှောက်လာခဲ့ကြသည်။

ကန်လေးသည် အစစ မပြောင်းလဲဟန်ရှိသည်။ ဖောင်လေးမှာလည်း အဆင်သင့်။ ထိုးဝါးလေးမှာလည်း အဆင်သင့်။

ခိုင်နှင့် ကျွန်တော်သည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ပြီး ပြိုင်တူ ပြုံးမိကြ၏။

"ခိုင် ဘာပြုံးတာလဲ "

"မောင်ကော ဘာပြုံးတာလဲ "

"သြော် . . . မောင်က ငြိမ်းမောင် ရေနစ်တာကို သွားသတိရလို့ပါ . . ."

"ငြိမ်းမောင်တစ်ယောက်တည်း မဟုတ်ပါဘူး။ ခိုင်ရော မောင်ရော နစ်ကြတာပါ "

ကျွန်တော်က သက်ပြင်း မသိမသာ ချမိသည်။

" ဟုတ်တော့ ဟုတ်တယ်လေ . . . ။ ဒါပေမယ့် ငြိမ်းမောင်ကတော့ သေလုမျောပါး ခံခဲ့ရတယ် မဟုတ်လား . . ."

ခိုင်က ဘာမျှပြန်မပြောဘဲ ငြိမ်နေ၏။

"ပြန်စဉ်းစားကြည့်ရင် ငြိမ်းမောင်ဟာ သိပ်သနားစရာကောင်းတာပဲ။ ခိုင်က သူ့အပေါ် ဆိုးတယ်။

မောင်က သူ့အပေါ် အနိုင်ယူတယ်။ အရှုံးပေး အနစ်နာခံစရာရှိရင် ငြိမ်းမောင်ချည်းပဲ။ ငြိမ်းမောင်ဟာ ခိုင်နဲ့ မောင်ရဲ့ ရှားပါးလှတဲ့ သူငယ်ချင်းစစ်တစ်ယောက်ပဲ ခိုင် . . ."

ခိုင်သည် ဘာမျှ ပြန်မပြော။

"ဘဝဆိုတာကလည်း ငြိမ်းမောင်ကိုသာ ဖိထောင်းချင်တယ် ထင်တယ်။ ဒါပေမယ့် စိတ်ကောင်းရှိသူကို နတ်ကောင်းမ,တတ်တာပဲ။ အခုဆိုရင် ငြိမ်းမောင်ဘဝဟာ တောင့်တအပ်တဲ့ ဆုနဲ့ပြည့်ပြီး ဝမ်းသာစရာကြီးပဲ။ ဒီအတွက်မောင်လည်း သိပ်ပျော်မိတယ် ခိုင် "

ဤတစ်ကြိမ်တွင် ခိုင်သည် သိသိသာသာ လှုပ်ရှားသွားသည်။ ကျွန်တော့်ကို တစ်စုံတစ်ခု ပြန်ပြောတော့မည့်ဟန် နှုတ်ခမ်းလေးများက တဆတ်ဆတ်လှုပ်လာ၏။ ကျွန်တော်ကလည်း စကားရပ်သွားသည်။

ခိုင်သည် ပြန်လည်တည်ငြိမ်သွားပြီး နူးညံ့စွာ မေးသည်။

"မောင် . . . ငြိမ်းမောင်ကို သိပ်ချစ်တာပဲလား . . ."

" ဘယ့်နှယ်မေးလဲ ခိုင်။ ချစ်ပါပြီကော . . . သိပ်ချစ်တာပေါ့။ ငြိမ်းမောင်တွင် မကဘူး၊ ခိုင့်ကိုလည်း သိပ်ချစ်တယ်။ ငြိမ်းမောင်နဲ့ ခိုင်ဟာ ဒီလောကမှာ မောင့်အချစ်ဆုံး လူတွေထဲမှာ ထိပ်ဆုံးက ပါတယ် "

ခိုင်က ပြုံးသည်။ ပြုံးရာမှ ချာကနဲ လှည့်ကြည့်၍ ကျွန်တော် မမျှော်လင့်သော စကားကို ဆိုသည်။

"ဟုတ်တယ် . . . ခိုင်ကလည်း ချစ်ပါတယ်။ မောင်ပြောသလိုပဲ၊ ခိုင့်အတွက်လည်း မောင်နဲ့ ငြိမ်းမောင်ဟာ ဒီလောကမှာ ခိုင့်အချစ်ဆုံးလူတွေထဲမှာ ထိပ်ဆုံးက ပါပါတယ်။ ဒါပေမယ့် . . ."

ခိုင်က စကားကို ရပ်၍ရယ်သည်။ မိခိုင် ရယ်ပုံမှာ ရယ်သည်ထက် ငိုသည်နှင့် ပိုတူနေ၏။

ခိုင်သည် မျက်နှာကို တည်လိုက်ပြီး ရေပြင်ကို စိုက်ကြည့်လျက် တစ်လုံးချင်းဆိုသည်။

"ဒါပေမယ့် . . . ခိုင် သူ့ကိုချစ်တာဟာ အခု သူမျှော်လင့်နေတဲ့ အချစ်မျိုးနဲ့တော့ မဟုတ်ဘူး။ အဲဒါကို မောင် သိစေချင်တယ် "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးသုံးပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| Lot(1) | | |
| 1. | Fax Machine(A4) | 10 Nos |
| Lot(2) | | |
| 1. | Olympia Calculator DT-8860TX(16 digits) | 20 Nos |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၂၃-၆-၂၀၁၅ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ် - ၀၆၇-၄၀၉၀၂၉၊ ၄၀၉၂၁၅)တွင် သတ်မှတ်ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## မိုးကုတ်မြို့မှ ဒေါ်မြင့်မြင့်ရီနှင့် မောင်ဇော်တို့ သိစေရန်ကြေညာခြင်း

မိုးကုတ်မြို့၊ ကျပ်ပြင်ကျေးရွာအုပ်စု၊ ဂေါင်းဦးဘာရပ်ကွက်ရှိ ဦးပိုင်အမှတ်(N-203)၊ ဧရိယာ(၁)ဧက(အရှေ့(၆၁)ပေ၊ တောင်(၁၁၇)၊ မြောက်(၁၁၉) ပေ၊ အနောက် (၁၂၅)ပေ)ရှိ အဆောက် အအုံ လုံးဝမရှိသည့် မြေဝိုင်းကို ပိုင်ဆိုင်သော ဒေါ်ရီဝင်း၊ ဒေါ်ခင်နှင်းရီနှင့် ဦးခင်မောင်ဇင် တို့မောင်နှမ (၃)ဦးက ဦးရဲဝဏ္ဏလှိုင်သို့ ၁၀-၄-၂၀၁၅ရက်တွင် တန်ဖိုးငွေကျပ် (၁၀)သိန်းဖော်ပြ၍ အပြီးအပိုင် ရောင်းချခဲ့ပါသည်။ ၁၃-၅-၂၀၁၅ရက်တွင် ဒေါ်မြင့်မြင့်ရီက ထိုမြေပေါ်သို့ ဝင်ရောက်၍ အဆောက်အအုံဆောက်လုပ်ကြပါသဖြင့် ၃၀-၆-၂၀၁၅ရက်ကို နောက်ဆုံး ထား၍ဆောက်လုပ်ထားသည့် အဆောက်အအုံကို ဖျက်၍ အချင်းဖြစ်မြေမှ ဖယ်ရှားပေးပါ ရန်နှင့် မလိုက်နာပါက တရားမကြောင်းအရရော၊ ပြစ်မှုကြောင်းအရပါ အရေးယူမည်ဖြစ်ကြောင်း နို့တစ်ပေး ကြေညာအပ်ပါသည်။

ကျုံပျော် မန်းဟန်တင် B.A.,D.S.,R.L
**တရားလွှတ်တော်ရှေ့နေ(၂၀၆၁/၁၉၈၁)**
**တိုက်-၁၂၊ အခန်း-၅၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဦးဇေယျာစိုး[၁၂/သဃက(နိုင်)၁၆၀၆၈၉]နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်နေ ဦးမိုးကျော်သူ [၉/မရမ(နိုင်)၀၀၆၀၉၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဖြေရှင်းအသိပေးကြေညာပါသည်။

၁။ ဦးမိုးကျော်သူသည် လိုင်စင်ရအင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ဂုဏ်သိက္ခာနှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းများကို တည်ကြည်ဖြောင့်မတ်စွာ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ဦးဇေယျာစိုးအသိဖြစ်ပါသည်။

၂။ ဦးမိုးကျော်သူအား ဦးဇေယျာစိုးနှင့်ဇနီးတို့က ၂၀၁၂ခုနှစ်တွင် အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုကြောင်း ကမ်းလှမ်းပြောဆိုခဲ့ရာ ဦးမိုးကျော်သူက ကုန်ကျစရိတ် ရင်းနှီးမတည်ပြီး ဦးဇေယျာစိုးက လုပ်ငန်းကြီးကြပ်ခြင်း၊ ဌာနဆိုင်ရာ ရုံးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရလာသောအကျိုးအမြတ်ကို တစ်ဝက်စီအချိုးကျ ခွဲဝေခံစားရယူကြမည်ဟု သဘောတူညီမှု ရယူထားခဲ့ကြပါသည်။

၃။ ဦးဇေယျာစိုးနှင့် လုပ်ငန်းများ လုပ်ကိုင်နေစဉ်အတွင်း အဆင်မပြေမှုများ ရှိသဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ဦးမိုးကျော်သူက ဆန္ဒမရှိတော့ပါသဖြင့် ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်ကပင် ဦးဇေယျာစိုးလုပ်ကိုင်ဆောင်ရွက်နေသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဦးမိုးကျော်သူက ငွေကြေးအကျိုးအမြတ်ရယူခံစားခြင်း၊ ငွေကြေးရင်းနှီးထည့်ဝင်ခြင်း၊ ပညာ၊ အကြံဉာဏ်တို့ လုံးဝပါဝင်ပတ်သက်မှုမရှိခဲ့တော့ဘဲ ၂၀၁၄ခုနှစ်၊ မတ်လ ၇ ရက်တွင် ဦးမိုးကျော်သူနှင့် ဦးဇေယျာစိုး၊ ဇနီးတို့သည် "နှစ်ဦးသဘောတူကတိစာချုပ်"တစ်ရပ်ချုပ်ဆို၍ ဦးဇေယျာစိုးလုပ်ကိုင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများကို ဦးဇေယျာစိုးနှင့် ဇနီးတို့အား လုံးဝအပြီးအပိုင် လွှဲပြောင်းပေးအပ်ပြီးကြောင်းနှင့် ချုပ်ဆိုထားသည့်ကတိပဋိညာဉ်စာချုပ်များပါ မြေရှင်အသီးသီး၊ အခန်းပိုင်ရှင်အသီးသီးတို့၏ ကျေနပ်သည်အထိ ဦးဇေယျာစိုးက လုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နှစ်ဖက်သဘောတူ ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဦးဇေယျာစိုးနှင့် ဦးမိုးကျော်သူတို့သည် လုပ်ငန်းအရ ၂၀၁၄ခုနှစ်၊ မတ်လ ၇ရက်နောက်ပိုင်း မည်သို့မျှ ပတ်သက်မှုမရှိတော့ကြောင်း ဦးဇေယျာစိုးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဦးမိုးကျော်သူ | ဦးခင်မောင်ဦး |
| [၉/မရမ(နိုင်)၀၀၆၀၉၃] | B.Sc,H.G.P,D.B.L,D.I.L |
| | အထက်တန်းရှေ့နေ၊ စဉ်(၁၇၄၇၂) |
| | ၈-၂/၈၁၊ ကုံကော်လမ်းသွယ်၊ (၄၀×၄၁)လမ်းကြား၊ ၆၆×၆၇လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မန္တလေးမြို့။ |
| | Ph:09-402521754, 011-202793 |

## ဦးစန်းလွင်[၁၂/သဃက(နိုင်)၁၃၁၃၂၁]နှင့် အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်နေ ဦးမိုးကျော်သူ [၉/မရမ(နိုင်)၀၀၆၀၉၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ၉-၆-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၁)ပါ ဦးစန်းလွင်[၁၂/သဃက(နိုင်)၁၃၁၃၂၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်ငွန်ဒီဆန်း၏ "ကန်ထရိုက်တာ ဦးမိုးကျော်သူ[၉/မရမ(နိုင်)၀၀၆၀၉၃]၊ ဦးဇေယျာစိုး[၁၂/သဃက(နိုင်)၁၆၀၆၈၉] နှင့် အများသိစေရန် ကြေညာချက်"အား အောက်ပါအတိုင်း ဖြေရှင်းအသိပေးကြေညာပါသည်။

၁။ ဦးမိုးကျော်သူသည် လိုင်စင်ရအင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ဂုဏ်သိက္ခာနှင့်အညီ တည်ကြည်ဖြောင့်မတ်စွာ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

၂။ အထက်ဖော်ပြပါ ကြေညာချက်တွင် ဖော်ပြပါရှိသည့် "၂-၁၂-၂၀၁၂ရက်စွဲပါ စာချုပ်အရ ဦးမိုးကျော်သူနှင့် ဦးဇေယျာစိုးတို့က မိမိတို့၏ ဝန်ခံကတိ ပြုချက်များကို ဆောင်ရွက်ပေးခြင်းမရှိဘဲ ပျက်ကွက်နေကြောင်း၊ တိမ်းရှောင်နေကြကြောင်း ဖော်ပြပါရှိချက်သည် မမှန်ကန်ကြောင်း" ဦးမိုးကျော်သူက အတိအလင်းငြင်းဆိုပါသည်။

၃။ ၂-၁၂-၂၀၁၂ရက်စွဲပါ စာချုပ်ကို ဦးစန်းလွင်နှင့် ချုပ်ဆိုစဉ်က ဦးမိုးကျော်သူ အနေဖြင့် ပါဝင်လက်မှတ်ရေးထိုး ဝန်ခံကတိပြုခဲ့ခြင်း လုံးဝ(လုံးဝ) မရှိခဲ့ပါ။

၄။ ဦးစန်းလွင်နှင့် ၂-၁၂-၂၀၁၂ရက်စွဲတွင် ပြုလုပ်ချုပ်ဆိုခဲ့သော စာချုပ်တွင် ဦးမိုးကျော်သူက တစ်စုံတစ်ရာဝန်ခံကတိပြုခြင်း၊ လက်မှတ်ရေးထိုးခြင်းတို့ မရှိခဲ့ခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အောင်တံခွန်လမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ အမှတ်(၁၀၆)ရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်(၃၇/က[၁])၊ မြေအမျိုးအစား(B/လ-န ၃၉)၊ ဧရိယာ(၀. ၀၆၁)ဧကပေါ်တွင် အဆောက်အအုံဆောက်လုပ်ရန်လုပ်ငန်းကိစ္စနှင့် ပတ်သက်ပါက ဦးဇေယျာစိုးတစ်ဦးတည်း တွင်သာ တာဝန်ရှိမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဦးမိုးကျော်သူ | ဦးခင်မောင်ဦး |
| [၉/မရမ(နိုင်)၀၀၆၀၉၃] | B.Sc,H.G.P,D.B.L,D.I.L |
| | အထက်တန်းရှေ့နေ၊ စဉ်(၁၇၄၇၂) |
| | ၈-၂/၈၁၊ ကုံကော်လမ်းသွယ်၊ (၄၀×၄၁)လမ်းကြား၊ ၆၆×၆၇လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မန္တလေးမြို့။ |
| | Ph-09-402521754, 011-202793 |

## မှတ်မှတ်ရရ သတင်း...

စာမျက်နှာ ၁၅ မှ

မြန်မာပြည် ကွန်မြူနစ်ပါတီဉက္ကဋ္ဌ သခင်သန်းထွန်း မတက်ရောက်ပါ။ ရဲဘော်ငွေး ဦးဆောင်သောအဖွဲ့ တက်ရောက်ဆွေးနွေးကြပါသည်။ ရဲဘော်ငွေးက ရွှေတိဂုံစေတီသို့တက်ရောက်၍ ဦးချကန်တော့နေသော ဓာတ်ပုံကိုလည်း ဖော်ပြခဲ့ပါသည်။

ကွန်မြူနစ်ပါတီဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ပြီးနောက် ပြန်လည်ထွက်ခွာသွားသော ဓာတ်ပုံကိုလည်း ဖော်ပြခဲ့ပါသည်။ ရဲဘော်ငွေးဦးဆောင်သော ကွန်မြူနစ်ပါတီအဖွဲ့သည် ချောင်းကိုဖြတ်၍ ပြန်သွားသောဓာတ်ပုံဟာ သမိုင်းဝင်ဓာတ်ပုံဖြစ်ပါသည်။ ၎င်းဓာတ်ပုံရိုက်ယူသူမှာ ပေါက်ခေါင်းသတင်းထောက် ဦးအုန်းရှိန် (အထောက်တော်)ဖြစ်ပါသည်။ ဦးအုန်းရှိန်ရိုက်ယူခဲ့သော ဓာတ်ပုံကို "သူတို့ပြန်ကြလေပြီ" ဟူသော စာသားဖြင့် "The Press- သတင်းစာ"ဂျာနယ်တွင် ဖော်ပြခဲ့ပါသည်။ ဤဓာတ်ပုံဖလင်ကို ပြန်ကြားရေးဌာနမှဝယ်ယူခဲ့ပြီး "ရှေ့သို့"စာစောင်မှာ "သူတို့ပြည်သူကို ကျောခိုင်းကြလေပြီ" ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားဖော်ပြခဲ့ပါသည်။

ဦးအုန်းရှိန်ရိုက်ယူခဲ့သော ဓာတ်ပုံဟာ ၁၉၆၃ ခုနှစ် အကောင်းဆုံးသတင်းဓာတ်ပုံဆုအဖြစ် ဆုချီးမြှင့်ခြင်းခံရပါသည်။

"သူတို့ ပြည်သူကို ကျောခိုင်းကြလေပြီ" ဟူသော စာသားနှင့်အညီ ရဲဘော်ငွေးဦးဆောင်သော အလံနီ ကွန်မြူနစ်အဖွဲ့သည် နယ်ခြားချောင်းငယ်ကိုဖြတ်သွားရာ ကျောကုန်းဘက်မြင်ကွင်းဖြင့် ရိုက်ယူခဲ့ခြင်းဖြစ်ပါသည်။ ၎င်းဖြစ်စဉ် ဓာတ်ပုံကိုကြည့်လျှင် သတင်းဓာတ်ပုံ၏အရေးပါမှုကို တွေ့ရမည်ဖြစ်ပါသည်။

ထပ်မံတင်ပြလိုသည်မှာ ကျွန်တော့်ကိုယ်တွေ့ သတင်းဓာတ်ပုံတစ်ပုံအကြောင်းဖြစ်ပါသည်။ ၁၉၆၂ ခုနှစ် ဝန်းကျင်ဟုထင်ပါသည်။ ကျွန်တော်သည် Guardian သတင်းစာတွင် အငယ်တန်းဓာတ်ပုံသတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်စဉ်ဖြစ်ပါသည်။ အကြီးတန်းသတင်းထောက်မှာ ဆရာဦးထွန်းမင်း(ကွယ်လွန်)ဖြစ်ပြီး ကျွန်တော့်ဆရာလည်း ဖြစ်ပါသည်။

ဗ. က. သ မှ ကိုတင်ထွန်း၊ ဦးဉာဏ်ဝင်းဦးစီး၍ ငါးခရိုင်ကျောင်းသားများ၏ ဆန္ဒပြပွဲကို ရွှေတိဂုံ တောင်ဘက်စောင်းတန်း(ရန်ကုန်မုခ်)အနီးရှိ ကန်တုံမင်(ကန်တော်မင်္ဂလာ)ပန်းခြံဝင်းအတွင်း ဟောပြောပွဲကျင်းပပြီးနောက် စီတန်းလှည့်လည်ဆန္ဒပြပွဲကို ဆက်လက်ကျင်းပပါသည်။ ရွှေတိဂုံဘုရားလမ်းမှ ဗိုလ်ချုပ်လမ်းသို့ စီတန်းလှည့်လည်ဆန္ဒပြကြပါသည်။ ကျွန်တော်လည်း အခြားဓာတ်ပုံသတင်းထောက်များနည်းတူ ဓာတ်ပုံရိုက်ယူပါသည်။

"သွင်" ရုပ်ရှင်ရုံရှေ့အရောက်တွင် ကျွန်တော်လည်း မြို့မရွှေဂုံရုပ်ရှင်ရုံများနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော တယ်လီဖုန်းတိုင် သုံးတိုင်ပူးပေါ်သို့ အပြေးအလွှားတက်၍ ဓာတ်ပုံနှစ်ပုံရိုက်ယူခဲ့ပါသည်။ ဤသို့တယ်လီဖုန်းတိုင်များပေါ်သို့တက်၍ ဓာတ်ပုံရိုက်ယူနေပုံကို "မိုးကြိုး"သတင်းထောက် ကိုမင်းသောင်က ရိုက်ယူ၍ "မိုးကြိုး"သတင်းစာတွင် ဖော်ပြခဲ့သည်ကို မှတ်မိနေပါသေးသည်။

ထူးခြားသည်မှာ အခြားသတင်းစာများနှင့်မတူသော ကျွန်တော်ရိုက်ယူခဲ့သည့် ဓာတ်ပုံကို ဂါးဒီးယန်းသတင်းစာမျက်နှာဖုံးတွင် ဖော်ပြပါရှိလာပါသည်။ ၎င်းနေ့၏ ညပိုင်းတွင် အယ်ဒီတာချုပ် ဂါးဒီးယန်းဦးစိန်ဝင်းက ကျွန်တော့်ကို ခေါ်ယူတွေ့ဆုံ၍ သိလိုသည်များကို ကျွန်တော့်အားမေးမြန်းပါသည်။

ကျွန်တော်က သတင်းစာဖတ်ပြည်သူများသို့ အသိပေးလို၍ ဤသို့ခက်ခက်ခဲခဲ ရိုက်ယူခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။ ဤတွင် ဆရာဦးစိန်ဝင်းက ကျွန်တော့်အား ငွေကျပ်ငါးရာချီးမြှင့်ပါသည်။ ထိုစဉ်က ကျွန်တော်ရသောလစာမှာ ၁၂၅ ကျပ် ဖြစ်ပါသည်။

ထို့နောက် ဆရာဦးစိန်ဝင်းက "လူကို ခွေးကိုက်တာ သတင်းမဟုတ်ဘူး၊ ခွေးကို လူကကိုက်တာသတင်း" ဖြစ်ကြောင်းနှင့် သတင်းဓာတ်ပုံရိုက်ယူရာတွင် အသက်ဝင်ဓာတ်ပုံဖြစ်ရန်လိုကြောင်း၊ ကားတစ်စီးမှောက်သွားသည်ကို မြင်ကွင်းအတိုင်းရိုက်ယူပါက အသက်ဝင်ဓာတ်ပုံမဟုတ်ကြောင်းနှင့် မှောက်သွားသောကားကိုမတ်တတ်ရပ်လျက်ကြည့်ရှုနေသည့် လူပုဂ္ဂိုလ်နှင့်တွဲလျက် မှောက်သည့်ကားနှင့် မတ်တတ်ရပ်ကြည့်ရှုနေသော ပုဂ္ဂိုလ် တို့ကို နှိုင်းယှဉ်ပြသရိုက်ယူခြင်းသည် ၎င်းဓာတ်ပုံကို ပိုမို၍အသက်ဝင်စေကြောင်း ပညာပေးခဲ့ပါသေးသည်။

အထက်တွင် ရေးသားခဲ့သည့်ဖြစ်စဉ်များကို ကြည့်ပါက သတင်းဓာတ်ပုံ၏ အရေးပါမှုတန်ဖိုးကို မြင်သာလောက်ပါပြီ။ သို့ပါ၍ ယနေ့လူငယ်ဓာတ်ပုံသတင်းထောက်များအနေဖြင့် မိမိပေးလိုသော Message ကို သိသာမြင်သာအောင် ရိုက်ယူဖော်ပြနိုင်ကြပါစေ။

# မကွေးမြို့တွင် စားသောက်ကုန်များစစ်ဆေး



**မကွေး ဇွန် ၁၉**

မကွေးမြို့ပေါ်ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် ဝက်သိုက်၊ ကံလှ၊ ဒဟတ်ကန်၊ ကံပြား အစရှိသည့်ကျေးရွာများမှ အားထားနေရသည့် ရန်ပယ်ဈေးကြီးအတွင်း စားသုံးသူပြည်သူများအား အန္တရာယ်ဖြစ်စေမည့် ဆိုးဆေး၊ တာရှည်ခံဆေးအပါအဝင် ဓာတုပစ္စည်းများ အသုံးပြု မွမ်းမံပြင်ဆင်ထားသော စားသောက်ကုန်များ ရောင်းချမှု အခြေအနေများ စစ်ဆေးမှတ်တမ်းတင်ခြင်း လုပ်ငန်းအား ဇွန် ၁၇ ရက် နံနက် ၁၀ နာရီခွဲက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးဝမ်းမောင် ဦးဆောင်၍ တာဝန်ရှိ အဖွဲ့အစည်းများမှ ရှောင်တခင် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်ဆေးရေးအဖွဲ့များသည် ရန်ပယ်ဈေးကြီးအတွင်း ငါးပိ၊ ငါးခြောက်၊ ရောဆီ၊ အချိုရည်၊ မုန့်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်အစရှိသည့် ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သုံးစွဲနေသော စားသောက်ကုန်များကို နမူနာများ ဝယ်ယူစုဆောင်းခြင်း၊ ဈေးဆိုင်လုပ်ငန်းရှင်များနှင့် လုပ်ငန်းသဘာဝနှင့် အခက်အခဲများ ဆွေးနွေးခြင်း၊ ဈေးဝယ်သူများ၏ သဘောထားစစ်တမ်းများကောက်ယူခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိမှတ်ဖွယ်ရာများပါဝင်သည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းအပြင် ရန်ပယ်ဈေး၊ ဈေးကြီးကြပ်ရေးရုံးတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအား တာဝန်ရှိသူများက ဈေးသည်များထံ ဝေမျှဟောပြောခဲ့ကြပြီး ဝယ်ယူစုဆောင်းထားသော စားသောက်ကုန်များအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန(FDA)သို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်သည်။

ယင်းစစ်ဆေးမှု ရလဒ်အပေါ်မူတည်၍ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ဆေးရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကုန်သည်တွေဆီက ရောဆီဆိုပြီး ရောက်လာတယ်။ ကျွန်မတို့ကလည်း ရောဆီဆိုပြီးပြောရောင်းတယ်။ ဘာဆီနဲ့ ဘာဆီရောမှန်းတော့မသိဘူး" ဟု စားသုံးဆီရောင်းချသည့် ဆိုင်ရှင်တစ်ဦးက ပြောသည်။

"ငါးခြောက်ငါးခြမ်းတွေက တာရှည်ခံအောင်လုပ်ထားပြီး ဝင်လာတဲ့အတိုင်းရောင်းတာပဲ။ တစ်ခုခုဖြစ်ရင် ကျွန်မတို့ ပြုပြင်ထားတာမဟုတ်လို့ ကျွန်မတို့မှာတာဝန်မရှိဘူး"ဟု ငါးခြောက်ဆိုင်ရှင်တစ်ဦးက ပြောသည်။

ရောင်းချသူများနှင့် ဝယ်ယူသူများအား မေးမြန်းဆွေးနွေးချက်များအရ နှစ်ဦးနှစ်ဖက်စလုံးတွင် ယာယီအဆင်ပြေရေးကိုသာ ရှေ့တန်းတင်၍ ရောင်းချနေခြင်းဖြစ်ပြီး စားသုံးသူရေးရာ အကာအကွယ်ပေးရေး ဗဟုသုတများ စွာလိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ဈေးဝယ်လာသူ ဒေသခံတစ်ဦးက "မိရိုးဖလာလွဲမှားမှုတွေနဲ့ ဘဝအဆင်မပြေမှုတွေပေါင်းပြီး အရာရာကို အလွယ်တကူ ဖြေရှင်းနေကြတာ မိမိကိုယ်တိုင်ရော၊ အနာဂတ်မျိုးဆက်တွေကိုပါ ထိခိုက်အန္တရာယ်ဖြစ်စေဖို့ အားလုံးကသဘောတူလက်ခံ ထားသလို ဖြစ်နေပါပြီ။ ဒီလို အကာအကွယ်ပေးရေး လုပ်ငန်းတွေ ဆက်တိုက်ဆောင်ရွက်ပေးစေလိုပါတယ်" ဟု အကြံပြုပြောသည်။

အဆိုပါစစ်ဆေးမှု၌ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးဝမ်းမောင်၊ ဦးစီးအရာရှိ ဒေါ်အေးအေးမိုး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA) ဒုတိယကြီးကြပ်ရေးမှူးများဖြစ်သည့် ဒေါ်ခင်ချိုလင်းနှင့် ဒေါ်ခင်ထွေးရီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးတာဝန်ခံ ဦးအောင်ကျော်ဝေ ၊ ရန်ပယ်ဈေးကြီးကြပ်ဦးမြင့်ရွှေ၊ ရန်ပယ်ဈေးကော်မတီဝင် ဦးညွန့်ဝင်းတို့ ပါဝင်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ အင်အားဖြည့်ပါဝင်ခဲ့ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

**ဒုတိယထပ်၊ အခန်းကျယ် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်**

သာကေတ၊ ရတနာလမ်းသစ်အိမ်ရာ၊ Horizon -International School ရှေ့၊ လမ်းမပေါ်

- MB(1), B(1), ဧည့်ခန်းကျယ်
- သံပန်း၊ Sun Shade အပြည့်တပ်ထား
- (မီးဖိုခန်း၊ မီးဖိုခုံ၊ ရေချိုးခန်း၊ အိမ်သာ)
  ကြွေပြားခင်း/ကပ်၊ အခန်းသန့်၊ ညှိနှိုင်းဈေး

ဖုန်း-၀၉-၇၉၃၄၁၆၉၄၀၊ ၀၉-၄၂၈၀၂၈၂၄၃၊ ၀၉-၄၃၀၅၅၂၉၆

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်-၂၄၂နေ၊ ဦးအောင်ထူး[၁၂/ကမတ(နိုင်)၀၁၉၉၉၅]၏ ညွှန်ကြားချက်အရ အောက်ပါ အတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇၈)၊ မြေကွက်အမှတ် -၁-စီ/၃-၇+၁-ဒီ/၅-၃ᵃ မြေပိုင်မြေကွက်သည် ဒေါ်ကြူ+၅ဦး ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။

ဒေါ်ကြူ+၅ဦးတွင် အငယ်ဆုံးညီမ ဒေါ်ယုယုဌေး(ကွယ်လွန်)၏ ခင်ပွန်းမှာ ဦးအောင်ထူးဖြစ်ပြီး ဒေါ်ယုယုဌေး၏ ဆက်ခံသူတစ်ဦးဖြစ်ပါသည်။

အထက်ပါမြေကွက်ပေါ်ရှိ အမှတ်-၆၀၃/ခ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သော ကန်ထရိုက်တိုက်တွင် ၂၄-၁၁-၂၀၁၀ရက်စွဲပါ အခန်းပေး၊ အခန်းယူ ကန်ထရိုက်စာချုပ်အရ ဒေါ်ယုယုဌေးသည် အထက်ဖော်ပြပါမြေကွက်နှင့် ဆောက်လုပ်ထားသော အဆောက်အအုံတွင် အချိုးကျ အကျိုးခံစားခွင့်ရှိသူဖြစ်ပြီး ဒေါ်ယုယုဌေးခံစားခွင့်ရရှိခဲ့သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်များကို ဒေါ်ယုယုဌေး၏ ခင်ပွန်းဦးအောင်ထူးနှင့် ၎င်း၏သား၊ သမီးများသိရှိခြင်းမရှိဘဲ ဒေါ်ယုယုဌေး၏မောင်နှမများက ကန်ထရိုက်ထံမှ တရားမဝင် လက်ခံဆောင်ရွက်ထားသည်ဟု သိရှိရပါသည်။

ထိုသို့ဆောင်ရွက်မှုသည် (ကွယ်လွန်သူဒေါ်ယုယုဌေး)၏ ခင်ပွန်းဦးအောင်ထူးနှင့်သား၊ သမီးများ၏ အကျိုးကို ထိခိုက်စေပါသည်။ ထို့ကြောင့် ဒေါ်ယုယုဌေး၏ ခံစားခွင့်များကို ကျန်မောင်နှမများက လက်ခံထားခဲ့ပါလျှင် ဦးအောင်ထူးမိသားစုက သဘောမတူပါကြောင်းနှင့် တရားမဝင်ဆောင်ရွက်ထားမှုများကို ကျန်မောင်နှမများက နောက်နောင်တွင် အလွဲသုံးစားမပြုလုပ်ကြရန် သတိပေးအပ်ပါသည်။

ဦးအောင်ထူးအနေဖြင့် ၎င်းမြေကွက်+အဆောက်အအုံနှင့်ပတ်သက်၍ မည်သူ၏ အလွဲသုံးစားပြုမှုကိုမျှ ဆက်လက်သည်းခံတော့မည်မဟုတ်ဘဲ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်မြေရှင်များဖြစ်သည့် ဒေါ်ကြူ+၄ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ထူး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်း(ဝါးခယ်မ)
တရားလွှတ်တော်ရှေ့နေ(၅၄၆၅)
အမှတ်-၂၄၊ (၆)လွှာ၊ သမိန်ဗရမ်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ဖုန်း-၀၉-၄၂၅၂၈၀၅၃၄

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောက်လုပ်မည့် ပြည်နယ်/ပြည်နယ်ရုံးခွဲ/ခရိုင်ရုံး(၁၁)ရုံး တည်ဆောက်ခြင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော သတ်မှတ်စံချိန်စံညွှန်းပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) တင်ဒါစတင်ရောင်းချမည့်နေ့ရက် - ၂၀-၆-၂၀၁၅ရက်(စနေနေ့)
(ခ) တင်ဒါရောင်းချမှုပိတ်သိမ်းရက် - ၆-၇-၂၀၁၅ရက်(တနင်္လာနေ့)
(ဂ) တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက် - ၇-၇-၂၀၁၅ရက်(အင်္ဂါနေ့)

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းအမှတ် (၀၈၁-၂၁၂၄၂၅၀/၀၈၁-၂၁၂၄၄၈၁)များသို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တိုးချဲ့လူနာဆောင်နှင့် အုတ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လိုပါသည်။
(က) တိုးချဲ့လူနာဆောင်(၃) ဆောင်ဆောက်လုပ်ခြင်း။
(ခ) အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း။
(ဂ) Consultant Firm အား ငှားရမ်းခြင်း။
၂။ အဆိုပါ လုပ်ငန်းတစ်မျိုးစီ ဆောင်ရွက်လိုသူများကို အိတ်ဖွင့်တင်ဒါစနစ်နှင့် တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။
၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၂-၆-၂၀၁၅ရက် မှ ၂၆-၆-၂၀၁၅ရက်ထိ
တင်ဒါပိတ်မည့်ရက် - ၃-၇-၂၀၁၅ရက်
၄။ အသေးစိတ်အချက်အလက်များစုံစမ်းလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးထံ လူကိုယ်တိုင် လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ အမှတ်(၃၂၇)ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ(၂၅×၅၀)ရှိ(ပါမစ်မြေ) ဦးကိုကိုနိုင်[၁၂/သဃက(နိုင်)၁၁၉၁၇၂]အမည်ပေါက် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးဂျွန်ဆင်[၉/မကန(နိုင်)၀၇၀၄၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးအပ်ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းနိုင်အောင်
(LL.B,C.B.L)
အထက်တန်းရှေ့နေ(စဉ်-၁၀၂၈၂)
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့်ဥပဒေအကြံပေးအတိုင်ပင်ခံ၊ အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၅၁၂၅၆၀၂

**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်။**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ၂၀၁၅-၂၀၁၆၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် လျှပ်စစ်ပစ္စည်းများနှင့် ရုံးသုံးစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါကြောင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ အသေးစိတ်စာရင်းများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ရှိ ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုနိုင်ပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | လျှပ်စစ်သုံးစက်ပစ္စည်းများ | (၄၈)မျိုး |
| ၂။ | ရုံးသုံးစက်ပစ္စည်းများ | (၂)မျိုး |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၃-၆-၂၀၁၅ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၉-၇-၂၀၁၅ရက်
၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန် - ၁၆-၇-၂၀၁၅ရက် (၁၆း၁၀)နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း(၂၅၁၁၅၇) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
၆။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါခေါ်ယူရေးအဖွဲ့**

ဖတ်စရာ

# မန္တလေးတောင်တော်တွင် ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ပန်းချီများကို လေ့လာနိုင်

မန္တလေးမြို့ရောက် ဘုရားဖူးဧည့်သည်များသည် မန္တလေးတောင်တော်နှင့် တောင်ပေါ်လေ့လာဖွယ်ရာများစွာကို စိတ်ဝင်တစားလေ့လာကြသည်။ ထိုသို့လေ့လာရာတွင် မန္တလေးတောင်ခြေရှိ ခြင်္သေ့ကြီးနှစ်ကောင်မှစ၍ လေ့လာမှတ်တမ်းယူကာ တောင်ပေါ်သို့ခြေကျင်တက်ကာ လေ့လာမှုများပြားကြောင်း သိရှိရသည်။ မန္တလေးတောင်တော်သည် ပင်လယ်ပြင်မှအထက် ပေပေါင်း ၇၇၆ ပေမြင့်ပြီး တောင်ခြေမြေပြင်မှ တိုင်းတာပါက အမြင့်ပေ ၅၀၀ ခန့်မြင့်သည်ဟု သိရသည်။

မန္တလေးတောင်တော်ပေါ်တွင် လေ့လာဖွယ်ရာများစွာရှိပြီး စိတ်ဝင်တစားလေ့လာနိုင်ရန် အချိန်ပေးလေ့လာသင့်သည်ဟု ဆိုထားသည်။ မန္တလေးတောင်တော်တွင်စက်တော်ရာ ပါဒနှစ်ဆူစေတီ၊ သမ္ဗုဒ္ဓေမြတ်စွာဘုရား၊ လွမ်းစေတီဘုရား၊ ကုသိနာရုံအင်ကြင်းတောဘုရား၊ ပြည်လုံးချမ်းသာဘုရား၊ စိုင်တမော့ဘုရား၊ ဗျာဒိတ်ပေးဘုရား၊ မြတ်စောညီနောင်ဘုရား၊ ခြင်္သေ့မင်းစေတီဘုရား၊ ဆင်မင်းစေတီဘုရား၊ ဆတ်မင်းစေတီဘုရား၊ ကြက်မင်းစေတီဘုရား၊ ငုံးမင်းစေတီ၊ ဖွတ်မင်းစေတီ၊ ဘီလူးမစေတီ၊ ဆုတောင်းပြည့်စေတီဘုရား၊ မြွေကြီးနှစ်ကောင်၊ ဓာတ်တော်တိုက်ဘုရား၊ သင်းကနက်ဘုရား၊ စွယ်တော်တိုက်ဘုရားနှင့် အခြားလေ့လာစရာများစွာရှိသည်။

ယင်းအထဲတွင် ဓာတ်တော်တိုက်ဘုရားမှာ ပန်းချီလက်ရာများဖြင့် ထူးခြားသည်ဟု ဆိုနိုင်သည်။ ဓာတ်တော်တိုက်ဘုရားသည် ယခင်က ပေသျှဝါမြို့မှရရှိသော ဗုဒ္ဓသရီရဓာတ်တော်စစ် ကိန်းဝပ်စံပယ်တော်မူခဲ့သော ခံ့ညားလှသည့် ကိုးခန်းပတ်လည် အုပ်ပြာသာဒ်တန်ဆောင်းကြီးပင်ဖြစ်သည်။ ဗုဒ္ဓသရီရဓာတ်တော်ထားရှိသည်ကိုစွဲကာ ဓာတ်တော်တိုက်ဘုရားဟု ခေါ်ဝေါ်ခဲ့သည်။ ဓာတ်တော်တိုက်ဘုရားတွင် ထူးခြားသည်မှာ အုတ်တိုင်များတွင် လက်ရာမြောက် ဇာတ်ကြီးဆယ်ဘွဲ့ပန်းချီများကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ အများအားဖြင့် အခန်းဇာတ်များဖြင့်ရေးဆွဲထားသည့် တေမိမင်းဇာတ်တော်ကို သရုပ်ဖော်ဆွဲထားခြင်းမှအစ အခြားလက်ရာများသည်လည်း စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

ပန်းချီကားအညွှန်းစာများ ပါရှိသည့်အတွက် ဇာတ်ကြီးဆယ်ဘွဲ့ကို အလွယ်တကူ နားလည်နိုင်သည်။ ပန်းချီကားတစ်ကားလျှင် ကုသိုလ်ရှင်တစ်ဦးနာမည်များ ရေးထိုးထားသည်။ မန္တလေးတောင်တော်ပေါ်သို့ ဘုရားဖူးသွားရင်း



ဓာတ်တော်တိုက်ဘုရားမှ လက်ရာမြောက်ပန်းချီကားများ စွာကို လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **တိမ်တမန်**

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပွဲကျင်းပ

**နွားထိုးကြီး ဇွန် ၁၉**

မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်းမှ ပထမ၊ ဒုတိယ၊ တတိယဆုရကျောင်းသူများအား ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ အခမ်းအနားကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်(နွားထိုးကြီး)**

## မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေး

**မင်းဘူး ဇွန် ၁၉**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား မင်းဘူးမြို့ မျက်စိအထူးကုဆေးရုံကြီးတွင် ဇွန် ၁၇ ရက်က အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။ အဆိုပါ အခမဲ့ခွဲစိတ်ကုသမှုခံယူနေသော မျက်စိဝေဒနာရှင်များအား ဇွန် ၁၈ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စမ်းစမ်းမြင့်နှင့်အဖွဲ့ဝင်များ၊ မင်းဘူးခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး နေကာမျက်မှန်များတပ်ဆင်ပေးကာ အာဟာရမုန့်များနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါအခမဲ့မျက်စိခွဲစိတ်ကုသမှုတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိဝေဒနာရှင် ၂၅ ဦးအား မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဦး ဦးဆောင်၍ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## မွန်ပြည်နယ် ရေးမြို့တွင် သုံးရက်တာသင်တန်းပို့ချ

**ရေး ဇွန် ၁၉**

မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်စေတီဓမ္မာရုံ၌ ဇွန် ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တာသင်တန်းကို Capacity Building Initiative (CBI) (Swan Yae Shae Saung) Good Citizenship Training Attendance စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်းက လာရောက်ပို့ချ သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ရေးမြို့နယ်အတွင်းမှ ဖိတ်ကြားထားသူ ၂၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် CBI မှ သင်တန်းနည်းပြဆရာများဖြစ်သော ဦးကျော်စောဟန်၊ ဦးအာကာကျော်တို့က နိုင်ငံသားများတစ်ဦး၏ လုပ်ဆောင်ရမည့်တာဝန်များနှင့် တာဝန်ဝတ္တရားများ၏ အခန်းကဏ္ဍများ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် မဲပေးပုံ (မဲဆန္ဒရှင်ပညာပေး) ပြည်နယ်လွှတ်တော်များ၏ လုပ်ပိုင်ခွင့် ရွေးကောက်ပွဲစနစ်များမှ သင်ခန်းစာများကို သုံးရက်တာအတွင်းတွင် ပို့ချပေးသွားမည်ဖြစ်သည်။

**ထွဋ်ထွဋ်(ရေး)**

Topsyne® HERBAL CREAM
ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ
အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်
သုံးစွဲသူများ အတွက် အထူး ကံစမ်းမဲ
( 15.5.2015 - 15.3.2016 )
1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု
နေရောင်ခြည်ဒဏ်ကို နှစ်ဆ ကာကွယ်ပေးပြီး အသားအရေကို သဘာဝအတိုင်း ကြည်လင်ဝင်းပ စေသည်။ လိမ်းထားစဉ် မိတ်ကပ်သား ထူထဲမှုမရှိစေဘဲ သဘာဝအတိုင်း ညီညာလှပနေစေပြီး အဆီပြန်ခြင်းကင်းစေသည်။ အသားအရေ၏ အစိုဓာတ်ကို ကြာရှည်ထိန်းပေးကာ အရေးအကြောင်းများကို လျော့ပါးစေသည်။
Apple Production Co., Ltd. - (01) 581391, 581844, 581886 (09) 86 18081 , 49 316408

S M H English classes
IELTS
( Foundation, Preparation & Exam )
လိုချင်သော Band Score အတိုင်းရအောင် သင်ကြားပေးသော သီးသန့်တန်းများ
- Basic , Pre နှင့် Intermediate (၃)လသင်တန်းများ
- TOEFL နှင့် IGCSE သီးသန့်သင်တန်းများ
သင်တန်းအပ်လက်ခံပြီ
Contact person Saya Prin Chan
167/173 (B4) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ Ph: 01-392737 , 09-5105529 , 09-31560908

**ဝန်ထမ်းအမြန်အလိုရှိသည်**

Myanmar Kowa International Co.,Ltd

အမှတ်(၁၉၇/၁၉၉)၊ မြေညီထပ်၊ ၃၄လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၅၉၂၅၊ ၂၄၆၃၀၄ လိုင်းခွဲ-၁၃

၁။ Admin/HR Manager (၁)ဦး
၂။ Office Secretary (၁)ဦး
၃။ Sales & Marketing Manager(Cabinet Furniture) (၁)ဦး
၄။ Sales & Marketing Assistant Manager (Cabinet Furniture) (၂)ဦး
၅။ Showroom Staff (၅)ဦး
၆။ Counter girl (၅)ဦး
၇။ Store Assistant Supervisor (ဒင်္ဂုံဆိပ်ကမ်းစက်မှုဇုန်တွင် တာဝန်ထမ်းဆောင်ရန်) (၂)ဦး
၈။ Driver (အိမ်/ရုံး ကားမောင်းရန်) (၃)ဦး
၉။ Cashier (၁)ဦး
၁၀။ Operation (Supervisor) (အရောင်းပြပွဲ) (Exhibition show, Road Showပွဲများစီစဉ်နိုင်သူ) (၁)ဦး
၁၁။ Senior Accountant (၁)ဦး

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ လိုအပ်သော စာရွက်စာတမ်း မိတ္တူများဖြင့် အထက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ EMailဖြင့် လျှောက်ထားလိုပါက hr.myanmarkowa@gmail.comသို့ ၁၀-၇-၂၀၁၅ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၁၂) ခ ၅/၈၊ မြတ်လေးပန်းခြံနေ ဦးတင်ကိုလွင် [၁၂/လကန(နိုင်)၀၃၅၇၇၆]၊ ဒေါ်နုနုလွင်[၆/ထဝန(နိုင်)၀၀၀၇၁၉]တို့၏သား မောင်ဝေယံဟိန်း[၁၂/ရပသ(နိုင်)၀၇၃၃၀၇]သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးတင်ကိုလွင်-ဒေါ်နုနုလွင်

ဖုန်း SIM CARD ဝယ်မည်
73 **-80000 Ks
49 **-120000 Ks
50 **-180000 Ks
Ph; 09-5089555

# မီးပွိုင့်များ အချက်ပြ ကြန့်ကြာ လမ်းပြောင်းပြန်ကျော်တက် မောင်းနှင်မှုများဖြစ်ပေါ်

**ရန်ကုန် ဇွန် ၁၉**

မီးပွိုင့်များတွင် မီးနီအချက်ပြ ကြန့်ကြာမှုကြောင့် လမ်းပြောင်းပြန် ကျော်တက်မောင်းနှင်မှုများဖြစ်ပေါ်လာရပြီး ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပေါ်လာရကြောင်းမထသ(ဗဟို)မှသိရသည်။

မထသ(ဗဟို)မှ အတွင်းရေးမှူး ဦးဘမြင့်က "ဒီနေ့မီးပွိုင့်တော်တော်များများအနီးမှာ လမ်းပြောင်းပြန်မောင်းနှင်တာတွေကို အများကြီးတွေ့နေရပါတယ်။ မီးပွိုင့်တွေက မီးနီတာကြာတော့ ယာဉ်ကြောက အရှည်ကြီးဖြစ်သွားတယ်။ ခရေပင်မီးပွိုင့်ဆိုအဆိုးဆုံးဖြစ်နေတယ်။ဘာကြောင့်လဲဆိုတော့ အမှတ် (၃) လမ်းက လာတဲ့ ခရေပင်လမ်းမကြီးမှာဆိုရင် ရထားလမ်းအကျော်ကနေစပြီး ယာဉ်တွေကတန်းစီစောင့်ဆိုင်းကြရပါတယ်။

"တကယ်တော့ ရန်ကုန်မြို့တွင်းကို မြန်မာနိုင်ငံရဲ့ မြောက်ဘက်အခြမ်းကဖြစ်တဲ့ ပဲခူး၊ မန္တလေးမြို့ဘက်ကဝင်လာကြတဲ့ ကုန်ကားများအားလုံးဟာ ဒီလမ်းကနေပဲ ဝင်ကြရတာပါ။ အဲဒီတော့ ဒီလမ်းဟာအချက်အချာကျတဲ့ လမ်းဖြစ်တယ်။ ယာဉ်တွေကလည်းမီးပွိုင့်မှာ အကြာကြီးစောင့်တန်းစီနေရတော့ မစောင့်နိုင်တဲ့ ယာဉ်တွေဟာ လမ်းပြောင်းပြန် ကျော်တက်မောင်းနေကြတာပါ"ဟု ပြောသည်။

"လမ်းပြောင်းပြန် မောင်းတာကလည်း နှစ်ထပ်ဖြစ်လောက်အောင် မောင်းတာတွေ့ခဲ့ရပါတယ်။ အဲဒီတော့ တစ်ဖက်ယာဉ်ကြောက မောင်းနှင်လာတဲ့ ယာဉ်နဲ့ထိပ်တိုက်တွေ့ပြီး ယာဉ်တိုက်မှု ဖြစ်နိုင်ပါတယ်။ ကျွန်တော်ကိုယ်တိုင် တန်းစီပြီး မောင်းတာဆိုရင် အဲ့ရထားလမ်းအကျော်ကနေ မီးပွိုင့်ကို လှမ်းမြင်ရတာတောင် ၄၅ မိနစ်ကျော်မောင်းခဲ့ရပါတယ်။

"၈ မိုင်မီးပွိုင့်ဆိုလည်း ဒီအတိုင်းပဲ။ တန်းစီစောင့်ရတာ ရှမ်းကျောင်းအပေါက်ဝထိရောက်ပါတယ်။အဲ့ဒီလိုမီးပွိုင့်တွေရဲ့ ကြန့်ကြာမှုကြောင့် လမ်းပြောင်းပြန်မောင်းကြတဲ့ ယာဉ်တွေကစည်းကမ်း ဖောက်ဖျက်နေကြတာပါ။ ဒါကျွန်တော်သွားနေကျ နေရာတွေကိုပြောတာပါ။ မြို့ထဲမှာ ဒီထက်မကကြာတဲ့ မီးပွိုင့်တွေရှိပါဦးမယ်။ လမ်းပြောင်းပြန် မောင်းတာကလည်းစည်းကမ်းချိုးဖောက်တာပါ။ ကြည့်လို့ရှိရင်လည်း အမြင်မတော်ပါဘူး" ဟု ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် မေလအတွင်းက ခရီးသည်တင်ယာဉ်မတော်တဆမှု ၁၄ မှု ဖြစ်ခဲ့မှုကြောင့် သုံးဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဇွန်လ ၁ ရက်မှ ၁၅ ရက်ထိ ယာဉ်မတော်တဆမှုရှစ်မှု ဖြစ်ခဲ့သောကြောင့် နှစ်ဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြုစုစာရင်းအရ ဒိုင်နာယာဉ်ကြောင့် ယာဉ်မတော်တဆမှုများပိုမိုများပြားလာကြောင်း မထသ(ဗဟို)မှ သိရသည်။

**ဝ၄ဝ**

# မြိတ်ခရိုင်ဈေးဆိုင်များအား တားမြစ်အစားအသောက်များစစ်ဆေး

**တနင်္သာရီ ဇွန် ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် အစားသောက်ကြီးကြပ်မှုကော်မတီအဖွဲ့ မြို့နယ် ဆရာဝန်ကြီးဒေါက်တာ ဇော်အောင် ဦးစီး၍ ၎င်းအဖွဲ့တွင် ပါဝင်သော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့ဝင်များ ပူးပေါင်းလျက် မြန်မာစာတန်းလုံးဝမပါရှိသော အထူးသဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံထုတ် စားသုံးရန်မသင့်၍ တားမြစ်ထားသည့် အချိုရည်ဘူးများ၊ ရက်ကျော်လွန်အစားအစာများ ရောင်းချနေမှု ရှိ၊ မရှိ၊ အထူးသဖြင့် အခြေခံပညာကျောင်းများအနီးဝန်းကျင်၌ ရောင်းချနေသည့် ဈေးဆိုင်များကို ဦးစားပေးစနစ်ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း ယင်းမှတစ်ဆင့် ပင်ရင်းရောင်းချနေမှုများအား ကွင်းဆက်တစ်ဆိုင်ချင်းစီ စစ်ဆေးကြသည်။



မြို့နယ်အစားသောက်ကြီးကြပ်မှု ကော်မတီသည် တားမြစ်ထားသည့် စည်းကမ်းချက်နှင့်အညီ စစ်ဆေးတွေ့ရှိသည့် အစားအသောက်ပစ္စည်းများနှင့်ပတ်သက်၍ ဈေးဆိုင်ရှင်များအား မြို့နယ်ဆရာဝန်ကြီးနှင့်အဖွဲ့မှ ဆိုးကျိုးများ အကြောင်း အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

စစ်ဆေးတွေ့ရှိရသည့် အစားအသောက်ပစ္စည်းများ၏ တန်ကြေးကို ပေးဆပ်၍ သိမ်းဆည်းခဲ့ကြပြီး နောင်တွင်လည်း ဆက်လက်ရောင်းချခြင်းမပြုဘဲ သတ်မှတ်စည်းကမ်းလိုက်နာကြရန် ပညာပေးဆွေးနွေးခဲ့ရာ ဈေးဆိုင်ပိုင်ရှင်များကလည်း မိမိတို့အနေဖြင့် မသိနားမလည်၍ ရောင်းချမိခဲ့ကြောင်း၊ အခုလို အသိပညာပေးပြောပြသည့်အတွက် များစွာကျေးဇူးတင်မိပါကြောင်း ဆိုင်ရှင်ဒေါ်ခင်မီစောက ပြောကြားခဲ့သည်။

**ထိန်ဝင်း(ပြန်ဆက်)**

# မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင်အထက်တန်း၊အလယ်တန်း၊ မူလတန်းကျောင်းများအား အဆင့်တိုးမြှင့်

**ပွင့်ဖြူ ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စာသင်ကျောင်း အဆင့်တိုးမြှင့်မှု ၁၄ ကျောင်းရှိကြောင်းသိရသည်။

ဖလံတောကျေးရွာ အလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဖြစ်အဆင့်တိုးမြှင့်ခဲ့ပြီး ပြည်လုံးကျော်၊ ဇီးကျွန်း၊ ဆည်တော်၊ ဆင်လူး၊ လယ်မ၊ သရက်တော၊ ကနီ၊ ဇီးတော၊ ရှားတောကျွန်းကျေးရွာများရှိ ကျောင်းများအား မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးခဲ့သည်။

ယင်းအပြင် ရေပုတ်ကြီးနှင့် ဝါတပ်ရှိ အမကအဆင့်မှ မူလတန်းလွန်အဆင့် တိုးမြှင့်ကာ ပေါက်ကုန်း-ရွာသစ်နှင့် ကြီးအုံကြီးဝရှိ ကိုယ့်အားကိုယ်ကိုး ကျောင်းများအား အမက အဆင့်သို့ တိုးမြှင့်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုလို ကျောင်းများအား အဆင့်တိုးမြှင့်လိုက်သည့်အတွက် အဆင့်မြင့်တန်းရှိရာ ကျောင်းများသို့ သွားလာရန်ခက်ခဲသော ကျောင်းသား၊ ကျောင်းသူများ၊မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များကိုကျေးရွာ၌ပင် စာသင်ကြားနိုင်ခြင်းကြောင့် အတန်းကူးပြောင်းပြီးဆုံးမှုမြင့်မား လာမည်ဖြစ်ကြောင်းမြို့နယ် ပညာရေးမှူးရုံး တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အောင်သူရ(ပွင့်ဖြူ)**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်လှလှမျိုး ဦးဆောင်သော သူနာပြုသားဖွားဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများသည် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ဇွန် ၁၇ ရက် နံနက် ၈ နာရီမှစတင်၍ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းသိရသည်။ ယင်းအဖွဲ့မှ ကရင်ခြံရပ်ကွက် အတွင်းရှိ နေအိမ်များမှရေကန်များ၊ ရေစည်များကို အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ကရင်ခြံရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးတို့က ပါဝင်ကူညီ ဆောင်ရွက်ပေးကြပြီး နံနက်ပိုင်းတွင် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းပြီးမြောက်ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

**Myanmar Nissenken Co.,Ltd**

ဂျပန်စာ 4 Skill ကျွမ်းကျင်သူ အမြန်အလိုရှိသည်။

ကျား/မ (၂)ဦး

- JLPT N-II, III အဆင့်ရှိသူ။
- Computer အခြေခံကျွမ်းကျင်၍ ဂျပန်စာကောင်းစွာရိုက်နိုင်သူ။
- အင်္ဂလိပ်စကား အထိုက်အလျောက်တတ်ကျွမ်းသူဦးစားပေးမည်။

လစာ (၃)သိန်း ~ (၄)သိန်း(ညှိနှိုင်း)

(အသေးစိတ်အချက်အလက်များကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

ဖုန်း ၀၁-၆၅၀၁၈၁၊ ၀၁-၆၄၆၅၉၄

လိပ်စာ - အမှတ်(၈၀၄)၊ အောင်သုခလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

**အောက်ဖော်ပြပါ မြေကွက်/တိုက်ခန်းများအား ငှားရန်ရှိသည်**

- မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ခရေပင်ရိပ်သာ။
  တစ်ကွက်အကျယ်အဝန်း ပေ(၈၀×၁၂၅)၊ မြေသီးသန့်(ငှား)
  တစ်ကွက် (၇)သိန်း
- မြောက်ဒဂုံ (၄၅) သစ်ထည်၊ မဟာဗန္ဓုလလမ်းနှင့် စွယ်တော်လမ်း၊
  အကျယ်အဝန်း ပေ(၆၀×၈၀)၊ မြေသီးသန့် (ငှား) (၅)သိန်း
- ရန်အောင်(၅)လမ်း၊ ရန်ကင်း(၂)ရပ်ကွက်၊
  မြေညီထပ်၊ Air con၊ မီးအားမြင့်စက်၊ ရေမော်တာပါမည်။
  (ငှား) (၈)သိန်း
- မြောက်ဒဂုံ၊ (၄၅)ရပ်ကွက်၊ ကြေးတိုင်လမ်း။
  အိမ်နှစ်လုံးပါ၊ အကျယ်အဝန်း ပေ(၄၀×၆၀) (ငှား) အိမ်တစ်လုံး(၁ သိန်းခွဲ)

ဆက်သွယ်ရန်ဖုန်း-၀၉ ၄၉၂၀၀၁၄၇၊ ၀၉၅၁၈၇၃၉၂ (ပိုင်ရှင်ကိုယ်တိုင်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်မှ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရ (ကုမ္ပဏီ၊ အဖွဲ့အစည်း၊ အရောင်းဆိုင်)များမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူမည့် ပစ္စည်းအမျိုးအစား

၁။ ရုံးသုံးစက်ပစ္စည်းများ
၂။ လျှပ်စစ်သုံးစက်ပစ္စည်းများ
၃။ ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ
၄။ အရပ်ရပ်သုံးပစ္စည်းများ
၅။ Language Lab
၆။ ဓာတ်ဆေးပစ္စည်းများနှင့် ဆေးစာအုပ်များ
၇။ Phone Exchange 1000 main cable, Extension Cord Single Phone (25 Lines) & Phone Installation.

၁။ တင်ဒါရောင်းချမည့်ရက် - ၂၂-၆-၂၀၁၅ ရက်(တနင်္လာနေ့)
၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၁၃-၇-၂၀၁၅ ရက်(တနင်္လာနေ့)၊ ၁၆း၀၀ နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖုန်း-၆၄၅၇၄၂၊ ၆၄၅၇၅၃၊ ၆၄၅၇၄၄၊ ၆၄၅၇၄၅

**အများပြည်သူသိစေရန် သတိပေးကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၃/ဒါဘာ)နေ ဦးအုန်းမောင်၏သမီးဖြစ်သူ ဒေါ်နန္ဒာအေး[၁၂/စခန(နိုင်)၀၀၂၃၆၈]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၄၃၂)၊ အလျားပေ(၄၀×၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိသော မြေကွက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အိုးအိမ်ဦးစီးဌာန၊ မြေနှင့်အခွန်ဌာနမှ ဦးအောင်စိန်၏သမီးဖြစ်သူ ဒေါ်သန်းငွေ(KMA-၀၁၆၈၂၁)အား ၅-၃-၁၉၉၁ ရက်တွင် မြေချပါမစ် (လူနေထိုင်ခွင့်ပါမစ်)ကို ထုတ်ပေးခဲ့ပါသည်။

ကျွန်ုပ်အမှုသည်မှ ၂၅-၁၂-၂၀၀၃ ရက် နေ့စွဲပါ မြေပိုင်ရှင် ဒေါ်သန်းငွေးထံမှ ဝယ်ယူခဲ့သော စာချုပ်အရ နှစ်(၆၀)မြေငှားစာချုပ် ဂရန်အသစ် ထုတ်ပေးပါရန် မြို့တော်သတင်းစာမှ ၂၉-၇-၂၀၁၄ ရက် နေ့စွဲဖြင့်လည်းကောင်း၊ ၅-၈-၂၀၁၄ ရက် နေ့စွဲပါ ကြေးမုံသတင်းစာတွင်လည်းကောင်း ကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်ကို ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်နန္ဒာအေးအား ၂၅-၁၂-၂၀၀၃ ရက်တွင် ရောင်းကြေးငွေ တန်ဖိုးကျပ်(၅၀၀၀၀၀)တိတိဖြင့် ဒေါ်သန်းငွေးမှ ရောင်းချ၍ နှစ်ဦးနှစ်ဖက်စာချုပ်ချုပ်ဆိုကာ ကျွန်ုပ်အမှုသည်အား လက်ရောက်ပေးအပ်ခဲ့ပါသည်။

အထက်ဖော်ပြပါ မြေကွက်တွင် ဒေါ်သူဇာ(ခ) ဒေါ်မေမြတ်သူ၊ ဒေါ်စိန်၊ ဦးကျော်ကျော်နိုင်တို့က ဒေါ်သန်းငွေးထံမှ ဝယ်ယူခဲ့သည်ဟုဆိုကာ ဒေါ်သန်းငွေး၏ ခွင့်ပြုချက်လည်းမရှိ ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်လည်းမရှိဘဲ အဆောက်အအုံ(၂)လုံးဆောက်လုပ်ခဲ့ရာ ဒဂုံမြို့နယ်မြောက်ပိုင်း စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူး၏ ၂၉-၉-၂၀၁၁ ရက် နေ့စွဲပါ စာအမှတ်၊ ၀၄၈/၂၆၅၇/စည်ပင် (ဒဂမ)ဖြင့် ဒဂုံမြို့နယ်မြောက်ပိုင်း၊ မြို့နယ်ပြည်သူ့ရဲစခန်းထံ ဆောက်လုပ်ခွင့် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခဲ့ကြောင်း အကြောင်းကြားခဲ့ပါသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီမှ ကျွန်ုပ်အမှုသည်နှင့် ၂၅-၂-၂၀၁၅ ရက်တွင် မြေငှားစာချုပ်ချုပ်ဆို၍ အထက်ဖော်ပြပါ မြေကွက်ကို အဆောက်အအုံဆောက်လုပ်နေထိုင်ခွင့်ပြုခဲ့ပါသည်။ ထို့ကြောင့် ဖော်ပြပါ မြေကွက်မှာ ကျွန်ုပ်အမှုသည်မှ တရားဝင် စီမံခန့်ခွဲပိုင်ခွင့်ရရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်ပေါ်တွင် တရားမဝင် ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံကို အမြန်ဆုံးဖျက်သိမ်းဖယ်ရှားပေးပါရန်နှင့် ဒေါ်သူဇာ(ခ) ဒေါ်မေမြတ်သူ၊ ဒေါ်စိန်နှင့် ဦးကျော်ကျော်နိုင်တို့မှ မလိုက်နာပျက်ကွက်ခဲ့ပါက မျှားမကြာမီ တရားဥပဒေအရ ထိရောက်စွာ အရေးယူတော့မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးသန်းငွေးလွင် **B.A,H.G.P,R.L**
တရားလွှတ်တော်ရှေ့နေ
အမှတ်(၄၂၇/၄၂၈)၊ ဓမ္မပါလလမ်း၊ (၇) ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့။

**ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း**

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းမြင့်[၁၂/အစန(နိုင်)၁၂၄၄၀၇] ကိုင်ဆောင်သူသည် အိမ်ဂရန်အား ခိုးယူပေါင်နှံခြင်း၊ မိသားစုပိုင်ပစ္စည်းများ၊ အလွဲသုံးစားပြုလုပ်ခြင်းနှင့် ငွေကြေးအရှုပ်အရှင်းများ အကြိမ်ကြိမ်ပြုလုပ်၍ မိသားစုဂုဏ်သိက္ခာအတွက် ပေးလျော်ရှင်းလင်းရသဖြင့် အိမ်တွင် ပစ္စည်းများနှင့် ငွေအမြောက်အမြား ဆုံးရှုံးခဲ့ရပါသည်။ ယခုတစ်ဖန် အိမ်ထောင်ရေးပြစ်မှုကြီးအား ကျူးလွန်ကာ ၁၃-၅-၂၀၁၅ ရက်တွင် ကျွန်တော်မရှိခိုက် ပစ္စည်းတချို့ ယူဆောင်ကာ ၎င်းဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယင်းနေ့မှစ၍ ဇနီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ကြောင်း သိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

ဦးတင်မြင့်[၁၂/အစန(နိုင်)၁၂၀၈၇၅]

# ဈေးကွက်ခိုင်မာမှုရှိလာလျှင် သစ်တောသစ်ပင်များကို ဒေသခံများက ချစ်ခင်တန်ဖိုးထားလာနိုင်

**မကွေး ဇွန် ၁၉**

မြန်မာလူမျိုးများအတွက် နှစ်ပေါင်းများစွာ ဈေးကွက်မဝင်၊ တန်ဖိုးမရှိဖြစ်ခဲ့ရသော သစ်ပင်အချို့၏ အစေ့၊ အပွင့်၊ အသီး၊ အမြစ်နှင့် ဉများမှာ နှစ်အနည်းငယ်အတွင်း ဈေးကွက်ဝင်ပစ္စည်းများဖြစ်လာသည်နှင့်အမျှ ဒေသခံအများစု၏ စိတ်ဝင်စားမှုပိုမိုရရှိလာပြီး လုပ်ငန်းဈေးကွက်ခိုင်မာမှုရှိလာလျှင် သစ်တောသစ်ပင်ချစ်ခင်တန်ဖိုးထားသူပိုများလာနိုင်ကြောင်း မကွေးဒေသခံ စိုက်ပျိုးရေးကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

သစ်တောဥပဒေအရ တားမြစ်ကုန်သတ်မှတ်ထားသော သစ်တောထွက်ပစ္စည်းများရှိသော်လည်း မကွေးဒေသတွင်း အရောင်းအဝယ်ကောင်းမွန်နေသော ဂျပ်စေ့၊ ဒန့်သလွန်စေ့၊ တရုတ်စံကားပွင့်၊ ကြိမ်သီး၊ ပေသီး၊ ထန်းမြစ်၊ လိပ်ပြာဉ၊ တစ်လုံးဉ၊ ပိုးစာဉ စသည်တို့မှာ အလေ့ကျပေါက်သောအပင်များမှ ရရှိသောပစ္စည်းများဖြစ်ပြီး အချို့မှာ အပင်တို့မှ ရင့်၍ကြွေကျခြင်းတို့ကြောင့်ရရှိသော သစ်တောထွက်ပစ္စည်းများဖြစ်ကြောင်း ယင်း ဒေသခံများက ပြောသည်။

"ဂျပ်စေ့ကတော့ နှစ်တိုင်းဈေးကွက်မာတယ်။ တစ်ပိဿာကျပ် ၁၃၀၀၊ ၁၄၀၀ ပေါက် ဈေး ရှိပါတယ်။ ဒန့်သလွန်စေ့အရင့်ခြောက်က တစ်ပိဿာကျပ် ၇၀၀၀ နဲ့ ဈေးစပွင့်တယ်။ ပြီးခဲ့တဲ့နှစ်လလောက်က လေးသောင်းခွဲထိဈေးတက်လာတယ်။

"ဈေးကွက်ကမငြိမ်တဲ့ သဘောပေါ့။ ဘာပဲပြောပြော မရှက်မကြောက်ဘဲ အရပ်ထဲလည်ဒူးရင်တောင် တစ်ရက်တစ်သောင်း၊ တစ်သောင်းခွဲလောက်တော့ ရနိုင်ပါတယ်။ တရုတ်စံကားပွင့်လို့ခေါ်တဲ့ ပန်းခြောက် မနှစ်က ကျပ် ၂၇၀၀၀ ဒီနှစ်ရောက်တော့ ကျပ် ၄၀၀၀ ဈေးထိ ထိုးကျသွားတယ်။ ကြိမ်သီးကတော့ ပဲခူးရိုးမနဲ့ အနောက်ရိုးမဒေသတွေကအထွက်များပြီးတော့ အစေ့၊ အခွံပါတစ်တင်းကို ကျပ် ၁၇၀၀၀ နဲ့ဝယ်ရပါတယ်။ တစ်ပိဿာကျပ် ၇၅၀၀ နဲ့ ပြန်ရောင်းရပါတယ်။

"မနှစ်က ပေသီးအခွံချွတ်တစ်တင်း ကျပ်နှစ်သောင်းခြောက်ထောင်ကနေဒီနှစ်ပိုင်းထဲမှာ သုံးသိန်းနှစ်သောင်းထိဈေးတက်သွားတယ်။ တစ်ခါတလေကျတော့လည်း ဈေးကွက်က လုံးလုံးပျောက်ချင်ပျောက်နေတတ်တယ်။ ပေတစ်သီး၊ ကျီးတစ်သားဆိုကြပေမယ့် ပေတစ်ပင်က ပေသီးတင်းအစိတ်ကနေ တင်းလေးဆယ်ကျော်ထိထွက်ကြတာကြောင့် ရွာတွေမှာ ပေပင်ကိုတန်ဖိုးကြီးသစ်ပင်တစ်ပင်လိုသဘောထားနေကြပြီ။

"ထန်းမြစ် မနှစ်ကတစ်ပိဿာကျပ် ၇၀၀၀ ဒီနှစ်ကျပ် ၁၂၀၀၀၊ လိပ်ပြာဉက မနှစ်တစ်ပိဿာကျပ် ၆၀၀၀၊ဒီနှစ်ကျပ် ၁၀၀၀၀ ကျော်၊ ရထားတွဲလို့ခေါ်တဲ့ တစ်လုံးဉက မနှစ်ကကျပ်၄၀၀၀ ဒီနှစ် ကျပ် ၈၀၀၀ထိဈေးတက်လာတယ်။ ပိုးစာဉကလည်း မနှစ်က ကျပ် ၄၀၀၀ ဒီနှစ်ကကျပ် ၆၀၀၀ ထိ ဈေးရလာပါတယ်" ဟုဈေးကွက်ပေါက်ဈေးများအားအဝယ်ဒိုင်တစ်ဦးက ရှင်းပြသည်။

အဆိုပါသစ်တောထွက်ပစ္စည်းများမှာ မိမိတို့ဒေသအတွက် ယခင်ကအမှိုက်များသာဖြစ်ခဲ့သော်လည်း မည်သို့အသုံးချရမည်ကို သိသောသူများကြောင့် သစ်တောထွက်ပစ္စည်းဈေးကွက်တစ်ခုဖြစ်ပေါ်လာကြောင်း ၎င်းကဆက်လက်ပြောသည်။

ဈေးကွက်တစ်ခုဖြစ်ပေါ်လာသည့်အတွက် မြို့နယ်၊ ကျေးရွာအသီးသီးရှိ ဒေသခံပြည်သူများအဖို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာသော်လည်း မန္တလေး၊ မူဆယ်အဝယ်ဒိုင်ကြီးများနှင့် ပင်မအရင်းအမြစ် တရုတ်ဝယ်လက်အပေါ်တွင်အဓိကမှီခိုနေရကြောင်း အရောင်းအဝယ်လုပ်သူတစ်ဦးက ပြောသည်။

ခိုင်မာသောဈေးကွက်တစ်ခုဖြစ်ထွန်းလာရန် ဈေးပြိုင်ဝယ်လက်များပေါ်ထွန်းလာပြီး ဒေသတွင်းထုတ်ကုန်သစ်များအတွက်အသုံးတည့်မှုများရှိရန် လိုအပ်နေသေးကြောင်း ၎င်းကဆိုသည်။

မြန်မာလူမျိုးအများစုသည် သစ်တောသစ်ပင်ကို ချစ်ခင်တတ်သောလူမျိုးဖြစ်သော်လည်း ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှု၊ လူနေအိမ်ခြေတိုးပွားလာမှု၊ ထင်းလောင်စာသုံးစွဲမှုလျော့ကျခြင်းမရှိမှု ၊တောမီးရှို့မှု၊ စီမံကိန်းလုပ်ငန်းများ ချဲ့ထွင်လာမှု၊ တရားမဝင်သစ်ခိုးထုတ်မှု စသည့်အခြေအနေများကြောင့် တစ်နှစ်ထက်တစ်နှစ် သစ်တောပြုန်းတီးမှုပိုမိုများပြားနေဆဲဖြစ်ကြောင်း ၎င်းဒေသခံက သုံးသပ်သည်။

မီးခိုးငွေ့များဖုံးအုပ်နေသော တရုတ်နိုင်ငံမြို့တော်ကြီးများကို ကုစားရန် တရုတ်နိုင်ငံမြောက်ပိုင်းတွင် မိုင်ပေါင်း ၂၈၀၀ ရှည်လျားမည့် သစ်ပင်မဟာတံတိုင်းကြီးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်နေကြကြောင်း မျက်မြင်များ၏ ပြောပြချက်အရသိရကြောင်း ဒေသခံများကပြောသည်။

မြန်မာနိုင်ငံတွင်လည်း သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပခြင်း၊ တရားမဝင်သစ်ခိုးထုတ်မှုများအားဖမ်းဆီးအရေးယူခြင်း၊ ဂေဟစနစ်များကောင်းမွန်လာစေရန် ဘေးမဲ့တောများအား ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"ထိန်းသိမ်းတာကတော့ လူသားတစ်ယောက်ရဲ့တာဝန်ပဲထားပါတော့။ ဒီတာဝန်ကို ကျေပွန်ချင်လည်း ကျေပွန်လိမ့်မယ်။ မကျေပွန်တဲ့သူတွေလည်း အများကြီးရှိလိမ့်မယ်။ သစ်တောသစ်ပင်တွေကရရှိတဲ့ သဘာဝအကျိုးအမြတ်အပြင် သယံဇာတအကျိုးအမြတ်တွေလည်း ရရှိနိုင်မယ်ဆိုရင် ဈေးကွက်ခိုင်မာပြီး ပုဂ္ဂလိကအကျိုးကိုလည်း မျှော်လင့်နိုင်မယ်ဆိုရင် မြန်မာလူမျိုးတွေအားလုံး သစ်တောသစ်ပင်ကိုချစ်ခင်တဲ့လူတွေ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု သစ်တောထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဒေသခံတစ်ဦးက သုံးသပ်ပြောကြားသည်။

**ဇေယျာတု(မကွေး)**

# မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာ အမှတ်(၂၅) အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဆိုင်းဘုတ်အား ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဖြူဝင်းနှင့် ကျောင်းအကျိုးတော်ဆောင် ရပ်မိရပ်ဖ ဦးမြဝင်းတို့က ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းသားမိဘများနှင့်တွေ့ဆုံ၍ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက ပုဗ္ဗသီရိမြို့နယ်အတွင်း ပညာရေးမြှင့်တင်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဖြူဝင်းက အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခြင်းဆိုင်ရာများအား ရှင်းလင်းပြောကြားခဲ့သည်။ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် ရေပြာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်အား ဥတ္တရခရိုင်ပညာရေးမှူး ဦးဘထွန်း၊ ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် ကျောင်းအကျိုးတော်ဆောင် ရပ်မိရပ်ဖ ဦးစိန်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရွှေကုဋ္ဋိ**

# ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် သီလရှင်ဝတ်စုံများ လှူဒါန်း

**ဟားခါး ဇွန် ၁၉**

ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ဟားခါးမြို့ သုခိတာရုံသီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် သီလရှင်ဝတ်စုံများ လှူဒါန်းခြင်းကို ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲ တွင် ယင်းသီလရှင်စာသင်တိုက်၌ ကျင်းပခဲ့သည်။ ယင်းသို့လှူဒါန်းရာ၌ ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝါဝါ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းနှင့်အဖွဲ့ဝင်များက သီလရှင်စာသင်တိုက်ဆရာကြီးဒေါ်သုစန္ဒာနှင့် သီလရှင်ဆရာလေးများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ သီလရှင်ဝတ်စုံများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဒေါက်တာဆွေဇင်လင်းက ကျန်းမာရေးအသိပညာပေး ဟောပြောကာ သီလရှင်ဆရာကြီး၊ ဆရာလေးများအား အခမဲ့ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

**ဟားခါးခရိုင်(ပြန်/ဆက်)**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

536 WHIING ST # 20,GRASS VALLEY , CA 95945,U.S နေ
KAW SHER - DAWN JASMINE BALTHAZAR တို့၏သား
မောင်မျိုးမင်းလေး
နှင့်
ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊
တိုက်အမှတ်(၁၁၇-B)နေ
ဦးဝင်းအောင်-ဒေါ်မြင့်မြင့်ဆွေတို့၏သမီး
မယဉ်မင်းသူ
တို့သည် ၁၆-၆-၂၀၁၅ရက်(အင်္ဂါနေ့)တွင် နှစ်ဖက်သောမိဘများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။ မောင်မျိုးမင်းလေး-မယဉ်မင်းသူ

## အိမ်/ခြံမြေရောင်းရန်ရှိသည်

(၁) တ/ဥက္ကလာ၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ ပေ(၂၀×၆၀) ဂရန်- နံကပ် (၂)ထပ်၊ အရှေ့လှည့် - ၄၅၀၀ L
(၂) မ/ဒဂုံ (၃၂) တိုးချဲ့၊ ဦးကြင်ဥလမ်း၊ ပေ(၆၀×၈၀)ဂရန် အမည်ပေါက် မြေသီးသန့် - ၄၅၀၀ L
(၃) ပြင်ဦးလွင်၊ မြတ်မင်္ဂလာကွက်သစ်၊ ပေ(၈၀×၁၆၀)၊ အုတ်စည်းရိုးခတ်ပြီး၊ လမ်း(၃)ဘက် - ၁၃၀၀ L
(၄) ရေစကြို၊ သနပ်ခါးခြံ (၁၄)ဧက၊ (၅)နှစ်သားအပင်(၁၅၀၀၀)ခန့်ပါ။ ရေစကြို/ချောင်းဦး လမ်းမကြီးအပေါ်၊ ပုံစံ(၇) ကျပြီး - ၁၅၀၀ L
(၅) ဒဂုံဆိပ်ကမ်း၊ (၆၀)ရပ်ကွက်၊ ပေ(၄၀×၆၀) ပါမစ် - ညှိနှိုင်း
ဆက်သွယ်ရန် ဖုန်း- ၀၉-၅၁၀၅၁၇၉၊ ၀၉-၅၁၅၆၄၉၅

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ(မြောက်ပိုင်း)၊ ကွင်းအမည်-ဂုံညင်းနီတောအရှေ့၊ ကွင်းအမှတ်(၅၂၉-C)၊ ဦးပိုင်အမှတ်(၂၃/၃)၊ ဧရိယာ(၀. ၃၄) ဧကအကျယ်အဝန်းရှိ ဦးဝင်းလှိုင်-ဒေါ်ခင်စန်းအမည်ပေါက် ရွာမြေအမျိုးအစား မြေကွက် အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဖြစ်သော ဒေါ်သော်တာလင်း[၁၂/ဥကတ(နိုင်)၁၂၄၄၉၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သူရ (မြောင်းမြ)
LL.B,A.G.T.I(EP), D.B.L,D.M.L, WIPO(SWITZERLAND)
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၁၀၈)
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး
အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၉၅၁၈၄၀၄၂

## အများသိစေရန် အသိပေးကြေညာခြင်း

လှိုင်သာယာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကွင်းကောက်လမ်း၊ အမှတ်(၆၄၁)နေ ကျွန်တော် ဦးသန်းညွှန့်[၁၂/အစန(နိုင်)၀၃၉၃၁၈]၏ ဇနီးဖြစ်သူ ဒေါ်ခင်သန်းလှိုင်[၁၂/မဘန(နိုင်)၀၀၅၀၃၁] သည် ၃၁-၅-၂၀၁၅ရက်တွင် ကျွန်တော်နှင့် သားသမီးများအား အသိပေးခြင်းမရှိဘဲ ရွှေ၊ ငွေ လက်ဝတ်လက်စားနှင့် နေအိမ် ဂရန်စာရွက်စာတမ်းများ ယူဆောင်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားခဲ့ပါသဖြင့် ကျွန်တော်ဦးသန်းညွှန့်သည် ဇနီးဖြစ်သူ ဒေါ်ခင်သန်းလှိုင်နှင့် (လုံးဝ) သက်ဆိုင်မှု မရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ကိစ္စအဝဝ အား(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းညွှန့်
[၁၂/အစန(နိုင်)၀၃၉၃၁၈]
အမှတ်(၆၄၁)၊ ကွင်းကောက်လမ်း၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

## လူပျောက်ကြော်ငြာ

ကျွန်တော်၏ ညီဖြစ်သူ ဦးသိန်းထွန်း [၁၂/မရက(နိုင်)၀၅၂၃၁၂]ဦးနှောက် အနည်းငယ်ချို့ယွင်းနေသူသည် ၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့) နံနက်ပိုင်းတွင် နေအိမ်မှ ထွက်ခွာသွားပြီး ပြန်မလာပါ၍ တွေ့ရှိသူများဆက်သွယ်အကြောင်းကြားပေးနိုင်ရေးအတွက်မေတ္တာရပ်ခံအပ်ပါသည်။
ဦးသန်းထွန်း(စက်မှု ၁/ငြိမ်း)
၁၈၊ ဓမ္မာရုံလမ်းမကြီး၊ လှိုင်မြို့နယ်၊
(၁၀)ရပ်ကွက်၊
စက်မှု(၁)/ဝန်ထမ်းအိမ်ရာဝင်း။
ဖုန်း-၀၉-၇၉၅၅၄၆၄၈၂

## MIYAKO CLINIC

(ဂျပန်အကြောပြင်ဆိုင်အတွက်)
ဝန်ထမ်းအမြန်အလိုရှိသည်။
မန်နေဂျာ(လစာ) (၃)သိန်း အင်္ဂလိပ်စာကျွမ်းကျင်ရမည်။
ဧည့်ကြို (လစာ) (၁ သိန်း ၂ သောင်း) အင်္ဂလိပ်စာအခြေခံ။
အကြောပြင် ဝန်ထမ်းလစာ (၁)သိန်း+ကော်မရှင်ပေးမည်။
နိုင်သားကြိုးစားမှုရှိသူအား လစာကောင်းကောင်းပေးမည်။
ဖုန်း 09-253789845, 09-259781636, 09-974694285

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနေအောင်ပိုင်[၁၂/အလန(နိုင်)၀၃၈၅၅၁]၏ PP No.M714569 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၂၅၉၂၇၀

## ပျောက်ဆုံးကြောင်း

မြဘေးဒီဗလော့ပမန့် ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်အမှတ်-၃၄၈၂/၂၀၁၄-၂၀၁၅သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၂၆၂၁၅

KMD Computer Centre
ISO
KMD မှာသင်တန်းအပ်ရင်း လက်ဆောင်များစွာရယူပါ . . . ။
Application Courses & Professional Courses
အဖေများနေ့တွင် သင်တန်းအပ်နံသူများအားလုံးကိုဗလာမပါဆုမဲပေါင်းများစွာမဲဖောက်ပေးပါမည်။
Happy Father's Day
21 . June . 2015
(တစ်ရက်တည်းသာ)
၃၈၁၀၃၅ ၃၉၁၂၈၆ | ၅၂၇၄၃၆ ၅၀၂၂၃ | ၂၂၀၅၅၅ ၂၃၀၃၀၈၁ | ၅၄၁၃၂၈ ၅၄၆၆၀၀ | ၅၂၄၄၀၀ ၅၀၅၃၉၉ | ၃၈၄၂၆၈ ၃၈၄၆၄၁ | ၆၆၀၈၈၇

# STRATEGY FIRST INSTITUTE



တက္ကသိုလ်ဝင်တန်းအောင်လူငယ်များ ဘဝတက်လမ်းဖြောင့်ဖြူးစေမည့်

## NCC education Diplomas in Business

Awarding Great British Qualifications




L4DB သည် ဗြိတိသျှတက္ကသိုလ် စီးပွားရေးပညာဘွဲ့ ပထမနှစ်နှင့် ညီမျှသော ၆-လ Semester နှစ်ခုပါဝင်သော တစ်နှစ်သင်တန်းဖြစ်ပါသည်။ L4DB ပြီးဆုံးပါက UKတက္ကသိုလ်များတွင် စီးပွားရေးဘွဲ့ ဒုတိယနှစ် (သို့) မြန်မာနိုင်ငံတွင် ဆက်လက်တက်ရောက်လိုပါက ဒုတိယနှစ်နှင့် ညီမျှသော NCC L5DB တစ်နှစ်သင်တန်းကို ထပ်မံတက်ရောက်နိုင်မည် ဖြစ်ပါသည်။ L5DB ပြီးဆုံးပါက UK (သို့) ဩစတေးလျတွင် နောက်ဆုံးနှစ်သို့ တိုက်ရိုက် တက်နိုင်သလို မြန်မာနိုင်ငံမှလည်း UK စီးပွားရေးဘွဲ့ရယူနိုင်ရန် အခွင့် အလမ်းများရှိပါသည်။ ပထမ အပတ်စဉ်ကို ဇွန်လ (၂၉) ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ NCC စီးပွားရေး ဒီပလိုမာများကို စီးပွားရေးပညာများနှင့် လိုအပ်သော အင်္ဂလိပ်စာ၊ ကွန်ပြူတာ ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံရေး ဦးဆောင်မှုစသည့် အခြေခံ ကောင်းများရရှိစေရန် သင်ကြားပေးပါသည်။ အဝေးသင် နှင့်တွဲတက်ရန်လည်း အဆင်ပြေ ပါသည်။

### L4DB First Semester ဘာသာရပ်များ

1. Business Mathematics - Mondays: 9:00 AM to 12:00 PM
2. Fundamental of Economics - Tuesdays: 9:00 AM to 12:00 PM
3. Introduction to Finance - Wednesdays: 9:00 AM to 12:00 PM
4 Communication for Business - Thursdays: 9:00 AM to 12:00 PM
5 Introduction to Entrepreneurship - Fridays: 9:00 AM to 12:00 PM

### L4DB Second Semester ဘာသာရပ်များ

6 Essentials of Management | 7 Understanding Business Organisations | 8 e-Business | 9 Principles of Marketing | 10 ICT Skills

### လူငယ်တို့၏အနာဂတ်အတွက် အကောင်းဆုံးပြင်ဆင်ပေးခြင်း

စာတွေအပြင် လက်တွေ့စဉ်းစား ဆောင်ရွက်နိုင်ရန် Field Trip များ၊ Project များဖြင့် ပြည်တွင်းပြည်ပဆရာ/မများက သင်ကြားပေးပါသည်။ NCC စီးပွားရေး ဒီပလိုမာ ရရှိထားသူများသည် တစ်ချိန် မိသားစုလုပ်ငန်း ဦးဆောင်နိုင်ရန်၊ ကိုယ်ပိုင်လုပ်ငန်း စတင်နိုင်ရန် ပြင်ဆင်ပေးသလို၊ စီးပွားရေးနယ်ပယ်တွင်လည်း နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သော စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်း ကောင်းများလည်း ရရှိနိုင်မည်ဖြစ် ပါသည်။

### သင်တန်းကြေးနှင့် Scholarships

ဘာသာရပ်အားလုံးအတွက် တစ်နှစ်စာ
L4DB Tuition Fees: 2,980,000 Ks
L4DB NCC Assessment Fees - 320 GBP
သင်တန်းကြေးကို အရစ်ကျလည်း ပေးသွင်းနိုင်ပါသည်။
ဘောဂဂုဏ်ထူး - ၂၀% Scholarship
ဂုဏ်ထူး ၁ ဘာသာ - ၁၀% Scholarship
ဂုဏ်ထူး ၂ ဘာသာ - ၂၀% Scholarship
ဂုဏ်ထူး ၃ ဘာသာ - ၃၀% Scholarship
ဂုဏ်ထူး ၄ ဘာသာ - ၄၀% Scholarship
ဂုဏ်ထူး ၅ ဘာသာ - ၅၀% Scholarship
အင်္ဂလိပ်စာ ၆၀ မှတ်ကျော်လျှင် ၁၀% ထပ်တိုးScholarship
ဂုဏ်ထူး ၆ ဘာသာ - ၇၅% Scholarship



### ဝင်ခွင့်သတ်မှတ်ချက်

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS 5.5 ရရှိရန် ဖြေဆိုရပါမည်။ IELTS အတွက်လည်း သင်တန်းမှ ပြင်ဆင်ပေးပါသည်။ အင်္ဂလိပ်စာ အဆင့် သတ်မှတ်နိုင်ရန် အားလုံးသင်တန်းဝင်ခွင့်ဖြေ ဆိုရပါမည်။



### L4DB နှင့်L5DBအပြီးတွင် စီးပွားရေးဘွဲ့အတွက် ဆက်လက်တက်ရောက်နိုင်သော တက္ကသိုလ်များ

UK: Birmingham City University | De Montfort University | Kingston University, London | London Metropolitan University | Nottingham Trent University | Oxford Brookes University | Plymouth University | University of Northampton | University of Central Lancashire | University of Wolverhampton | University of Worcester | Westminster Business School | Glasgow Caledonian University | Bangor University | Australia: Southern Cross University

### စီးပွားရေးပညာ ကျောင်းသား သူများအတွက် အနာဂတ်အခွင့်အလမ်းများ Seminar

စီးပွားရေး ကျောင်းသား/သူများအတွက် အနာဂတ်တွင် ရရှိနိုင်သော အလုပ်အကိုင်နှင့် အခွင့်အလမ်းများကို ဆရာဦးအောင်ချစ်ခင်မှ ဟောပြောပေးမည် ဖြစ်ပါသည်။ NCC Education ၏ Business Diploma များ အကြောင်းကိုလည်း တာဝန်ရှိသူများက ဆက်လက်ရှင်းပြ ဆွေးနွေးမည် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသော ကျောင်းသား/သူများ၊ မိဘများ ကြွရောက်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂၀၁၅ ဇွန်လ ၂၃ ရက် (အင်္ဂါနေ့) - နေ့ခင်း ၁နာရီမှ ၃နာရီ
နေရာ - STRATEGY FIRST INSTITUTE ပန်းခြံတာဝါ
ဆွေးနွေးပွဲ တက်ရောက်လိုပါက ဖုန်းနံပါတ်- ၀၉ ၂၅၀၇၁၇၁ ၆၆ ~ ၆၈၊ ၀၁ ၅၃၉၁၃၂ သို့ စာရင်းပေးသွင်းနိုင်ပါသည်။



STRATEGY FIRST တွင် ဆေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အချို့ MLM လုပ်ငန်းများနှင့် ၎င်းတို့၏ ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။

Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

**CALL NOW: (09) 250 7171 66 ~ 68**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၀/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-021(15-16) | 5"Drill Pipe(5000)Meter | US$ |
| (၂) | IFB-022(15-16) | 5"Heavy Weight Drill Pipe(50)Nos | US$ |
| (၃) | IFB-023(15-16) | 6 1/2", 7 3/4" & 8" Drill Collars (3)Items | US$ |
| (၄) | IFB-024(15-16) | 13 3/8", 9 5/8" & 5 1/2" Casing Shoe & Collar (16)Items | US$ |
| (၅) | IFB-025(15-16) | BJ Cementing Unit Spares (30)Items | US$ |
| (၆) | IFB-026(15-16) | Assorted Sizes of Casings | US$ |
| (၇) | IFB-027(15-16) | Electrical Spares (22)Items for HDD Rig | US$ |
| (၈) | IFB-028(15-16) | Spares for HDD Rig (10)Items | US$ |
| (၉) | IFB-029(15-16) | Pump Spares for D3 T2 Drilling Rigs (23)Items | US$ |
| (၁၀) | IFB-030(15-16) | F 1000 Rig Pump Spares Ex D3 T2 Drilling Rigs (23)Items | US$ |
| (၁၁) | DMP/L-005(15-16) | Spares for SINO Truck (20 Ton Long Body) | KS |


၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၅-၇-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**




## ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
## MECHINICAL CAR PARKING



Side View
Front View






Plan View
Front View

TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.48.48

အမှတ်(၃၁)၊ အခန်း (၅)၊ ၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်။





# Queen's Rose

**အာမခံဖြင့်အဆီချလုပ်ငန်းနှင့် ကိုယ်ကာယသင်တန်း**

- ကျား/မ မရွေး ပေါင် ၂၀ ၊ ပေါင် ၃၀၊ ပေါင် ၄၀ နှင့် အထက် အဆီကျလိုသော အဝလွန်သူများအတွက် **Heavy Weight Loss Program**
- ဆိုင်ပြန်ဖွင့်လိုသူများအတွက် နိုင်ငံတကာအဆင့်မီ **Cellulite and Slimming Massage Course**

**ရန်ကင်း (ရွှေအုန်းပင်အိမ်ရာ ၂) - 09-73012477**
**တာမွေ - 09-73177877, ကျွန်းတောလမ်း - 09-73225563,**
**လသာ - 09-73225531**

ကျစ် လျစ် သွယ် လျ အ ဆီ ကျ လု ပ


## ဝမ်းမြောက်ဂုဏ်ယူစွာ သာဓုခေါ် ဆိုခြင်း

မိခင်ကြီး ဒေါ်တင်တင်အေးနှင့် အတူနေမိသားစုသည် သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ ထွက်မြောက်ရာအမှန် မြတ်နိဗ္ဗာန်ရွှေပြည်ကို လျင်လျင်မြန်မြန် မြင့်မြတ်သော အဘိဓမ္မာဉာဏ်ဖြင့် ကူးမြောက်နိုင်ရန်အတွက် အထောက်အပံ့ဖြစ်စေခြင်းငှာ ကွယ်လွန်သူ ဖခင်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ (ငြိမ်း)အား ရည်စူး၍ မှော်ဘီမြို့နယ်၊ သဲဖြူကျေးရွာ၊ အဂ္ဂမဓမ္မသာသနပါလတောရကျောင်းတိုက် မူလပဓာနဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မအား ဒေါ်တင်တင်အေး ပိုင်ဆိုင်သော အမှတ်(၇၀/က)၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ငွေဝတ်မှုန်ရိပ်သာ၊ ဗဟန်းမြို့နယ်ရှိနေအိမ်ကို ၁၉-၆-၂၀၁၅ရက်တွင် ရေစက်ချ လှူဒါန်းပြီးဖြစ်ပါသောကြောင့် မိမိတို့၏အလှူဒါနကုသိုလ်ကို ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား ဝမ်းမြောက်ဂုဏ်ယူစွာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန် မျှဝေပါသည်။

**အတူနေ သမီး ဒေါ်ဥမ္မာထွန်း-ဦးမင်းသွင် မိသားစု**
**သား ဦးအောင်သူ မိသားစု**


**WEBS**
**IELTS, 4 Skills, Business English**
> သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကအောင်လက်မှတ် ရရှိမည်။ သင်ကြားသည့်ဆရာ-ဆရာစိုးဝင်းနိုင်သည်
> အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခွင့်ရခဲ့။

**အင်္ဂလိပ်စာသင်တန်းများ**
**095151398 လှည်းတန်း။**



**HILUX-SURF(96)**
ငှားမည်။
ဒီဇယ်-(နက်ပြာ)
၁လ-၆သိန်း၊ စပေါ် ၁-လစာ
Ph:01-705380, 09-5131831



## သွေးသည်အသက်


## ငှားရမ်းရန်ရှိသည်(ပွဲစားမလို)

သာကေတမြို့နယ်၊ သာကေတစက်မှုဇုန်ရှိ မြေဖို့ပြီး၊ ခြံခတ်ပြီး၊ ကျောက်လမ်းခင်းပြီးသော မြေဧရိယာ(၁. ၅၇)ဧကရှိ မြေကွက်နှင့် 50Ton/25Ton Crane များ ငှားရမ်းရန်ရှိသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ-၀၁-၈၅၀၀၅၁၄၊ ၀၁-၈၅၀၀၅၁၆၊ ၀၉-၅၁၂၆၁၀၆၊ ၀၉-၅၁၈၇၁၅၁၊ ၀၉-၄၂၁၀၂၈၂၅၂**








**TOEFL IBT, GRE CBT & GMAT Registration & Testing Center**

# Link2Link Technology

အွန်လိုင်းစာမေးပွဲများကို တိုက်ရိုက်စစ်ဆေးပေးနေသော **Link2Link Test Center** တွင်
**TOEFL IBT, GRE Computer Base** နှင့် **GMAT** စာမေးပွဲများ
Register လုပ်ပေးခြင်း၊ အမှတ်စာရင်းများကို တိုက်ရိုက်ပို့ပေးခြင်းနှင့် လိုအပ်သော ဝန်ဆောင်မှု များကို ပြုလုပ်ပေးနေပါသည်။

ETS
TOEFL and GRE Tests
GMAT

Email: info@link2linktech.com
Web: www.link2linktech.com
+951 652 321, 652 316
+959 4211 746 73
Test Center Address : Room 6, Building 7,MICTDC, Hlaing Township, Yangon, Myanmar






**ဂျစ်ပ်ဆမ် မြေဩဇာရောင်းရန်ရှိသည်။**

**United Masterpiece Mining Co., Ltd.**
အမှတ်(၈၉၈)၊ သုခမွာ(၄/၆)၊ ရန်ကုန်ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၆၄၅၄၁၀၊ ၀၁ ၆၄၅၄၂၀၊ ၀၉ ၄၇၁၀၃၂၉၂၊ ၀၉ ၄၂၀၀၆၆၀၉၃၊ ၀၉ ၄၉၃၂၃၅၃၀

## ကြော်ငြာ


**မဟာခရီး ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း**

သီရိလင်္ကာ-ကန္ဒီဗုဒ္ဓမြတ်စွယ်တော်-အနုရာဓပူရမူလဗောဓိပင်-ထူပါရာမ-မဟိယင်္ဂဏ တိဿမဟာရာမ(နဖူးသင်းကျစ်တော်)၊ နာဂဒီပကျွန်း(ပင်လယ်ကမ်းခြေ) ကလျာဏီသိမ်၊ ဂင်္ဂါရာမ ပေါလောနာရုဝ၊ အာလုဝိဟာရ၊ မဟိန္ဒလေ၊ မဟာစေတီ၊ ကာလုတ္တရ၊ ဒမ္ဗုလလိုဏ်ဂူ ဝန်ကောက်-မြဘုရား၊ အယုဒ္ဓယ၊ နကွန်ပသွန်၊ ပတ္တရား၊ ချင်းမိုင်၊ မယ်ဆိုင်၊ ရွှေတြိဂံ

ရန်ကုန် -(၃၈)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း...၊ ဖုန်း- ၂၂၇၃၂၂

မန္တလေး -၄၁၄၊ ၈၂ လမ်း၊ ၃၂×၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း - ၀၉ ...

သီရိလင်္ကာ


**ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း**

(LL.B.)နှင့်ဆက်သွယ်ပါ၊(ပိတ်ရက်မရှိ)
01-394727, 01-399426 09-73009994-
တိုက်(၃၅)၊လမ်း(၈၉)မြေညီ ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ဝမ်းမြောက်စွာဂုဏ်ပြုပါသည်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီး ဒေါ်မြင့်မြင့်ဝင်း(အန်တီဘေဘီ) (ကွယ်လွန်)၏ ပညာရေး ငွေပဒေသာပင် ကျပ်သိန်း၂၅၀လှူဒါန်းမှုအတွက် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများအားလုံးက ဒေါ်မြင့်မြင့်ဝင်း၏ တူ၊ တူမ မိသားစုများအားလုံးကို ဝမ်းမြောက်စွာဂုဏ်ပြုပါသည်။

ဒေါ်မြင့်မြင့်ဝင်း(အန်တီဘေဘီ)ရောက်ရာဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ. . .

**ပဲခူးတိုင်းဒေသကြီး**
**မင်းလှမြို့နယ်အသင်း(ရန်ကုန်)**

**condo ရောင်းမည်/ငှားမည်**

King Tower (နီနီဓာတ်ခွဲခန်း)
အပေါ်-၇လွှာ၊ ပေ(၃၆×၈၃)
5-A/C, 4 MBR, 5-Toilets.
7000L/ 28L
Ph:-095140141, 5125225


**BOSS အဆင့်မြင့် ပါကေးအခင်းကြမ်းခင်း**

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ

Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381


ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

**မီးသတိပြု**


Since 2009

**Yay Set Group**

Computer Programming - Computer

Hot Line 09 421170193 ကြည့်မြင်တိုင် မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး



**ရာပြည့်® ကြက်လည်ဆံလက်ဖက်ခြောက် အဖန်ရည်**

ရာပြည့်ဆေး၀ါးထုတ်လုပ်ရေး yarpyaenine@gmail.com

Super One









Let's develop young leaders together!

MIC
Myanmar Imperial College




## Myanmar Imperial College မှသင့်အားကြိုဆိုပါသည်။

**Lecturer (Foreign/Local)**
- Master Degree/PhD in business or a related subject from an accredited institution, having knowledge about the UK educaiton system and familiarity with UK higher education. Good command in English.

**HR Manager**
- Any graduate with HRM diploma holder and preferably MBA holder, minimum five years experience in related field.
- Good interpersonal skills, negotiation skills, problem solving skills and leadership skills. Good command in English.

**Operation Manager**
- Degree in hospitality management, preferably a Master degree in Management with a minimum of (5)years experience.
- Ability to display independent leadership, interpersonal skills in a fast paced working environment. Good command in English.

**Finance Manager**
- Degree in Finance specialization, preferably ACCA professional with minimum of (3) years experience.
- Ability to display independent leadership and interpersonal skills in fast paced working environment. Good command in English.

**Assistant Marketing Manager**
- Must have qualification in Business Management, concrete knowledge and strong experience in service marketing.
- Ability to display independent leadership and interpersonal skills in fast paced working environment.
- Having knowledge of education industry. Good command in English.

**Marketing Consultant**
- Degree in marketing related field, preferably with experience in eduction sector. Strong and confident communicator.
- Excellent copywriting skills. Good command in English.

**Marketing Officer**
- Previous experience in a similar marketing role. Ideally a degree marketing despite not essential, strong and confident communicator.
- Good command in English.

**Accountant, Librarian, Receptionist, Office Staff** posts are also warmly welcome.

အမှတ် ၆၂ (C)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
hr.micedumm@gmail.com
www.mic-education.com
09 73210001/ 01 537562

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ် (က/၁၇၂/B)၊ မြေကွက်တည်နေရာအမှတ်(က/၁၇၂/B)၊ ရိုးကြီးချောင်းပတ်လမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ (ဦးကျော်မင်း၊ ဒေါ်ရီရီချို) အမည်ပေါက်(၂၅)နှစ်ဂရန်မြေအား အမည်ပေါက်(၂)ဦးအနက် ဒေါ်ရီရီချိုမှာ ၂၁-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် အမည်ပေါက် တစ်ဦးဖြစ်ပြီး ခင်ပွန်းတော်စပ်သူ ဦးကျော်မင်း၊၇/ပတတ(နိုင်)၀၄၈၁၅၅မှ တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မိတ္တူတို့ကိုတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၅၊ မြေကွက်အမှတ်-၃၀၉၊ မြေကွက်တည်နေရာ-အမှတ်(၃၀၉)၊ ရိုးမရိပ်သာလမ်း၊ (၁၀၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးလှယုံ[၁၂/သကတ(နိုင်)၁၀၀၇၀၀] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှယုံထံမှGP $\frac{၉၇၁၉}{၄-၁၁-၁၃}$ ရသူ ဦးခင်ရွှေ [၁၂/သယက(နိုင်)၀၂၉၂၀၀]က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီးပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှုရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိသော ပတ်ဝန်းကျင်ကောင်းတစ်ရပ် ကြိုးပမ်းဖန်တီးပေးလျက်ရှိ**

စာမျက်နှာ - ၈



# ဝေဠုဝန ကျောက်စိမ်းစေတီမြတ်ကြီးတွင် လာရောက်ဖူးမြော်သူများနှင့်စည်ကားလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာ၌ တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဦးဆုံး ဝေဠုဝနကျောက်စိမ်းစေတီမြတ်ကြီးအား ထီးတော်တင်လှူပြီးချိန်မှစ၍ ဘုရားဖူးများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိရာ ဗုဒ္ဓဘာသာဝင်များ ဥပုသ်သီလဆောက်တည်ရာ ဥပုသ်နေ့နှင့် လပြည့် လကွယ်နေ့များတွင် အထူးစည်ကား များပြားလျက်ရှိသည်။ ပြီးခဲ့သည့် ဇွန် ၁၆ ရက်(နယုန်လကွယ်နေ့)တွင် ဘုရားဖူးပြည်သူများ တစ်သိန်းကျော် လာရောက်ဖူးမြော်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ရန်နိုင်)**

# မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်း

၁။ (၂၁-၅-၂၀၁၅)ရက်နေ့တွင် တပ်မတော်(ရေ)က ကယ်ဆယ်ထားသည့် လှေစီးသွားလာသူ ၂၀၀ အနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် အတည်ပြုပြီးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၀ ကို (၈-၆-၂၀၁၅)ရက်နေ့တွင် နှစ်နိုင်ငံနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ တရားဝင် ပြန်လည်လွှဲပြောင်းပြီးဖြစ်ပါသည်။ ယခုတစ်ဖန် ကျန်ရှိသူများအနက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် စိစစ်အတည်ပြုပြီးသူ ၃၇ ဦးကို (၁၉-၆-၂၀၁၅)ရက်နေ့ မွန်းလွဲပိုင်းတွင် တောင်ပြို(လက်ဝဲ)နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအနီး မြန်မာနိုင်ငံဘက်ခြမ်း မဏ္ဍပ်ငယ်၌ နှစ်နိုင်ငံ အလံတင် အစည်းအဝေးကျင်းပကာ လွှဲပြောင်းခြင်းအခမ်းအနားကို ပြုလုပ်ခဲ့ပါသည်။

၂။ ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်၊ ယာယီဒုတိယရဲမှူးကြီး ကျော်တေဇ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် မူဟာမတ် မဟာဘူဘာရာမန်၊ အမှတ်(၁၇) နယ်ခြားစောင့်တပ်ရင်း(ကော့ဘဇား)တပ်ရင်းမှူး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး၊ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ ဦးစီးအရာရှိအဆင့် ဗိုလ်မှူး နှစ်ဦးတို့ အထူးဧည့်သည် လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။ ယင်းအခမ်းအနားတွင် မြန်မာဘက်မှ ဒုတိယ ခရိုင်လူဝင်မှုကြီးကြပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ကယ်ဆယ်ထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၃၇ ဦးကို လွှဲပြောင်းပေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်ဘက်မှ အမှတ်(၁၇)နယ်ခြားစောင့်တပ်ရင်း ဒုတပ်ရင်းမှူး ဗိုလ်မှူးအင်မရာ က လွှဲပြောင်းလက်ခံယူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်ခေါ်ဆောင်သွားခဲ့ပါသည်။

၃။ (၂၁-၅-၂၀၁၅)ရက်နေ့တွင် ကယ်ဆယ်ထားပြီး ယာယီစောင့်ရှောက်ထားသူ ၂၀၀ အနက် နိုင်ငံသားစိစစ်မှု ဆောင်ရွက်ဆဲဖြစ်သည့် ကျန်ရှိသူ ၁၃ ဦးနှင့် (၂၉-၅-၂၀၁၅)ရက်နေ့တွင် ကယ်ဆယ်၍ ယာယီစောင့်ရှောက်ထားသူ ၇၀၀ ကျော်တို့ကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ တာဝန်ရှိသူများက ဆက်လက်စိစစ်မှုများ ပြုလုပ်လျက်ရှိပါသည်။ စိစစ်အတည်ပြုမှုများ ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဇွန် ၁၉**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် အကြံပြုအပ်ပါကြောင်းဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

## ယနေ့ မာတိကာ

တူညီသည့်ဝန်းကျင် တည်ဆောက် — စာမျက်နှာ - ၂
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း — စာမျက်နှာ - ၅
ဇွန် ၁၇ ရက်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၈၄၇၅ ဦးရှိပြီး သေဆုံးသူ ၃၇ ဦးရှိ — စာမျက်နှာ - ၆




themirror.npt@gmail.com
www.facebook.com/themirrordaily